Lu Nyo Chaw

# လူညိုချော

## အတ္တချွတ်ပွဲ

လုံးချင်းဝတ္ထုသစ်

# လူညီချော

အဆွာချက်ပွဲ

ထုတ်ဝေခြင်း - ၂၀၁၄ ခုနှစ်၊ ဇွန်လ

ပထမအကြိမ်

မျက်နှာဖုံးပန်းချီ - Chit Win Shein

အုပ်ရေ - ၅၀၀ အုပ်

ထုတ်ဝေသူ - ဦးအောင်ကိုဦး (ယာယီ - ၁၉၄၈)

အောင်မြင့်မြတ် စာပေ

အမှတ် (၂၄၃)၊ (၃၅) လမ်း၊ မြေညီထပ်

ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

အတွင်း/မျက်နှာဖုံးပုံနှိပ် - ငါတို့စာပေ ပုံနှိပ်တိုက်

အမှတ် (၇၄)၊ ကောက်သွယ်လမ်း၊

သုဝဏ္ဏမြို့နယ်၊ ရန်ကုန်။

တန်ဖိုး - ၁၃၀၀ ကျပ်

၈၉၅ . ၈၃

လှူညီချော

အတ္တချုပ်ပွဲ / လှူညီချော။ - ရန်ကုန်။

အောင်မြင့်မြတ်စာပေ၊ ၂၀၁၄။

၁၈၀ - စာ၊ ၁၈ X ၁၂ စင်တီ။

(၁) အတ္တချုပ်ပွဲ

ကျွန်တော်က ...
မေမေ့ရဲ့ နယ်ရုပ်လေး တစ်ရုပ်ပါ၊
အဲဒီအတွက် ကျွန်တော့်မှာ လုပ်ပိုင်ခွင့်တွေ
မာနတွေ၊ သတ္တိတွေ ဘာတစ်ခုမှ မရှိခဲ့ဘူး၊
ဒါပေမယ့် ...
အချစ်အတွက်
တစ်ခါလောက်တော့
ကျွန်တော် သတ္တိရှိဖူးချင်ပါတယ် ...။

စွမ်းထက်သန့်

ကျွန်မ လွယ်ထားရတဲ့ ရင်သွေးဟာ
ရှင်တို့ မင်းမျိုးမင်းနွယ်ရဲ့
သိပ်အဖိုးတန်လှတဲ့ နောက်ဆုံးမျိုးဆက်ဆိုရင်
ကျွန်မစကားကို ရှင် ကောင်းကောင်းမှတ်သွားလိုက်
ရှင်တို့ မျိုးရိုးတုံးပြီသာမှတ် ...။

ချစ်သည်းပုံ

အတွေ့ကြီးတယ်ပဲဆိုဆို ...
မာနထောင်လွှားတယ်ပဲ ပြောပြော
ငါဘာကိုမှ ဂရုမစိုက်ဘူး ...။
ငါဂရုစိုက်တာ ငါ့မျိုးရိုးပဲ
ငါတို့မျိုးရိုး တင့်တယ်ဖို့ဆိုရင်
ဘာကိုပဲ ချုနင်းရ ချုနင်းရ
ငါကတော့ အပြုံးမပျက် နင်းသွားမှာပဲ ...။

ဒေါ်ဒေဝီနန်းမြတ်

# အခန်း(၁)

သူက ထမင်းစားခန်းထဲကို ရောက်လာတော့ မေမေက breakfast ဝိုင်းမှာ ရောက်နေပြီ။ ဆံထုံးလေးထုံးကာ ရင်ဖုံးအင်္ကျီ၊ ချိတ်ထဘီလေးနဲ့ မေမေဟာ အသက်ငါးဆယ်နားနီးပြီ ဖြစ်သော်ငြား လှပဆဲပါပဲ။

ပြီးတော့ ... အဲဒီအလှကို ပိုပြီးကြွသွားစေတာက မေမေ့မျက်ဝန်းထဲမှာ အမြဲတမ်း ကိန်းအောင်းနေတတ်တဲ့ ရာဇသွေး ရာဇနွယ်ဆိုတဲ့ အရိပ်အယောင်တွေပါပဲ။

"မောနင်း မေမေ"

"ဟော ... သား နိုးပြီလား"

"ဟုတ်ကဲ့"

"လာ သား ... ထိုင်၊ ဒီမှာ သားကြိုက်တဲ့ နန်းကြီးသုပ်ကို ငါးဖယ်နိုင်နိုင်နဲ့ မေမေ သုပ်ပေးထားတယ်"

"မေမေက အကြားအမြင် ရနေတယ်နဲ့ တူတယ်၊ ညကတောင်

စဉ်းစားနေသေးတာ၊ မေမေ့ကို နန်းကြီးသုပ် လုပ်ကျွေးခိုင်းဦးမှာ ပဲလို့၊ မစားရတာ ကြာပြီလေ”

မေမေက ပြုံးကာ သူ့ရှေ့မှာ မှောက်ထားသည့် ကော်ဖီပန်းကန်လုံးထဲသို့ ကရားထဲမှ လက်ဖက်ရည်အချို့ ငှဲ့ထည့်ပေးသည်။

“ဒါနဲ့ ဒီနေ့က သား အလုပ်ပိတ်တယ် မဟုတ်ဘူးလား။ ပြင်ဆင်ထားပုံထောက်တော့ ဘယ်သွားမလို့တုန်း”

“အလုပ်ကတော့ ပိတ်တယ် မေမေ၊ ဒါပေမဲ့ ဒီနေ့ နိုင်ငံခြားသားဧည့်သည်တွေ လာမှာဆိုတော့ လေဆိပ်ကို သွားကြိုပေးရမှာ၊ မေမေ ဘာများခိုင်းစရာရှိလို့လဲ မသိဘူး”

“မရှိပါဘူး သားရယ်၊ ဒီလိုပဲ မေးကြည့်တာပါ”

“ဟုတ်ကဲ့ ... ဟိုတယ်မှာလည်း သူတို့အတွက် ဘွတ်ကင်လုပ်ပေးထားပြီးသားပါ သားက သွားကြိုပြီး အဲဒီကို ပို့ပေးခဲ့ရုံပါပဲ”

“ဒါဆို နေ့လယ်စာ ဒီမှာ ပြန်စားမှာပေါ့”

“အဲဒါတော့ မသေချာဘူး မေမေ၊ ဟိုတယ်မှာပဲ သူတို့နဲ့စားဖြစ်လိုက်ဖို့များတယ်၊ သားကို စောင့်မနေတော့နဲ့လေ၊ မေမေစားနှင့်လိုက်ပါ”

သားအမိနှစ်ယောက်သာ ရှိတော့သည့် သူတို့ဘဝမှာ မေမေ၏ စိတ်အာရုံ အားလုံးက သူ့အပေါ်မှာပဲ လုံးလုံးလျားလျားကို တည်ရှိနေတော့တာဖြစ်သည်။ မေမေက နေ့စဉ် သူ၏လုပ်ရှားသွားလာမှုတို့ကို သိထားရမှ စိတ်ချလက်ချနှင့် စားဝင်အိပ်ပျော်တတ်သူမျိုးပါ။

“ဒါဆို ညစာတော့ ပြန်စားဖြစ်အောင်စားကွယ်၊ မေမေ တစ်ယောက်တည်း ထမင်းစားရတာ ပျင်းလွန်းလို့၊ အလုပ်ဖွင့်တော့လည်း





အလုပ်နဲ့မို့ သားက ထမင်းကိုချိုင့်ဆွဲပြီး အလုပ်မှာပဲစား၊ အလုပ်ပိတ်တော့လည်း တခြားကိစ္စတွေနဲ့ သားက ထမင်းကို အပြင်မှာပဲစား၊ ဟုတ်တော့ မဟုတ်သေးပါဘူး၊ ပြေးကြည့်မှ ဒီသားအမိလေးနှစ်ယောက်ရှိတာကို နေ့စဉ်နဲ့အမျှ ထမင်းကို တကွဲတပြားစီစားနေရတာပဲ၊ အလုပ်တွေကိုလည်း ဘာလို့များ ဒီလောက် သိမ်ကျုံးပြီး လုပ်နေရတာလဲ သားရယ်၊ မေမေတို့မှာရှိတဲ့ စည်းစိမ်နဲ့ သားအလုပ်မလုပ်လည်း သားဆယ်သက် ထိုင်စားနေလို့ ရပါတယ်”

“မေမေရယ် ... ချမ်းသာတာ၊ ချမ်းသာတာက တစ်ပိုင်း၊ အလုပ်က အလုပ်တစ်ပိုင်းလေ၊ လူရယ်လို့ ဖြစ်လာရင် အလုပ်အကိုင်လေးနဲ့မှ ဘဝက အဓိပ္ပာယ်ရှိတော့မှာပေါ့၊ နိုင်ငံတကာမှာရှိတဲ့ အချမ်းသာဆုံး ပုဂ္ဂိုလ်ကြီးတွေ ဘယ်သူတွေများ ငါတအားချမ်းသာနေပြီဆိုပြီး အလုပ်မလုပ်တော့ဘဲ ထိုင်နေလို့လဲ၊ အကုန်လုံးအလုပ်လုပ်နေကြသေးတာပဲ မဟုတ်ဘူးလား”

“သူ့ပြောလိုက်ရင် ဒီလိုချည်းပဲ၊ ဒါဆို မေမေကျတော့ အလုပ်မလုပ်ဘဲ အိမ်မှာပဲ ငုတ်တုတ်ထိုင်နေရတာဆိုတော့ လူဖြစ်ရကျိုး အဓိပ္ပာယ်မရှိဘူးဆိုတဲ့သဘော ဖြစ်မနေဘူးလား”

“ဩော် ... မေမေကလဲ၊ မေမေက ငယ်ရွယ်စဉ်တုန်းက အလုပ်တွေ တအားလုပ်ခဲ့ပြီးသားလေ၊ သားကိုလည်း ဒီအရွယ်ရောက်အောင် ပြုစုပျိုးထောင်ပေးခဲ့ပြီးပြီ၊ အဲဒီတော့ မေမေက အလုပ်လုပ်စရာ မလိုတော့ဘူးလေ၊ ဇိမ်ယူရမယ့်အချိန် ရောက်နေပြီ၊ သားကတစ်လှည့် ပြန်လုပ်ကျွေးရမယ့် အချိန်လေဗျာ ... အခုက၊ ပြီးတော့ မေမေက ဘယ်မှာများ ငုတ်တုတ်ထိုင်နေလို့ဘဲ

တစ်နေ့ တစ်နေ့ အိမ်မှာ စီမံခန့်ခွဲနေရတာပဲ မဟုတ်လား။ တချို့ အလုပ်တွေဆိုရင် စီမံခန့်ခွဲရုံနဲ့ အားမရတော့ ကိုယ်တိုင်ဝင်ဝင် လုပ်နေတာပဲ မဟုတ်ဘူးလား၊ ဒါလည်း အလုပ်လုပ်တာပဲပေါ့၊ မဟုတ်ဘူးလား"

"ကဲ ... တော်ပြီ ... တော်ပြီ၊ မင်းကို မေမေ နိုင်အောင်မပြော နိုင်ပါဘူး၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ်၊ အလုပ် အလုပ်ချည်းပဲ လုပ်မနေနဲ့၊ အိမ်ထောင်ပြုဖို့လည်း စဉ်းစားဦး၊ မေမေ့မျိုးရိုးမှာ သားက နောက်ဆုံးမျိုးဆက် ဆိုတာကိုလည်း သတိရဦးနော်၊ သား အိမ်ထောင်ကျပြီး မေမေ့အတွက် မြေးလေးတွေ များများမွေး ပေးဖို့လည်း ခေါင်းထဲမှာ ထည့်ထားဦး၊ ဒါမှ မေမေတို့မျိုးရိုးမတိမ် ကောမှာ၊ မေမေ မသေခင် အဲဒီဆန္ဒတစ်ခုတော့ ပြည့်သွားချင် တယ်ကွယ်"

မေမေ့စကားကြောင့် သူက နန်းကြီးသုပ်စားခြင်းကို လက်စ သတ်လိုက်ပြီးနောက် ပြုံးလိုက်မိရင်း ...

"မေမေရယ် ... အချိန်တန်တော့ ဖြစ်လာမှာပေါ့"

"ဘယ်တော့လဲ၊ အဲဒီအချိန်က အခုပဲ သားအသက်က နှစ်ဆယ့် ခုနစ်နှစ် ကပ်လာပြီ၊ ငယ်တော့တာ မဟုတ်ဘူး"

"မေမေကလည်း သူများမိဘတွေဆို ကိုယ့်သားသမီး အိမ်ထောင် ပြုမှာ ကြောက်လွန်းလို့ အတင်းအကျပ်ကိုပဲ ကာကွယ်နေကြတာ၊ မေမေ့ကျမှ"

"ဒါကတော့ အခြေအနေချင်းမှ မတူတာကိုးကွယ့်၊ အခြေအနေ မတူတဲ့ အဖြစ်အပျက်နှစ်ခုကို နှိုင်းယှဉ်ပြလို့ မရပါဘူး"





သူက တစ်ချက်ပြုံးလိုက်မိသည်။ ဘာမှတော့ မပြောဖြစ် ပါ။ မေမေ့ထံမှ ဒီစကားမျိုးကို နေ့စဉ်နဲ့အမျှ ကြားနေရတာဆိုတော့ နား ထဲမှာ သိပ်မထူးဆန်းတော့ပါ။ မေမေ့ကိုလည်း သူ နား လည်ပေးလို့ ရပါသည်။

မေမေက ကိုယ့်မျိုးရိုးကို သိပ်တန်ဖိုးထား ဂုဏ်ယူတတ် သော အမျိုးသမီးတစ်ယောက် ဖြစ်နေသည် မဟုတ်ပါလား။

♥ ♥ ♥

ဆံပင်တွေ ရေစိုနေတဲ့ကြားက ပေါ်နေတဲ့ မျက်နှာမျိုးကို လိုချင်ပါတယ်ဆိုသည့် ဓာတ်ပုံဆရာရဲ့ အိုင်ဒီယာကြောင့် ခေါင်းကဆံပင်တွေကို ရေစွတ်ကာ မခြောက်တခြောက်သုတ်ပြီး ခန္ဓာကိုယ်အောက်ပိုင်းကိုလည်း တဘက်တစ်ထည် ပတ်ထားလိုက်ကာ အပေါ်ကတော့ ယောက်ျားဝတ်ရှပ်အင်္ကျီ အဖြူလက်ရှည်တစ်ထည် ခပ်ဖားဖားကို ကပိုကယိုဝတ်ကာ ဓာတ်ပုံအရိုက်ခံနေသည့် သူမက ပတ်ဝန်းကျင်ကို မေ့လျော့နေသည်အထိ ဓာတ်ပုံရိုက်ခြင်းမှာ စိတ်တွေကို နစ်မြုပ်ထားမိတာဖြစ်သည်။

"ဒီတစ်ခါ မျက်လုံးတွေက ကင်မရာကို မကြည့်နဲ့၊ ခေါင်းကိုနည်းနည်းလေး မော့ထားလိုက်၊ တအားကြီး မမော့နဲ့၊ နည်းနည်းပြန်ငုံ့၊ အိုခေ ... အဲဒီအတိုင်းနေ၊ ရိုက်မယ်"

ရိုက်နေတာက ဒီလောကရဲ့ ဩဇာကြီးတဲ့ နာမည်ကြီးဓာတ်ပုံဆရာတစ်ယောက်မို့ လုပ်ငန်းရှင်တွေကလည်း ဒီရှူတင်အတွက် အိုင်ဒီယာကို ဓာတ်ပုံဆရာစိတ်ကြိုက် ရိုက်ခွင့်ပေးထားခဲ့တာဖြစ်သည်။ ဓာတ်ပုံဆရာကလည်း သူ့နာမည်တစ်လုံးကို လွယ်လွယ်ကူကူရထား၊ တည်ထောင်ထားတဲ့သူ မဟုတ်လေတော့ သူ့စိတ်ကြိုက် မရမချင်းကို





မောင်းနေတော့တာဖြစ်ပြီး မော်ဒယ်လုပ်ရသည့် သူမမှာလည်း သိပ်မသက်သာလှ။

"မီးသမား ... ဆလိုက်မီးအကြီးကို ပိတ်လိုက်၊ အပြာရောင်မီးကို ဖွင့်၊ အေး ... ဟုတ်ပြီ၊ မျက်နှာကို အတည့်မထိုးနဲ့၊ တစ်ဖက်အခြမ်းကို အရိပ်ကျအောင်ထိုးပေး၊ နောက်ကို နည်းနည်းလေးရွှေ့ဦး၊ အိုခေ ... ရပြီ၊ အဲ့အတိုင်းထား၊ ရိုက်မယ် ..."

မနက်ကိုးနာရီလောက်ကနေ စရိုက်လိုက်တဲ့ ရှူတင်ဟာ ညနေ လေးနာရီလောက်ကျမှသာ ပြီးသွားတော့တာဖြစ်သည်။ ဒီတော့မှ သူမက သက်ပြင်းမောတစ်ခုကို မှုတ်ထုတ်လိုက်ကာ ပတ်ဝန်းကျင်ကို ပြန်လည်သတိရလာမိတော့တာဖြစ်သည်။

"ဟာ ... ကို၊ ဘယ်တုန်းက ရောက်နေတာလဲ"

"တစ်နာရီလောက် ရှိနေပြီ။ အနှောင့်အယှက် ဖြစ်မှာစိုးလို့ အသာထိုင်နေတာ၊ ပြီးသွားပြီလား"

"အင်း ... ပြီးပြီ"

"အိုခေ ... ဒါဆို တစ်ခုခု သွားစားရအောင်လေ၊ ပြီးရင် ကိုယ်ပြန်လိုက်ပို့ပေးမယ်"

"ကောင်းသားပဲ၊ တက္ကစီဖိုး သက်သာတာပေါ့၊ ခဏစောင့်နော်"

သူမက သူ့ကို ခဏစောင့်ခိုင်းထားလိုက်ကာ ကိုယ်ယူလာသည့် ပစ္စည်းပစ္စယတွေကို သွားသိမ်းထည့်၊ အဝတ်အစားလဲ၊ မိတ်ကပ်သမားနဲ့ ဓာတ်ပုံဆရာကိုလည်း နှုတ်ဆက်ကာ ပြန်ထွက်လာလိုက်သည်။

"လာ ... သွားရအောင်"

နှစ်ယောက်သား သူ့ကားရှိရာကို လျှောက်လာခဲ့လိုက်ကြသည်။

ကားပေါ်ရောက်လို့ ကားစက်နှိုးမယ် လုပ်ပြီးတော့မှ သူက မျက်မှောင်ကုတ်ကြည့်ကာ ...

"ခဏ"

ဟု ဆိုပြီး သူမဆံပင်တွေကို လာကိုင်ကြည့်သည်။

"ဆံပင်တွေက စိုလို့ပါလား"

"အင်းလေ ... ဆံပင်ရေစိုတာ လိုချင်တယ်ဆိုလို့ ခေါင်းကို ရေစွတ်ပြီး ရိုက်ထားတာ"

"ကျွတ် ... အထဲမှာကတည်းက hair dryer နဲ့ ခြောက်အောင်လုပ်ခဲ့တာ မဟုတ်ဘူး၊ သိပ်ပေါ့တာပဲ၊ ဖျားရင် ဘယ်လိုလုပ်မလဲ"

"သြော် ... ရိုက်ပြီးကာစတုန်းကတော့ အဲလိုလုပ်ဦးမလို့ပဲ၊ ဒါပေမဲ့ ကိုကိုတွေ့တော့ အကုန်လုံး မေ့သွားတာကိုးလို့"

"ကျွတ် ... နေဦး၊ ကိုယ် သုတ်ပေးမယ်"

သူက ပြောလည်းပြော လက်ကလည်း ကားနောက်ခန်းထဲက အိတ်တစ်လုံးထဲမှာရှိသည့် တဘက်တစ်ထည်ကို လှမ်းယူလိုက်ကာ ကိုယ်ကို သူမဘက်ကိုင်းလာရင်း သူမခေါင်းက ဆံပင်တွေကို ရေခြောက်အောင် လာသုတ်ပေးလေတော့သည်။

"ပေးပါ ... ကိုယ့်ဘာသာ သုတ်ပါမယ်"

"အသာငြိမ်နေစမ်းပါ။ ဒီက စေတနာနဲ့ သုတ်ပေးနေတာကို၊ ပြီးတော့ ပေါ့တီးပေါ့ဆနဲ့ ခေါင်းကို ခြောက်အောင်မသုတ်ရင် နှာစေးခေါင်းကိုက် ဖြစ်နေဦးမယ်"





သူမက ဘာမှမပြောတော့ဘဲ အသာလေး ငြိမ်နေလိုက်တော့သည်။

"ဟင်း ... သိပ်ပေါ့တာပဲ၊ ကိုယ့်ကိုယ်ကိုယ်မှ ဂရုမစိုက်ရင် ဘယ်သူက လာဂရုစိုက်ပေးမှာတဲ့လဲ၊ ပြောစမ်းပါဦး"

သူ့စကားကြောင့် သူမက ရယ်ကျဲကျဲလုပ်လိုက်ကာ သူ့ရင်ဘတ်ကို လက်တစ်ဖက်နဲ့ ပုတ်ပြလိုက်ရင်းက ...

"ဒီမှာလေ၊ ဒီမှာ တစ်ယောက်လုံး ရှိနေတာပဲဟာ ... ဟီး ဟီး"

ဆိုတော့ သူက သဘောတကျနဲ့ ပြုံးသည်။

"ဒါမျိုးကျတော့ တတ်တယ်"

နှစ်ယောက်သား အသံထွက်သည်အထိ ရယ်လိုက်မိကြသည်။ နောက်တော့ သူက သူမဆံပင်တွေကို သူ့စိတ်ကျေနပ်သွားသည်အထိ စိတ်ရှည်လက်ရှည် သုတ်ပေးနေတာဖြစ်သည်။

"ကဲ ... ခေါင်းကတော့ ခြောက်သလောက်ဖြစ်သွားပြီ၊ လုပ်အားခ ပေးတော့"

"အမ် ... ဖိုက်ဆံပေးရမှာလား"

"ဘယ်သူက ပိုက်ဆံတောင်းနေလို့လဲ"

"အဲဒါဆို ဘာပေးရမှာလဲ"

"ဒီမှာလေ"

ပြောရင်း ပါးတစ်ဖက်ကို ဖောင်းကားကားဖြစ်အောင် သူမဘက်ကို ထိုးပေးလာတာကြောင့် သူမက မျက်နှာကို တမင်ရှုံ့မဲ့ထား လိုက်ရင်း ...

"အယ် ... ဈေးကလည်း ကြီးလိုက်တာ"

"ဘာလဲ ... မပေးဘူးလား၊ အသာတကြည်မပေးရင် ကိုယ့်ဘာသာ ယူမှာနော်၊ အဲဒီကျတော့မှ မတန်တဆ ဖြစ်သွားမယ် ဈေးက ... ဘယ်လိုလဲ၊ ပေးတော့ကွာ၊ ကြာတယ်"

သူ့စကားကြောင့် သူမက မျက်စောင်းတစ်ချက်ကို မူနွဲ့နွဲ့ ဟန်နဲ့ ထိုးလိုက်ရင်း သူ့ပါးကို အနမ်းတစ်ချက် ခပ်ဖွဖွ နမ်းမွှေးပေး လိုက်သည်။

"အဲလို အသာတကြည် ပေးလိုက်ရင် ပြီးနေတာကို၊ ဟဲ ဟဲ ... အိုခေ၊ သွားရအောင်၊ ဘာစားချင်လဲ"

"ကြေးအိုးသောက်ချင်တယ်၊ YKKO နဲ့ နီးတာပဲ၊ အဲဒီကိုပဲ သွား ရအောင်လေ"

"အိုခေ"

ဒီလိုနဲ့ YKKO ကိုပဲ ထွက်လာခဲ့လိုက်ကြကာ ရောက်တော့ ကြေးအိုးနှစ်ပွဲမှာကာ ထိုင်နေလိုက်ကြသည်။

"ဒီနေ့က ဘာအတွက် ဓာတ်ပုံရိုက်တာလဲ"

"အိမ်သုတ်ဆေးကုမ္ပဏီတစ်ခု အတွက်ပါ"

"အိမ်သုတ်ဆေးကုမ္ပဏီ ! ဟင်း ... သည်းလုပ်နေတဲ့ အိုက်တင် တွေနဲ့ အဲဒီအိမ်သုတ်ဆေးနဲ့က ဘာမှတော့ မဆိုင်ဘူး ထင်တာပဲ"

"ဆိုင်တော့ မဆိုင်ဘူးပေါ့၊ သူတို့က အိမ်သုတ်ဆေးဝယ်တဲ့လူတွေ ကို လက်ဆောင်ပေးဖို့ calender ထုတ်မှာလေ၊ အဲဒါကြောင့် ဘယ်လိုပဲရိုက်ရိုက် ပစ္စည်းနဲ့ ဆိုင်စရာမလိုဘူး၊ ဆွဲဆောင်မှုရှိနေ ဖို့ပဲ လိုတာ"

"sexy မဖြစ်လွန်းဘူးလား"





သူ့စကားကြောင့် သူမက အားရပါးရ တစ်ချက်ပြုံးလိုက် မိတော့သည်။

"ဒါကတော့ ခေတ်ကိုက တောင်းဆိုနေတာကို၊ ဒီလိုလုပ်မှ ဖြစ် တော့လည်း လုပ်ရတာပေါ့၊ ဒါပေမယ့် ဟော့ဟော့ရမ်းရမ်းကြီး မဟုတ်ပါဘူး ကိုရယ်၊ လုံလုံခြုံခြုံ ရှိပါတယ်၊ တအားဟော့ဟော့ ရမ်းရမ်း လူမြင်လို့ မတင့်တယ်အောင်တော့ သည်းလည်းမရိုက်ပါ ဘူး"

"သည်းကြည့်ရတာလည်း ပင်ပန်းလိုက်တာကွာ၊ တခြားအလင် တစ်ခုခု လုပ်ပါလား"

"တခြားအလုပ် ! ပြောစမ်းပါဦး၊ သည်းက ဘာလုပ်ရမှာလဲ"

"ကိုယ် သည်းကို အရင်းအနှီး ထုတ်ပေးမယ်ကွာ၊ သည်း ဆိုင် တစ်ခုခုဖွင့်ပါလား၊ စားသောက်ဆိုင်ပဲဖြစ်ဖြစ်၊ ဖက်ရှင်ဆိုင် တစ် ခုခုပဲဖြစ်ဖြစ်၊ ဖက်ရှင်ဆိုင်ပဲ ဖွင့်ပါကွာ၊ သည်းနဲ့ အဲဒါပဲလိုက် တယ်၊ သိပ်လည်း မပင်ပန်းဘူး၊ ဝန်ထမ်းတွေ ငှားထားလိုက်၊ သည်းက ပိုက်ဆံထိုင်သိမ်းနေရုံပဲ"

"ကိုက ဖွင့်ပေးမယ်ဆိုတော့ သည်းကို လူတွေက ဘာပြောကြမလဲ ကိုရဲ့၊ ဒီကောင်မ စပွန်ဆာရသွားပြီ ပြောကြမှာပေါ့၊ နဂိုကမှ ဒီလောက,က တစ်စိတ်ကို တစ်အိတ်ပြောချင်ကြတာ"

"ပြောပြောပေါ့ကွာ၊ ကိုယ်တို့က တစ်နေ့မှာ လက်ထပ်ကြမယ့်သူ တွေပဲဟာကို၊ ဂရုစိုက်နေစရာ မလိုပါဘူး"

"ယူကာမှ ယူရောပေါ့ ကိုရာ၊ မယူခင်တော့ သည်းဂရုစိုက်ရမယ် ပြီးတော့ အဲဒီအလုပ်ကိုလည်း သည်း ဝါသနာမပါပါဘူး၊ သည်"

က ဒီအနုပညာကိုပဲ ဝါသနာပါတာ၊ သည်း ဒါပဲလုပ်ချင်တယ်၊ တစ်နေ့မှာ ချစ်သည်းပုံဆိုတာ မြန်မာနိုင်ငံရဲ့ ဒိတ်ဒိတ်ကြဲ အောင်မြင်နေတဲ့ မင်းသမီးတစ်လက် ဖြစ်ကိုဖြစ်ရမယ်”

သူက သူမကို စိတ်ပျက်သလို အကြည့်မျိုးနဲ့ ကြည့်လာသည်။ သူ့စေတနာကို သူမ နားလည်ပါသည်။ ဒါပေမဲ့ သူမ သူများ မေးငေါ့မှာကို မလိုလား။ ချစ်သည်းပုံ ဆိုတာ ပိုက်ဆံမရှိရင်သာနေမယ်။ မာနတော့ ချမ်းသာချင်တယ် ကို။

♥ ♥ ♥



## အခန်း(၂)

အခန်းထဲမှာ လိုအပ်တဲ့ပစ္စည်းတွေ ထည့်သိုနေတုန်းမှာပဲ သူမအနားကို မေမေ ရောက်လာသည်။

“သွားတော့မလို့လား သမီး”

“ဟုတ်ကဲ့ မေမေ၊ သွားတော့မယ်လေ၊ ဟိုရောက်ရင် မိတ်ကပ်တွေ ဘာတွေလဲ ပြင်ရဦးမှာဆိုတော့ အခုလောက်က ကြိုသွားထားမှ အဆင်ပြေမှာ”

“အေး အေး … ဂရုစိုက်လည်း သွားဦး၊ မင်္ဂလာပွဲပြီးရင် တန်းပြန်လာမှာ မဟုတ်လား၊ တခြားရော ဘယ်သွားစရာ ရှိသေးလဲ”

“မရှိဘူး မေမေ၊ မင်္ဂလာဆောင်မှာ ပန်းကြဲပြီးရင် အိမ်ပဲပြန်လာခဲ့မှာ”

သူမက ဒီနေ့ မင်္ဂလာဆောင်တစ်ခုက ပန်းကြဲပေးဖို့ ကမ်းလှမ်းထားတာမို့ ဆီဒိုးနားမှာ ပန်းသွားကြဲပေးရမှာ ဖြစ်ပါသည်။ သူမက အက်သက်စမော်ဒယ်တစ်ယောက် ဆိုပေမယ့် နာမည်ရစပြုလာပြီမို့

အခုလို မင်္ဂလာဆောင်တွေမှာ ပန်းကြဲပေးဖို့ အခုတလောမှာ ခဏ ခဏ လာလာကမ်းလှမ်း ငှားရမ်းတာဖြစ်သည်။ ဒါပေမဲ့ ဇာတ်ကားတွေတော့ သူမ မရိုက်သေးပါ။ လာရောက်ကမ်းလှမ်းကြတာ ရှိပေမယ့်လို့ လာသမျှ အကုန်လုံးကလည်း မထင်မရှား ဇာတ်ရုပ်လိုမျိုး၊ ဒုတိယနေရာလိုမျိုးတွေသာ လာကြတာဆိုတော့ သူမက လာသမျှကို အကုန်ငြင်းလွှတ်နေမိတာ ဖြစ်သည်။

သူမ ဖြစ်ချင်တာက အရန်မဟုတ်။ ခေါင်းဆောင်မင်းသမီး ဖြစ်သည်။ အဲဒီအတွက် ခေါင်းဆောင်နေရာ မဟုတ်ပါက သူမ လုံးဝ မရိုက်ချင်။

ဒီလောကမှာက အရန်လိုလို၊ ဖြတ်လျှောက်လိုလို၊ ဒုတိယ မင်းသမီးလိုလိုတွေနဲ့ စတင်တိုးဝင်သွားပါက အဲဒီနေရာတွေမှာသာ ခေါင်းကျိုးသွားတတ်တာမို့ သူမက မရိုက်တာဖြစ်သည်။ ပြီးတော့ သူမက ဝါ အရမ်းနုသေးသည့်အတွက်လည်း မရိုက်ရဲသေးတာဖြစ်သည်။ ကြော်ငြာလေးတွေတော့ လေးငါးခြောက်ခုလောက် ရိုက်ထားပြီးဖြစ်သည်။

ဒါပေမဲ့ သူမကိုယ်သူမ အပြည့်အဝ ယုံကြည်သည်။ တစ်နေ့မှာ ချစ်သည်းပုံ ဆိုတာ အနုပညာလောကရဲ့ ဈေးကွက်ဝင် မင်းသမီး၊ လင်းလက်တောက်ပနေသည့် ငွေကြယ်တစ်ပွင့် ဖြစ်ကိုဖြစ်လာရပါမည်။

“ဖေဖေရော နိုးပြီလား”

“အင်း ... နိုးနေပြီ၊ အိမ်ရှေ့ခန်းထဲမှာ သတင်းစာဖတ်နေတယ်”

မေမေနဲ့အတူ အပြင်ထွက်လာတော့ ဧည့်ခန်းဘက်မှာ ဖေဖေ့ကို စာဖတ်နေတာ တွေ့ရသည်။ ဖေဖေက ကားအက်ဆီးဒင့်တစ်ခု ကြောင့် အောက်ပိုင်းမလှုပ်နိုင်တော့တာ လေးနှစ်လောက်ရှိပါပြီ။ အရင်





ကတော့ ဖေဖေက ဆောက်လုပ်ရေးတစ်ခုက အင်ဂျင်နီယာတစ်ယောက် ဖြစ်ပြီး သူမတို့ စားဝတ်နေရေးအတွက် ဘာမှမပူပန်ခဲ့ရ။ ဒါပေမဲ့ ဖေဖေ အခုလိုဖြစ်သွားခဲ့ပြီးသည့်နောက်ပိုင်းမှာတော့ စားဝတ်နေရေးဟာ သူမနဲ့ မေမေ့ အပေါ်ကို လုံးလုံးလျားလျား ကျရောက်သွားတော့တာဖြစ်သည်။

မေမေက မနက်ဘက်ဆို အိမ်ရှေ့မှာ မုန့်ဟင်းခါးဆိုင်လေး ထွက်၊ သူမကလည်း အစကတော့ မေမေ့ကို ကူခဲ့ရတာ ဖြစ်သည်။ နောက်တော့ ဝါသနာပါသည့် အနုပညာဘက်ကို တိုးဝင်ကာ ပြိုင်ပွဲတစ်ခုမှာ ဝင်ပြိုင်ရင်း စပြိုင်သော ပြိုင်ပွဲမှာပင် miss ရခဲ့ကာ လမ်းကြောင်းပေါ်ကို အခက်အခဲ သိပ်မရှိလိုက်ဘဲ အဆင်ပြေပြေ ရောက်လာခဲ့တာ ဖြစ်သည်။

အခုတော့ နာမည်လေးက စတက်လာပြီ ဖြစ်သလို ဝင်ငွေလေးလည်း နည်းနည်းဖြောင့်လာပြီမို့ စားဝတ်နေရေးကလည်း မပိုလျှံဘူးဆိုရင်တောင် မပူပန်ရတော့ချေ။ အဲဒီအတွက် မေမေ့ကို မုန့်ဟင်းခါးရောင်းတော့ဖို့ တားပေမယ့် မေမေကတော့ မရချေ။ ထိုင်နေမယ့်အတူတူ ဝင်ငွေလေးရတာပေါ့ဆိုကာ မုန့်ဟင်းခါးကို ဆက်ရောင်းမြဲပင်ဖြစ်သည်။

အခုလည်း မေမေက အိမ်ရှေ့မှာ မုန့်ဟင်းခါးဆိုင် ထွက်နေရင်းတန်းလန်းနဲ့ လူရှင်းတုန်းမှာ အိမ်ထဲခဏပြန်ဝင်လာတာ ဖြစ်ပါသည်။

“မောနင်း ဖေဖေ”

“မောနင်း သမီး၊ ဒီနေ့လည်း ရှူတင်သွားရမှာလား၊ ငါ့သမီး ကြည့်ရတာလည်း တစ်နေ့ တစ်နေ့ ပြေးလွှားနေရတာ ပင်ပန်းလိုက်တာကွယ်၊ ဖေဖေတို့အတွက်နဲ့ ငါ့သမီးလည်း တော်တော် ဒုက္ခများနေပြီ”

"မဟုတ်တာ ဖေဖေရယ်၊ သမီးက အခုလို လုပ်ကျွေးခွင့်ရတာကိုပဲ ပျော်နေတာပါ၊ ပြီးတော့ ဒီအလုပ်ကလည်း သမီးဝါသနာပါလို့ကို လုပ်တဲ့အလုပ်ပဲ ဆိုတော့ မပင်ပန်းပါဘူး ဖေဖေရယ်၊ ဖေဖေ ဘာစားချင်လဲဟင်၊ သမီးက ဆယ့်တစ်နာရီလောက်ဆို ပြန်လာမှာ၊ ဖေဖေ စားချင်တာရှိရင်မှာလိုက်၊ သမီး အပြန်ကျ ဝယ်လာခဲ့ပေးမယ်၊ ဖေဖေ ဘာစားမလဲ"

"ဘာမှ မစားချင်ပါဘူးကွယ်၊ သမီးဝယ်ထားတဲ့ မုန့်တွေ၊ သစ်သီးတွေတောင် ရေခဲသေတ္တာထဲမှာ ဒီအတိုင်းကြီး၊ ဘာမှမဝယ်ခဲ့နဲ့၊ သမီးသွားမယ့်လမ်းသာ ဖြောင့်ဖြောင့်တန်းတန်းသွား"

"မေမေရော ဘာမှာဦးမလဲ"

"မမှာတော့ပါဘူး သမီးရယ်၊ သွား သွား ... တော်ကြာနောက်ကျနေဦးမယ်၊ မေမေလည်း ဆိုင်ပြန်ထိုင်လိုက်ဦးမယ်၊ ဟိုမှာ ဝယ်သူလာနေပြီ"

ပြောပြောဆိုဆို မေမေက ရှေ့ကထွက်သွားနှင့်ကာ ဝယ်သူလာနေတာမို့ မုန့်ဟင်းခါးဆိုင်ဆီ လျှောက်သွားသဖြင့် သူမလည်း နောက်က ထွက်လိုက်လာခဲ့လိုက်သည်။

အိမ်ရှေ့ အရောက်မှာတော့ မုန့်ဟင်းခါး လာစားသည့် ရပ်ကွက်ထဲမှ အန်တီခင်မာက ပြုံးကြည့်လာကာ ...

"ဟော ... မင်းသမီးပေါက်စ၊ ရှူတင်သွားတော့မလို့လား၊ တစ်နေ့တခြား ပိုပိုလှလာတယ်နော်"

"အဟင်းဟင်း ... ကျေးဇူး အန်တီ၊ မေမေရေ ... အန်တီ့ကို များများလေး ပိုထည့်ပေးလိုက်ပါဦး၊ သမီးကို မြှောက်နေတယ်"





သုံးယောက်သား ပွဲကျသွားတော့သည်။ သူမတို့နေတာက ရန်ကုန်မြို့ရဲ့ အစွန်အဖျား ရပ်ကွက်လေးတစ်ခုမှာမို့ အေးချမ်းတိတ်ဆိတ်ကာ အိမ်နီးနားချင်း ရပ်ဆွေရပ်မျိုးတွေကလည်း အား...ပွင့်လင်းဖော်ရွေကြလေသည်။

သူမက လမ်းထိပ်ထိ လမ်းလျှောက်ကာ တက္ကစီငှားရမှာမို့ စကားကို ဒီလောက်နဲ့ပဲ ဖြတ်ခဲ့လိုက်ကာ ထွက်လာခဲ့လိုက်လေသည်။ အဲဒီလို လျှောက်လာခဲ့ရင်းက နောက်ဘက်ဆီကို တစ်ချက်လှည့်အကြည့်မှာတော့ ဘဝသမား မင်းသမီးပေါက်စတစ်ယောက်ရဲ့ ဘာပကာသနမှ မရှိသည့် သုံးပင်ပတ်လည် တိုက်အိမ်ပုပုလေးက သူမကို လက်ပြနှုတ်ဆက်နေသည့်အလား။

♥ ♥ ♥

ဒေါ်ဒေဝီနန်းမြတ်က မြို့ထဲဘက်ကိုလာရင်းနဲ့ သားဖြစ်သူရဲ့ ကုမ္ပဏီရုံးခန်းနဲ့လည်း နီးနေလေရာ သားဖြစ်သူ ဘာတွေများလုပ်နေပါလိမ့် ဆိုတာကို သိချင်တာနဲ့ ကုမ္ပဏီဘက်ကို လှည့်ဝင်လာခဲ့လိုက်သည်။ ကုမ္ပဏီကို ရောက်သွားတယ်ဆိုရင်ပဲ အရင်ဆုံးတွေ့လိုက်ရတာက အုပ်စုဖွဲ့ကာ ဘာကိုမှန်းမသိ သဲကြီးမဲကြီး ဝိုင်းအုံကြည့်နေကြသော သားဖြစ်သူရဲ့ ဝန်ထမ်းကောင်မလေးအချို့နှင့် ကောင်ကလေးအချို့ကို ဖြစ်သည်။

ကောင်မလေးတစ်ယောက်က သူမကို မြင်သွားတော့ ချိုသာစွာ ပြုံးပြလာရင်း ...

“အန်တီ ဆရာ့ဆီ လာတာလား၊ ဆရာ မရှိဘူးရှင့်၊ လေလံပွဲတစ်ခုကို သွားတယ်၊ အကြောင်းရှိလို့လားရှင့်၊ သမီး ဖုန်းဆက်ခေါ်ပေးရမလား”

သူမကိုမြင်တော့မှ ရုံးစု ရုံးစု ဖြစ်နေကျသူအချို့ နည်းနည်းရှဲသွားကြသည်။

“ဩော် ... ဟုတ်လား၊ နေနေ ... သမီး ရတယ်၊ ဘာမှမဟုတ်ပါဘူးကွယ်၊ အန်တီက ဒီနားလေး ကိစ္စရှိလို့လာရင်း လမ်းကြုံတာနဲ့





ဝင်လာလိုက်တာ၊ ဒါနဲ့ ဘာတွေများ စိတ်ဝင်တစားနဲ့ ကြည့်နေကြတာတုန်း”

“ဩော် ... အဟင်း ... မော်ဒယ်ချစ်သည်းပုံရဲ့ ပိုစတာပါ အန်တီ၊ ၂၀၁၅ အတွက် ထွက်တာလေ၊ အဲဒါ ဝယ်လာတာကို ဝိုင်းကြည့်နေကြတာ၊ ဒီမှာလေ အန်တီ မလှဘူးလား”

ကောင်မလေးက ပြောပြောဆိုဆို ပြက္ခဒိန်ကို သူမရှေ့ယူလာကာ ထောင်ပြသည်။ ဟိုနေရာ၊ ဒီနေရာ ဝေါလ်ရှိတချို့မှာတော့ မြင်ဖူးသလိုလိုပါပင်။ ဒါပေမဲ့ ဇဝေဇဝါပါပဲ။ ပြီးတော့ ခုခေတ်မော်ဒယ်ကောင်မလေးတွေ အားလုံးလိုလိုကလည်း အကုန်လုံးဟာ စက်ရုံတစ်ခုတည်းက ထုတ်လိုက်သည့် အရုပ်မတွေလို ဖြူဖြူသွယ်သွယ်နှင့် ရုပ်ကလေးတွေကလည်း ဆင်တူယိုးမှားလေးတွေ မဟုတ်ပါလား။

ဒါပေမဲ့ အခုပုံကတော့ သူမမျက်လုံးထဲမှာ သိပ်သဘောတွေ့လှချေ။ မော်ဒယ်မလေး ဝတ်ထားတာက ရင်ပြတ် ပေါင်ပြတ်နှင့်ဖြစ်ကာ အနည်းငယ် ခါးကော့ထားသည့် ကိုယ်နေဟန်ထားကြောင့် ချက်ကလည်း ပေါ်နေပြန်ပါသေးသည်။ ပြီးတော့ မျက်နှာပေးနှင့် နှုတ်ခမ်းကို ခပ်ဟဟလုပ်ကာ ကြည့်နေသည့် အကြည့်ကလည်း သူမမျက်လုံးထဲမှာ အမြင်ရိုင်းနေ၏။ ဒါကြောင့် သူမက အကြည့်ကို ပြက္ခဒိန်ဆီကနေ ခပ်မြန်မြန်ပဲ ပြန်ခွာလိုက်ရင်း ...

“လှတော့ လှပါရဲ့၊ ဒါပေမဲ့ ကောင်မလေးက တစ်ဆိတ် sexy ဖြစ်လွန်းသလားလို့”

“ဒီခေတ်ကြီးမှာ ဒါက နည်းနည်းယဉ်တာ အန်တီရဲ့၊ တချို့ဟာတွေသာ မြင်လိုက်ရင် အန်တီ မူးလဲသွားလိမ့်မယ် ... အဟင်း”

ကောင်မလေး စကားအဆုံး ရောယောင်ကာ ပြုံးလိုက်မိပေမယ့် စိတ်ထဲမှာတော့ အောင့်သက်သက်ရယ်ပါ။ ခုခေတ် မိန်းကလေးတွေ အများစုဟာ တကယ့်ကိုပဲ ကိုယ့်ယဉ်ကျေးမှုအမွေကို မြောင်းထဲလွှင့်ပစ်လိုက်ကြပြီလား။ "ကမ္ဘာပေါ်မှာ အယဉ်ကျေးဆုံးနိုင်ငံဟာ မြန်မာပြည်ပါ" ဆိုတဲ့ စကားကရော စာထဲမှာ၊ စကားထဲမှာပဲ ရှိတော့တဲ့ အရာတစ်ခုများ ဖြစ်နေပြီလား။ ပြီးတော့ ကိုယ့်သားသာ ဒီလိုကောင်မလေးမျိုးနှင့်တွေ့ကာ ဖြစ်သွားကြပါက ရင်ကျိုးရချည်ရဲ့။

"ကဲ ... သားလည်း မရှိဘူးဆိုတော့ အန်တီလည်း ပြန်လိုက်ဦးမယ်ကွယ်၊ သားပြန်လာရင်သာ အန်တီဝင်သွားတယ်လို့ ပြောပေး၊ ဟုတ်လား"

"ဟုတ်ကဲ့ ... အန်တီ"

ပြောပြီး ပြန်ထွက်လာခဲ့လိုက်သည်။ ကိုယ်တွေသည်လည်း မင်းမျိုးမင်းနွယ်ဆိုပြီး ဟိုးရှေးပဒေသရာဇ်ခေတ်တွေတုန်းကလို ရှေးရိုးစွဲ ယဉ်ကျေးမှုကို ပြင်းပြင်းထန်ထန် မရှိလှတော့ဘဲ ခေတ်နှင့်အညီ တွေးခေါ်နေထိုင် ပြောဆိုနေဖြစ်ပေမယ့် ခေတ်တော့ မလွန်စေရ။ မြန်မာ့ယဉ်ကျေးမှုဆိုတာကိုတော့ ရင်ထဲ နှလုံးသားထဲမှာ အမြဲတမ်း ဖက်တွယ်မွေးမြူထားကာ သေသည်အထိ စောင့်ထိန်းသွားမှာ ဖြစ်ပါသည်။

♥ ♥ ♥



လုပ်ငန်းက အရေးကြီးနေသော ကာလမို့ ရုံးဆင်းချိန်မှာ အောက်လက်ငယ်သားအချို့ကိုသာ ပြန်လွှတ်လိုက်ပြီး ရာထူးကြီးသော ဝန်ထမ်းများကို အိုတီခေါ်ကာ အစည်းအဝေးလုပ်နေခဲ့တာက ညနေခြောက်နာရီလောက်မှာမှ ပြီးသွားလေတော့သည်။

စကားအတော်ပြောလိုက်ရတာမို့ အာခေါင်တွေ ခြောက်နေသည့်သူက ရေသန့်ဘူးထဲမှရေကို ရင်ထဲအေးသွားသည့်အထိ မော့သောက်ပြီးလိုက်တော့မှ လက်ကနာရီကို တစ်ချက်ကြည့်ရင်း စိတ်က ချစ်သူလေးဆီကို ရောက်သွားရလေသည်။ ဒီအချိန်ဆိုရင် သူမ အိမ်ပြန်ရောက်နေပြီပဲလား၊ ဒါမှမဟုတ် ရှူတင်တစ်ခုခုမှာပဲ ရှိနေသေးသည်ပဲလား။

သူက စိတ်ထဲမှာ သူမကို အရမ်းပဲတွေ့မြင်ချင်စိတ် ပြင်းပြနေသည်ဖြစ်ရာ အတွေးကို ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ သူမဆီကို ဖုန်းခေါ်လိုက်လေသည်။ ဖုန်းက ချက်ချင်းပဲဝင်သွားကာ နှစ်ချက်လောက်မြည်အပြီးမှာတော့ သာယာနာပျော်ဖွယ်ကောင်းသော ချစ်ရသူ၏ အသံချိုချိုလေးက ထွက်ပေါ်လာလေတော့သည်။

"ဟယ်လို ..."

“သည်းလား ...၊ သည်း အခု ဘယ်ရောက်နေတာလဲ၊ ကိုယ်က အခုမှ အလုပ်ပြီးတာ၊ အဲဒါသည်းအားရင် ဒီည အတူတူ ညစာစား ရအောင်လေ၊ ကိုယ် ဘယ်ကိုလာခေါ်ပေးရမလဲ”

“ဩော် ... ဆောရီးပဲ ကိုရာ၊ သည်းက အခုအသိတစ်ယောက်ရဲ့ မွေးနေ့ဒင်နာကို ရောက်နေတာ၊ မော်ဒယ် သစ်ခက်လေ၊ ကို သိတယ်မလား၊ သူ့မွေးနေ့”

“ဩော် ... အဲလိုလား၊ ဒါဆို အပြန်နောက်ကျမှာပေါ့၊ ကိုယ်လာကြိုပေးရမလား၊ ဘယ်ကိုလာရမလဲ ပြောလေ”

“ရတယ် ကို၊ လာမနေနဲ့တော့၊ အပြန်လည်း သစ်ခက်အိမ်ကကားနဲ့ လိုက်ပို့မယ်တဲ့၊ မွေးနေ့ကလည်း သစ်ခက်အိမ်မှာပဲလုပ်တာ၊ ကိုလည်း အခုမှ အလုပ်ပြီးတာဆိုတော့ ပင်ပန်းနေမှာပေါ့၊ သည်း ဒုက္ခမပေးချင်ပါဘူး၊ ပြန်လိုက်တော့နော်”

“ဟာကွာ ... ကိုယ်က အရမ်းတွေ့ချင်နေတာ”

“ကိုကလည်း ပိုပြီ၊ နောက်နေ့တွေ တွေ့လို့ရတာပဲဟာ၊ ဒီညတော့ ဘယ်လိုမှကို မဖြစ်လို့ပါ ကိုရယ်၊ နော် ... ပြန်လိုက်တော့နော်... ဆောရီး ဆောရီး”

“ဒါဆို မနက်ဖြန် နေ့ဘက်ရော”

“မနက်ဖြန်လား၊ ဩော် ... မနက်ဖြန်လည်း မအားဘူး ကိုရဲ့၊ မနက်ဖြန်က သန်လျင်ဘက်ကို ကြော်ငြာသွားရိုက်ရမယ်”

“ဟာကွာ ... မြန်မာပြည်မှာ မော်ဒယ်တွေ မင်းသမီးတွေ ဒီလောက်တောင်ပဲ ရှားနေသလား မသိဘူး၊ အခုတလော သူတို့တွေ ကိုယ့်ချစ်သူကိုချည်း လာလာငှားနေကြသလိုပဲ”





သူ့စကားအဆုံး သူမက သဘောတကျ အော်ရယ်နေတော့သည်။ ပြီးတော့မှ ...

“အဟင်းဟင်း ... ကိုရယ်၊ သည်းကတော့ အဲဒါကိုပဲ ပျော်နေတာ၊ ဒီလိုဖြစ်လာအောင် သည်းဘက်က ဘယ်လောက်ကြိုးစားခဲ့ရတယ်ဆိုတာလည်း ကို သိရဲ့သားနဲ့၊ အခုလို နေရာလေးပေးလာတုန်းမှာ သည်းဘက်က နှစ်ဆပိုကြိုးစားပြမှ သည်းလိုချင်တဲ့နေရာကို ရောက်မှာပေါ့ ကိုရဲ့၊ မဟုတ်ဘူးလား”

“ပြီးရောကွာ ... ပြီးရော၊ ဒါဆိုလည်း အားတဲ့အချိန်လေးတော့ ကိုယ့်ကို လှမ်းလက်တို့ဦး သိလား၊ ကိုယ့်ချစ်သူကို တွေ့ရမယ့်အရေးကလည်း အိမ်ဖြူတော်သမ္မတကို တွေ့ရမှာထက်တောင် ပိုခက်နေရတယ်လို့၊ စိတ်ညစ်စရာ”

သူမနဲ့ ဖုန်းပြောအပြီးမှာတော့ သူက သိမ်းဆည်းစရာရှိတာတို သိမ်းဆည်းလိုက်ပြီးနောက် အိမ်ကိုပဲ တန်းပြန်လာခဲ့လိုက်တော့သည်။

အိမ်ရောက်တော့ မမေက ဧည့်ခန်းထဲမှာ ထိုင်စောင့်နေလျက်သား။

“ဟော ... သား ပြန်လာပြီ၊ မမေက ထမင်းတောင်မစားသေးဘူး၊ သားနဲ့အတူစားဖို့ စောင့်နေတာ”

“စားနှင့်လိုက်ပြီးရော မမေရယ်၊ မမေ ဆာနေမှာပေါ့”

“မမေက သားနဲ့မှ အတူစားချင်တာကိုးကွယ့်”

“အိုခေ ... အိုခေ ... ခဏလေးနော်၊ သား အဝတ်အစားလဲပြီး ပြန်ဆင်းလာခဲ့လိုက်မယ်၊ မမေ ထမင်းစားခန်းကပဲ စောင့်နေလိုက်နော်”

နောက်တော့ သူက အပေါ်ထပ်ကို ခပ်မြန်မြန်ပဲ တက်လာခဲ့လိုက်သည်။ သည်းနှင့် ညစာမစားဖြစ်လိုက်တာကတောင် ခပ်ကောင်းကောင်း ဖြစ်သွားသလိုပါပင်။ နို့မို့ဆို မေမေ စောင့်နေတာ အလကားဖြစ်သွားရတော့မည် မဟုတ်ပါလား။

♥ ♥ ♥



## အခန်း(၃)

ဒီနေ့က သန်လျင်ဘက်ကို ကြော်ငြာသွားရိုက်ရမှာဖြစ်ပြီး ရှူတင်ကားလာမှာကို ကိုးနာရီလောက်မှ လမ်းထိပ်က ထွက်စောင့်နေရမှာမို့ သူမက မနက်ပိုင်းမှာ မေမေ့မုန့်ဟင်းခါးဆိုင် ထွက်ဘာကို ဝိုင်းကူထုပ်ပေးနေလိုက်သည်။

စားပြီးသားပန်းကန်တွေ ထိုင်ဆေးနေတာကို မေမေက မျက်မှောင်တွန့်ကြည့်လိုက်ရင်း ...

"ထားလိုက်ပါ သမီးရယ်၊ မေမေ့ဘာသာ လုပ်ပါ့မယ်၊ ကိုယ့်ဘာသာ ရှူတင်သွားဖို့ ပြင်မှာကို ပြင်ချေပါ"

"ဘာမှ ပြင်စရာမလိုတော့ပါဘူး မေမေရယ်၊ ညကတည်းက လိုအပ်တာတွေ အကုန်ထည့်ထားပြီးပြီ၊ ပြီးတော့ ရှူတင်ကားက လည်း ကိုးနာရီလောက်မှ လာမှာပါ"

မေမေက ဘာမှမပြောတော့ဘဲ သူမကို လွှတ်ပေးထားလိုက်လေတော့သည်။ သူမကလည်း ရှစ်နာရီခွဲလောက်အထိ မေမေ့ဆိုင်လေး

မှာ ပန်းကန်ဆေးလိုက်၊ ပိုက်ဆံအမ်းပေးလိုက်၊ မေမေ အိမ်ထဲခဏပြန် ဝင်သွားသခိုက် ဝယ်သူလာရင် ကိုယ်တိုင်မုန့်ပြင်ပေးလိုက်နှင့် လုပ်နေပြီး တော့မှ ရှူတင်အတွက် လိုအပ်မယ့် အဝတ်အစားတွေ ပစ္စည်းပစ္စယတွေ သိမ်းစုထည့်ထားတဲ့ နှစ်ဖက်ကိုင်းပါ ပလတ်စတစ်ကော်ပုံးကြီးကို သယ်မ ကာ လမ်းထိပ်ဘက်ကို ထွက်လာခဲ့လိုက်တော့တာ ဖြစ်သည်။

လမ်းထိပ်ဆိုတာကလည်း နှစ်ဆစ်ချိုးရတာဖြစ်သည်။ သူမ တို့နေတဲ့ လမ်းထဲကနေ ရပ်ကွက်မိန်းလမ်းပေါ်ကို ချိုးချလိုက်ရတာက တစ်ခါ၊ အဲဒီကနေမှ ကားလမ်းမကြီးပေါ်ကိုရောက်ဖို့ တစ်ဆင့်ထပ်သွား သေးတာပါ။

သူမ စောင့်ရမှာက အဲဒီကားလမ်းမကြီးထိပ်ကို သွားစောင့် နေရမှာ။ ပြီးတော့ သူမတို့နေတဲ့ နေရာကလည်း အစွန်အဖျားရပ်ကွက် တစ်ခုဆိုတော့ကာ ရန်ကုန်မြို့ထဲလို လမ်းတွေက ကောင်းတာမဟုတ်။ ရပ်ကွက်လမ်းဆိုသည့်အတိုင်းပင် ချိုင့်တွေ၊ ခွက်တွေနှင့် ဘယ်ကာလဆီက ခင်းထားမှန်းမသိတော့ဘဲ မပြင်တာကြာပြီဖြစ်သည့် ယခင်က ကျောက် ခင်းလမ်း (ထင်ရသည်)က အခုတော့ ခဲတွေထောင်ထကာ နုမေနမှော့ များ လမ်းလျှောက်သွားလို့ကတော့ ဆယ်လှမ်းမပြည့်ခင်မှာပင် မှောက် မလဲပါက ပြောချင်တိုင်းပြော။ လမ်းက အဲဒီလို ဆိုးပါတယ်ဆို၊ ညဥ့်ဦး ပိုင်းဘက်ဆီက အနည်းငယ် ရွာထားသည့်မိုးကြောင့် တစ်လမ်းလုံးဟာ ချိုင့်ခွက်မှန်သမျှ ရေတွေဝင်နေပြီး ကိုယ်အနားကများ စက်ဘီးတစ်စီး၊ ဒါမှမဟုတ် ကားတစ်စီးလောက် ကပ်မောင်းသွားပါက ရေစဥ်မှာစိုးလို့ ရှောင်ရတာ အမောရယ်ပါ။ ဒါပေမဲ့ တစ်ခုတော့ စည်းကမ်းရှိကြပါသည်။ ဘယ်စက်ဘီး ဘယ်ကားကမှ ဒီလမ်းထဲရောက်ရင် ဟော့ဟော့ရမ်းရမ်း





မမောင်းကြဘဲ ဘီးလိမ့်ရုံမျှ ထိန်းမောင်းကြတာက ဒီရပ်ကွက်ထဲမှာ နေ ထိုင်သူတိုင်း၊ ဒီရပ်ကွက်ထဲကို ဝင်ရောက်လာသူတိုင်း အလိုလို လိုက်နာ ကျင့်သုံးတတ်ကြသော ယဉ်ကျေးမှုတစ်ခုဟုပင် ဆိုရပါတော့မည်။

သူမက အတွေးနှင့်အတူ လမ်းလျှောက်လာရင်း သူမတို့ လမ်းထဲက အထွက်မှာတော့ ဘာမှမဖြစ်သေးချေ။ ကားလမ်းမထိပ်ကိုရောက် တော့မှ ပြဿနာက စတော့တာဖြစ်သည်။

သူမလည်း ကားလမ်းမထိပ်ကိုအရောက်၊ လင်ခရူဆာကား တစ်စီးကလည်း လမ်းထဲဘက်ကို ရုတ်တရက်ချိုးကွေ့ဝင်အလာ (မဟုတ် ဘူး၊ ရိုးရိုးချိုးကွေ့ဝင်လာတာ မဟုတ်ဘူး၊ ရှေ့မကြည့် နောက်မကြည့်၊ ဘေးမကြည့်နဲ့ ထင်သလို ချိုးကွေ့ဝင်လာတာ) ကွက်တိပင်။

"ဟာ ..."

လမ်းမပေါ်မှာရှိတဲ့ ရေတွေက သူမဆီကို ဖြန်းခနဲ ခုန်တက် လာတော့သည်။ မျက်နှာအပါအဝင် လူတစ်ကိုယ်လုံးရော၊ လက်ထဲမှာ မ,ထားသည့် ပလတ်စတစ်ပုံးကြီးရော၊ လွယ်ထားသည့် ပိုက်ဆံအိတ်မှာ ရောက ဗွက်ရေတွေ မြင်မကောင်းအောင် ပေကျံသွားသည်။ စိတ်က ထောင်း ခနဲ ဖြစ်သွားကာ မောင်းသွားသည့်ကားကို ချာခနဲ လှည့်ကြည့်လိုက်မိ တော့ ကားက လုံးဝကိုမရပ်ချေ။ တန်းတန်းမတ်မတ်ကို ဆက်ပြီးမောင်း သွားတော့တာဖြစ်သည်။ သူမ ဖြစ်ကျန်ခဲ့တာကို မသိတာပဲလား၊ ဒါမှ မဟုတ် အရေးမစိုက်တာပဲလား။ ဒါပေမဲ့ သူမစိတ်ကလည်း အနည်းငယ် တိုနေသည်ဖြစ်ရာ သူမက အဲဒီကားပေါ်ကလူ (ဘယ်နှယောက်လဲတော့ မသိ)ဟာ ကိုယ့်ကို ဂရုကိုမစိုက်ဘဲ ထားခဲ့တာဟု ယူဆလိုက်မိကာ တောက်တစ်ချက်ကို ခပ်ပြင်းပြင်း ခေါက်လိုက်မိသည်။

အဲဒီနောက်မှာတော့ သူမက ထိုကားနောက်ကို ခပ်မြန်မြန် ဲ လျှောက်လာခဲ့လိုက်တာ ဖြစ်သည်။ လောစရာတော့ မလိုပါ။ အဲဒီ ားဟာ တစ်ဖက်လမ်းထိပ်ကနေ ဘယ်လိုမှ ထွက်သွားလို့မရ၊ ဘာလို့ လဲဆိုတော့ ဒီလမ်းရဲ့တစ်ဖက်ထိပ်ဟာ ရပ်ကွက်သူ ရပ်ကွက်သားအပေါင်း တို့ရဲ့ အမှိုက်စွန့်ပစ်ရာနေရာ အမှိုက်ပုံကြီးတစ်ခု ဖြစ်နေလို့ပင်ဖြစ်သည်။ ဒီတော့ အဲဒီကားကို နောက်ကလိုက်မမီလည်း သင်းက ပြန်လှည့်လာရ ဦးမည်မို့ ရှေ့ကပိတ်ရပ်ကာ တားထားလိုက်ရုံပင်ဖြစ်သည်။

ဟင်း ... တွေ့ကြသေးတာပေါ့။



အိမ်မှာ အကူလုပ်နေသည့် အမျိုးသမီးတစ်ယောက်က ဒီ ရပ်ကွက်လေးထဲမှာ နေတာဖြစ်ပြီး ခုတလော မလာလို့ နေများမကောင်း တာလား၊ အကြောင်းကိစ္စ တစ်စုံတစ်ခုပဲ ရှိလို့လားဆိုတာကို သိရအောင် လာတာဖြစ်သည်။

သူက ဖုန်းလေးတောင် မဆက်ဘဲ ပျောက်နေတာဖြစ်ပြီး ကိုယ်တွေအိမ်မှာကလည်း အလုပ်လုပ်လာတာ ကြာပြီဆိုတော့ အိမ်သား တစ်ပိုင်းတောင် ဖြစ်နေတာမို့ စိတ်ပူပြီး လိုက်လာတာဖြစ်သည်။

ရပ်ကွက်ထဲကို ဝင်လိုက်ပြီဆိုကတည်းက လမ်းတွေက ချိုင့်ခွက်တွေ၊ ရွှံ့ဗွက်တွေနဲ့ ဖြစ်တာကြောင့် ရပ်ကွက်လမ်းထဲကို ကတ္တရာ လမ်းပေါ်မှာ မောင်းသလိုမျိုးနဲ့ ဗိုးခနဲ မောင်းကွေ့လိုက်သည့် ဒရိုင်ဘာ ဦးအေးကိုတောင် ဖြည်းဖြည်းမောင်းဖို့ ပြောလိုက်ရသေးသည်။

ဒါပေမဲ့ ဟိုကိုရောက်သွားတော့ အိမ်တံခါးကြီးက ပိတ်ထား တာမို့ ဘေးနားမှာ စုံစမ်းကြည့်တော့ နေမကောင်းလို့ ဆေးရုံတက်နေရ တယ်တဲ့။ ဒါနဲ့ပဲ ဘယ်ဆေးရုံမှာလဲမေးကာ ဆေးရုံကိုပဲ လိုက်သွားဖို့ ကားကိုပြန်လှည့်လာလိုက်ကြတာဖြစ်သည်။ ဒါပေမဲ့ တစ်နေရာအရောက်

မှာတော့ ကောင်မလေးတစ်ယောက်က သူမတို့ကားရှေ့မှာ ပိတ်ရပ်လာတာကို တွေ့လိုက်ရလေသည်။

"ဟော့ ... ဘာလုပ်နေတာလဲ ကားရှေ့မှာ သေချင်လို့လား"

ဦးအေးက ခေါင်းတွက်ပြီး အော်လိုက်တာကြောင့် ဒေါ်ဒေဝီနန်းမြတ်က ဦးအေးဘက် တစ်ချက်ဟန့်သလို ကြည့်လိုက်ရင်း ...

"ဟာ ... စကားကို-အေးအေးဆေးဆေး ပြောပါ ဦးအေးကလည်း"

"မဟုတ်ဘူး အစ်မရဲ့၊ ဟိုမှာကြည့်ဦး၊ ဟော့ ... ဖယ်လေကွာ"

ကောင်မလေးက မဖယ်။ ကားရှေ့မှာပဲ ပုံးကြီးတစ်ပုံးကို ကိုင်ကာ ပေရပ်နေလေတော့ ဦးအေးက ဆင်းသွားသလို ဒေါ်ဒေဝီနန်းမြတ်ပါ ဆင်းလိုက်သွားရသည်။

"ဟေ့ကလေးမ ... နားမကြားဘူးလား၊ ကားရှေ့မှာ ဘာရပ်လုပ်နေတာလဲ"

"ဘာလုပ်ရမှာလဲ၊ ရပ်နေတာလေ၊ ရှင်တို့မျက်လုံးတွေ ကန်းနေလား၊ ဒီမှာ ကြည့်ဦး၊ ရှင်တို့ ကားကိုလူလိုမမောင်းလို့ ကျွန်မတစ်ကိုယ်လုံး ဗွက်တွေစင်ပြီး ရစရာမရှိအောင် ဖြစ်သွားတာ၊ ဒါကိုတောင် မမြင်ချင်ယောင်ဆောင်ပြီးတော့လည်း မောင်းသွားသေးတယ်၊ လူကိုလည်း ဟိန်းလား ဟောက်လားနဲ့"

ကောင်မလေးစကားအဆုံးမှာ ဒေါ်ဒေဝီနန်းမြတ်က ကောင်မလေးကို သေချာကြည့်မိတော့သည်။ မျက်နှာတွေမှာရော၊ ခန္ဓာကိုယ်မှာရော၊ လက်ထဲမှာ မ,ထားပြီး ဘာတွေထည့်ထားမှန်းမသိသည့် ပုံးကြီးမှာရောက ဗွက်ရေတွေစိုရွှဲကာ ညစ်ပတ်ပေရေနေတော့သည်။

"ဘယ်တုန်းကလဲ၊ ဘယ်တုန်းက ဖြစ်တာလဲ"





"ဘယ်တုန်းကမှာလဲ၊ အခုမှ မသိချင်ယောင်ဆောင်မနေနဲ့၊ ရှင်တို့ဟိုလမ်းထိပ်မှာ ရှင်တို့ဒီဘက်ထဲကို ကွေ့ဝင်လာတော့လေ"

ဒေါ်ဒေဝီနန်းမြတ်က အခြေအနေကို ချက်ချင်းပဲ သဘောပေါက်လိုက်သည်။ ဟုတ်တော့ ဟုတ်သည်။ ဒီလမ်းထဲ ချိုးကွေ့ဝင်လာတုန်းက လမ်းဘေးမှာ ကောင်မလေးတစ်ယောက် ရပ်နေတာကိုတော့ အမှုမဲ့အမှတ်မဲ့ တွေ့လိုက်သေးသည်။ ဒါပေမဲ့ ကိုယ်ကလည်း ကိုယ့်အာရုံနဲ့ကိုယ်ဆိုတော့ သေချာမကြည့်လိုက်မိ။ ပြီးတော့ အခုလိုကြီး ဖြစ်သွားမှန်းလည်း မထင်လိုက်ဘူးလေ။

"ရပြီ ... ဦးအေး၊ ရှင် ကားထဲပြန်သွားတော့ ... သွား"

အခြေအနေ အရပ်ရပ်ကို သဘောပေါက်သွားသည့် ဒေါ်ဒေဝီနန်းမြတ်က ဦးအေးကို ကားထဲပြန်သွားခိုင်းလိုက်သည်။ ပြီးတော့မှ ကောင်မလေးကို တစ်ချက် မျက်လုံးချင်း ဆုံကြည့်လိုက်မိသည်။ ကောင်မလေးမျက်လုံးတွေက စူးရဲတောက်ပနေကာ သူ့ရှေ့မှာ ရပ်နေတာဟာ လူကြီးသူမတစ်ယောက် ဆိုတာကိုရော ထည့်တွက်ရဲ့လားမသိပါ။

လူကြီးသူမတစ်ယောက်ကို ကြည့်နေတာဟာ ဒီလိုမျက်လုံးမျိုးတွေတဲ့လား။ ပြီးတော့ သူမမျက်နှာပေး။ မဟုတ်ဘူး ... မျက်နှာပေးဆိုတာထက် မျက်နှာကို စိတ်ထဲမှာ ရင်းနှီးနေသလိုပါပင်။ ဘယ်နေရာမှာများ မြင်ဖူးတာပါလိမ့်။

"ဟို ... သမီးရယ်၊ အန်တီတို့ တကယ်မသိလိုက်လို့ပါ၊ အန်တီတောင်းပန်ပါတယ်နော်၊ သမီး ကျေနပ်အောင် အန်တီဘာလုပ်ပေးရမလဲ၊ ဟို ... သမီး အဝတ်အစားတွေအတွက် အန်တီ ပြန်လျော် ..."

စကားမဆုံးလိုက်သေး။ ကောင်မလေးက ပက်ခနဲ ပြန်ပြော လာပြန်သည်။

"ရှင် ... ငွေစကား မပြောနဲ့၊ ပိုက်ဆံလိုချင်လို့ ပြောနေတာမဟုတ်ဘူး၊ လူမဆန်ဘူး ကျော့တယ်လို့ ထင်လို့ လိုက်လာတာ"

ဒေါ်ဒေဝီနန်းမြတ်ရဲ့ စိတ်ထဲမှာ အတော့်ကိုပဲ နင်သွားရသည်။ ကောင်မလေးရဲ့လေသံတွေက လူကြီးသူမတစ်ယောက်ကို ပြောနေတာနဲ့ကို မတူ။

ဒါပေမဲ့ ဘာမှတော့ မပြောဖြစ်လိုက်ပါ။ လောလောဆယ်မှာ ကိုယ့်ဘက်က လွန်သလိုဖြစ်နေတာဆိုတော့ ကောင်မလေးကျေနပ်သွားအောင် ဖြေရှင်းဖို့ကသာ အဓိကမဟုတ်လား။

"ဒါဆို အန်တီ သမီးကျေနပ်အောင် ဘာများလုပ်ပေးရမလဲ"

"ရပြီ ... လုပ်ပေးစရာ မလိုဘူး၊ ရှင်တို့အမှားကိုသိရင် နောက်ဆင်ခြင်အောင် လာပြောပြတာ"

ပြောပြီး ကောင်မလေးက ချာခနဲနေအောင် လှည့်ထွက်သွားတော့သည်။

ဒေါ်ဒေဝီနန်းမြတ်မှာတော့ ကားပေါ်ကို အောင့်သက်သက်နဲ့ပဲ ပြန်တက်လာခဲ့လိုက်သည်။ တစ်လမ်းလုံး ကောင်မလေးရဲ့မျက်နှာလေးနဲ့ လေသံတွေ၊ အကြည့်တွေကို ပြန်မြင်ယောင်ကာ ဘယ်မှာမြင်ဖူးပါလိမ့်လို့ စဉ်းစားနေမိသော်လည်း စဉ်းစားလို့မရ။

ဒါပေမဲ့ ကုန်တိုက်တစ်ခုရှေ့ကအဖြတ် ချိတ်ဆွဲထားသည့် ပိုစတာကြီးတစ်ခုကို တွေ့လိုက်တော့မှ အာရုံက လင်းခနဲဖြစ်သွားရတော့တာဖြစ်သည်။





"သြော် ... ဟိုတစ်ယောက်"

မော်ဒယ်ကောင်မလေး။

မိတ်ကပ်ပါတဲ့ မျက်နှာနဲ့ မိတ်ကပ်လိမ်းမထားတဲ့ မျက်နှာက နည်းနည်းကွဲနေတော့ ချက်ချင်း စဉ်းစားလို့မရ ဖြစ်သွားတာ။ သူက အဲဒီရပ်ကွက်မှာ နေတာလား။ ဘယ်သူ ... နာမည်က။ လူကိုသိလိုက်ပေမယ့် နာမည်က စဉ်းစားလို့မရ။

သြော် ... သိပြီ။ ချစ်သည်းပုံ။

♥ ♥ ♥

တစ်ကိုယ်လုံး ဗွက်တွေပေကျံကာ ကော်ပုံးကြီးမ,ရင်း ပြန်ရောက်လာတဲ့ သူမကိုမြင်တော့ မေမေက မျက်လုံးပြူး မျက်ဆန်ပြူးနဲ့ ကြည့်လာကာ ...

"ဟဲ့ ... သမီး၊ ဘယ်လိုဖြစ်လာတာလဲ၊ တစ်ကိုယ်လုံးလည်း ပေကျံလို့ပါလား၊ လဲလာတာလား"

"မဟုတ်ပါဘူး မေမေရယ်၊ စည်းကမ်းမရှိတဲ့ ကားတစ်စီးကြောင့်ပါ၊ စိတ်တိုလိုက်တာ မပြောပါနဲ့တော့၊ ရုံးတင်ကားက လာတော့မယ်"

သူမက ပြောလည်းပြော အိမ်ထဲဘက်ကိုလည်း ခပ်မြန်မြန် ပြန်ဝင်သွားလိုက်သည်။ သန့်ရှင်းရေး မြန်မြန်လုပ်ရဦးမည်။ ညှော်ခန်းထဲ ရောက်တော့ ဖေဖေက မေးပြန်သည်။

"ဟာ ... သမီး၊ ဘာမှနေခဲ့လို့လဲ၊ မဟုတ်သေးပါဘူး၊ ဗွက်တွေနဲ့ လဲလာတာလား"

"မဟုတ်ပါဘူး ဖေဖေရယ်၊ ကားတစ်စီးကြောင့် စဉ်ကုန်တာ၊ လမ်းထဲကို ကားမောင်းဝင်လာတာ လူလိုမှ မောင်းဝင်မလာတာ၊ လူလိုမသိဘူး ထင်ပါရဲ့"





သန့်ရှင်းရေး လုပ်နေရင်းကနေ မျက်လုံးထဲမှာ စောစောက လူနှစ်ယောက်ကို ပြန်မြင်ယောင်မိတော့ ဒေါသက ပိုထွက်လာပြန်သည်။ ဒါပေမဲ့ ကြာကြာတော့ ထွက်မနေနိုင်။ လူရော၊ ပုံးကိုရော၊ ပိုက်ဆံအိတ်ကိုပါ သန့်ရှင်းရေး မြန်မြန်လုပ်၊ အဝတ်အစားလဲကာ ပြန်ထွက်လာခဲ့လိုက်သည်။

"ဖေဖေ ... သမီး ပြန်သွားလိုက်ဦးမယ်"

"အေး အေး ... သမီး၊ ဒီတစ်ခါလည်း သတိထားသွားဦး၊ ကားလာရင် ဝေးဝေးကရှောင်"

"အဟင်း ... ဟုတ်ကဲ့ ..."

အိမ်ရှေ့ရောက်တော့လည်း ဝယ်သူလာလို့ မုန့်ဟင်းခါးပြင်ပေးနေတဲ့ မေမေ့ကို ...

"သမီး သွားပြီ ... မေမေ"

လောက်သာ ပြောခဲ့လိုက်ပြီး ခပ်သွက်သွက် ထွက်လာခဲ့လိုက်သည်။

လမ်းထိပ်ကို လှမ်းကြည့်တော့ ရုံးတင်ကားက ရောက်နေပြီ၊ သူမကိုမြင်တော့ ကားပေါ်က ကောင်လေးတစ်ယောက်က ပြေးဆင်းလာကာ သူမဆီကပုံးကို လာကူသယ်ပေးသည်။ နောက်တော့ နှစ်ယောက်သားရပ်ထားသည့် ရုံးတင်ကားဆီကို ခပ်သွက်သက်ပဲ လျှောက်သွားလိုက်ကြတော့သည်။

♥ ♥ ♥

သန်လျင်ဘက်က ရှုတင်က မှောင်မယ်ထင်သော်လည်း ထင်ထားတာထက် အများကြီးပိုကာ စောစော brake လိုက်တာမို့ သူမ က ကို့ကို သတိရသွားကာ ဖုန်းခေါ်လိုက်လေသည်။ ကိုက ဖုန်းကိုတစ် ချက်သာ မြည်ရသေးခင်မှာပင် တန်းကိုင်လာလေသည်။

"ဝါး ... ဖုန်းကို တန်းကိုင်တယ်ရော"

"ဒါပေါ့၊ မျှော်နေတာကိုးကွ၊ ပြော ... ဘာကိတ်"

"ဒီနေ့ ရှုတင်က ပြီးသွားပြီလေ၊ အဲဒါ သန်လျင်က ပြန်လာနေ ပြီ၊ တွေ့များ တွေ့ချင်မလားလို့၊ လှမ်းမေးတာ ... အဟင်း"

"ဘယ်လိုများ ပြောပါလိမ့်၊ မနေ့ကတည်းက မျက်နှာတော်ကို မော်ဖူးချင်နေတာ"

"ဒါဆို တွေ့နေကျ YKKO ကိုပဲ လာခဲ့လိုက်လေ၊ သည်း အဲဒီမှာ စောင့်နေမယ်၊ ကို ကြိုရောက်နေရင်လည်း စောင့်နေပေး"

"အိုခေ"

သူ ဖုန်းကျသွားသည်နှင့် သူမက ရှုတင်ကားဒရိုင်ဘာအား ကိုယ်ဆင်းမည့်နေရာကို ကြိုပြောထားလိုက်သည်။





ချိန်းထားတဲ့ဆိုင်ကိုရောက်တော့ ချစ်ဖို့ကောင်းလွန်းသည့် ကိုက သူမထက်အရင်ကိုပဲ ကြိုရောက်နေတာဖြစ်သည်။

"ရောက်နေတာ ကြာပြီလား ကို"

သူ့ရှေ့မှာ မျက်နှာချင်းဆိုင်ထိုင်လိုက်ရင်း မေးဖြစ်တော့ သူက တစ်ချက်ပြုံးလိုက်ရင်းက ...

"ဆယ့်ငါးမိနစ်လောက်ရှိပြီ၊ သည်းအတွက်ပါ ကြေးအိုးကြိုမှာထား တယ်"

"အဲလို အလိုက်သိလို့ ချစ်တာ ကို့ကို၊ သည်းလည်း ဗိုက်ဆာနေ တာ"

သူမ စကားအဆုံးမှာပင် ကြေးအိုးပူပူလောင်လောင်များက သူမတို့စားပွဲပေါ်သို့ ရောက်လာလေတော့သည်။ သူရော၊ သူမရော ကြေးအိုးသရဲတွေမို့ များသောအားဖြင့်ကတော့ ဒီဆိုင်မှာသာဆုံကာ ကြေးအိုး သောက်ရင်း စကားပြောဖြစ်ကြတာ များပါသည်။

"ပြောတော့ ဒီနေ့ည မိုးချုပ်မယ်ဆို ရှုတင်က"

"ဟုတ်တယ်လေ၊ ဒါပေမဲ့ ဒါရိုက်တာကြီးက ဒီညပွဲတက်စရာ လို့ဆိုပြီး စောစော သိမ်းလိုက်တာနဲ့ စိတ်က ကို့ဆီကို ချက်ချင်း ရောက်သွားပြီး ဖုန်းခေါ်လိုက်တာ"

"ဒီနေ့ ရိုက်ရတာရော အဆင်ပြေရဲ့လား"

"ပြေပါတယ်၊ ပြေဆို မနက်က အဖြစ်အပျက်ကို ပြောပြရဦးမယ် သည်းက ရှုတင်ကားစောင့်ဖို့ လမ်းထိပ်ထွက်လာတာလေ၊ အဲဒါက ကားတစ်စီးက လမ်းထဲကို ခပ်ကြမ်းကြမ်း ကွေ့ဝင်လာတာ သည်း တစ်ကိုယ်လုံး ရစရာကိုမရှိဘူး ဗွက်တွေစဉ်ကုန်တာ

အဲဒါကို သူတို့က မမြင်ချင်ယောင် ဆောင်သွားသေးတာ၊ သည်းလည်း စိတ်တိုတိုနဲ့ နောက်ကလိုက်သွားပြီး ကောပစ်လိုက်တယ်”

သူမစကားအဆုံး သူက သဘောတကျပြုံးလိုက်ရင်း ...

“ကိုယ့်သည်းကလည်း စွာလိုက်တာ”

“အဲလိုလူတွေက စွာမှတော်ကာကျတာ ကိုရဲ့၊ သူတို့ကြောင့်ဖြစ်သွားရင်လည်း ဆင်းဆက်ပြီး တောင်းပန်ပါတယ် ဘာတယ်လုပ်လိုက်ရင်ပဲ ကိုယ်က ကျေအေးပေးလိုက်မှာပါ၊ အခုတော့ တမင်ကျောသွားတယ်ထင်လို့ မောက်မာတယ် ထင်လို့ကို ကျောင်းမုန်းကန်မုန်းသိအောင် ပြပစ်လိုက်တာ၊ အံမယ် ... လာသေးတယ် သိလား၊ သူတို့က ပိုက်ဆံရှိတယ်ဆိုပြီး ငွေစကားက ပြောချင်သေးတယ်၊ ငွေနဲ့ရှင်းရင် ဘာမဆိုဖြစ်တယ် ထင်နေတာ၊ အဲလိုလူမျိုးတွေလောက် ဘဝမှာ မုန်းတာမရှိတော့ဘူး”

နောက်တော့ နှစ်ယောက်သား ဟိုအကြောင်းပြောလိုက်၊ အကြောင်းပြောလိုက်နှင့်ပင် တစ်နာရီလောက် အချိန်ဖြုန်းလိုက်ကြပြီး ာမှ သူက သူမကို လမ်းထိပ်အထိ လိုက်ပို့ပေးကာ ပြန်သွားလေသည်။ မလည်း အိမ်မြန်မြန်ရောက်ကာ နားချင်နေပါပြီ။

♥ ♥ ♥



## အခန်း(၄)

ဒီနေ့က အလုပ်ပိတ်သောနေ့ ဖြစ်သလို နေဝန်းလည်း အိမ်လာလည်တာမို့ သူနဲ့ နေဝန်းက ခြံထဲမှာပဲ အေးအေးဆေးဆေး စကားထိုင်ပြောနေမိကြသည်။

“ဘယ်လိုလဲ၊ မင်း ချစ်သည်းပုံနဲ့ရော တွေ့ဖြစ်ရဲ့လား၊ မင်းကလည်း မင်းအလုပ်နဲ့မင်းရှုပ်၊ ဟိုကလည်း သူ့အလုပ်တွေနဲ့သူရှုပ်နေတာဆိုတော့”

“တွေ့ဖြစ်တာပေါ့ကွာ၊ ချစ်သူတွေပဲဟာ၊ ဘယ်လောက်အလုပ်ရှုပ်ရှုပ် အချိန်ပိုလေး ထွက်လာတာနဲ့ ပြေးတွေ့လိုက်ကြတာပဲ”

သူ့စကားကြောင့် နေဝန်းက ပြုံးစိစိနဲ့ သဘောတကျ ခေါင်းညိတ်ပြသည်။

“ချစ်သည်းပုံလည်း အခုတလော နာမည်တော်တော် တက်လာတယ်နော်၊ နောက်တက်တွေထဲမှာ သူတစ်ယောက်ပဲ အော်တက်လာတာ”

"ဟုတ်တယ်၊ သူ တော်တော်နေရာရလာပြီ ပြောရမယ်၊ ကြော်ငြာတွေတောင် ခပ်စိပ်စိပ် ရိုက်လာရပြီလေ၊ သူက ရုပ်ရှင်မင်းသမီး ဖြစ်ချင်တာ"

"အင်း ... ဖြစ်မှာပါကွာ၊ သူ့ရုပ်က မင်းသမီးဖြစ်ဖို့ မွေးလာတဲ့ရုပ်မျိုးပဲဟာ၊ ယူဖို့ အစီအစဉ်ရော မရှိသေးဘူးလား၊ မင်းတို့တွေ"

"အင်း ... မေမေကတော့ တစ်နေ့ တစ်နေ့ မိန်းမယူဖို့ပဲ ပြောနေတာ၊ ငါလည်း သည်းကို မေမေနဲ့တွေ့ပေးမလားလို့"

သူ့စကားအဆုံးမှာပင် လေးဆင့်ချိုင့်တစ်လုံးကိုဆွဲကာ ခြံထဲလျှောက်ဝင်လာသော ရွှေနှင်းဆက်ကို တွေ့လိုက်ရသည်။ နေဝန်းနဲ့သူ့ရဲ့စကားက ခဏပြတ်သွားကာ သူမကိုပဲ လှမ်းကြည့်နေလိုက်မိကြသည်။ သူမကလည်း သူတို့ကို မြင်သွားပြီး သူတို့ဆီကိုပဲ ဦးတည်လျှောက်လာ၏။

"ကိုစွမ်း ... အန်တီရှိလား"

"ဟုတ်ကဲ့ ... ရှိတယ် အထဲမှာ၊ ဘာတွေလဲ မသိဘူး"

"သြော် ... ဒီနေ့ အိမ်မှာ အုန်းနို့ခေါက်ဆွဲ ချက်စားတယ်လေ၊ အဲဒါ ကိုစွမ်းနဲ့ အန်တီ စားရအောင် လာပို့ပေးတာ၊ ဒါဆို နှင်းဆက် အိမ်ထဲကိုပဲ သွားလိုက်မယ်နော်"

"သြော် ... ဟုတ်ကဲ့"

ရွှေနှင်းဆက်က သူတို့နှစ်ယောက်ကို ပြုံးပြနှုတ်ဆက်ကာ အိမ်ထဲဘက် လျှောက်ဝင်သွားသည်။ ရေညှိစိမ်းရောင် ရင်ဖုံးအင်္ကျီလေးနှင့် ထဘီကို ခြေမျက်စိဖုံးအောင်ဝတ်ကာ တင်ပါးကျော်အောင် နက်မှောင်ရှည်လျားသော ဆံနွယ်တွေကို ပခုံးတစ်ဖက်မှကျော်ကာ ရှေ့ဘက်ဆွဲယူ





ချထားပြီး ခြေတစ်လှမ်း ကုဋေတစ်သန်း ဆိုသလို လမ်းလျှောက်ထွက်ခွာသွားသည့် သူမကိုကြည့်ကာ နေဝင်းက ...

"လုံးဝ မဟာဆန်သူပဲနော်၊ အလိမ္မာ အိမ်ပါဆိုတာ ဒါမျိုးကိုပြောတာနေမှာ"

"ဘာလဲ ... မင်း သဘောကျလို့လား"

"မကျရဲပါဘူးဗျာ၊ ရွှေနှင်းဆက် မျက်ဝန်းတွေက ဘာသာပြန်ရလွယ်ပါတယ်၊ သူ့မျက်ဝန်းတွေထဲမှာ မင်းအရိပ်တွေချည်းပါပဲ"

"ဟာကွာ ... မင်းကလည်း၊ ဟိုက ကြားသွားပါဦးမယ်၊ ကြားသွားရင် အားနာစရာ"

"မကြားပါဘူးကွာ၊ မင်းလည်း သိပါတယ်၊ မသိချင်ယောင်ဆောင်နေတာ မဟုတ်လား၊ ပြီးတော့ ငါ ထင်တာ မမှားဘူးဆိုရင် မင်းအမေကလည်း သူ့ကိုပဲ ချွေးမမှန်းနေတာ ဖြစ်ရမယ်၊ ပြီးတော့ သူတို့က စော်ဘွားမျိုးရိုး မဟုတ်လား၊ မင်းတို့ကလည်း မင်းမျိုးမင်းနွယ်ဆိုတော့ ရွှေရွှေချင်းထပ် မြတ်ဆိုတာလိုပဲ၊ သေချာပါတယ်၊ မင်းအမေကလည်း မျိုးရိုးကို သိပ်တန်ဖိုးထားတတ်ပုံနဲ့တော့ မင်း ခေါင်းကိုက်ရဦးတော့မှာပဲ"

နေဝန်း စကားကြောင့် မျက်လုံးထဲမှာ သည်းကို ပြေးမြင်လိုက်မိသည်။ အမြဲတမ်း ဘောင်းဘီတွေ၊ ဂါဝန်တွေ၊ စကတ်တွေနှင့်သာ တွေ့ရလေ့ရှိသည့် ချစ်ရသူလေးဟာ ထဘီမှ ဝတ်တတ်ပါ့ရဲ့လား။

မေမေ့နေရာမှာကနေ ရွှေနှင်းဆက်နှင့် ချိန်ထိုးစဉ်းစားကြည့်လိုက်မိတော့ ရင်ထဲမှာ အတော့်ကိုပဲ မောသွားရသည်။

"ဘာတွေ တွေးနေတာလဲ"

သူက ကိုယ့်အတွေးနဲ့ကိုယ် ငြိမ်သွားတော့ နေဝန်းက ဘောချင်းကပ် ထိုင်နေရာကနေ ပခုံးချင်း လာတိုက်ရင်း မေးလာသည်။

"ဩော် ... သည်း အကြောင်း စဉ်းစားမိလိုက်လို့ပါ၊ ငါ သည်းကို မေမေနဲ့ အမြန်ဆုံး တွေ့ကြည့်ပေးမှ ဖြစ်မယ်ထင်တယ်"

"သိပ်သေချာတာပေါ့၊ မင်းအမေဘက်က ဘာမှစလှုပ်ရှားမလာခင် မင်းမှာ လက်ဆုပ်လက်ကိုင် ရှိတယ်ဆိုတာကို မင်းဘက်က ပြထားနိုင်ဖို့လိုတယ်၊ ဒါမှ မင်းမေမေဘက်က ဘရိတ်ဖမ်းသွားမှာ"

သူက သက်ပြင်းမောတစ်ချက်ကို ကျိတ်ချလိုက်ရင်း အိမ်ဘက်ဆီကို တစ်ချက်လှမ်းကြည့်လိုက်မိသည်။ အခုလောက်ဆိုရင် မေမေနဲ့ နှင်းဆက်တို့ အတော့်ကိုပဲ လေပေးဖြောင့်နေလောက်ရောပေါ့။

♥ ♥ ♥



ဒေါ်ဒေဝီနန်းဆက်က အုန်းနို့ခေါက်ဆွဲချိုင့်တွေကို ကိုယ်တိုင်လှယ်နေရင်းမှ ...

"တကူးတက လာပို့ရတာ အားနာလိုက်တာ သမီးရယ်၊ ဖုန်းဆက်လိုက်ရင်ပြီးရော အန်တီ တစ်ယောက်ယောက်ကို လာယူခိုင်းလိုက်မှာပေါ့"

"အားနာစရာ မလိုပါဘူး အန်တီရယ်၊ အိမ်ချင်းက နှစ်ခြံပဲ ခြားတာကို ဘာမှ အပန်းမကြီးဘူး၊ ပြီးတော့ အခုတလောလည်း အန်တီတို့အိမ်ဘက် မရောက်ဖြစ်တာနဲ့ ထွက်လာလိုက်တာ"

"အင်း ... သမီးကတော့ တစ်နေ့တခြား ပိုပိုလှလှလာတယ်နော်၊ သမီးမိဘတွေများ မွေးတတ်လိုက်တာ၊ ရုပ်ကလေးကလည်းချော၊ အိမ်မှုကိစ္စကလည်း နိုင်နင်း၊ လိမ္မာရေးခြားကလည်းရှိ၊ အဟင်း ... အန်တီက ပြန်တောင်မလွှတ်ချင်တော့ဘူး"

"အန်တီကလည်း ပြောရော့မယ်"

ရှက်သွေးဖြာကာ ခေါင်းငုံ့သွားသည့် နှင်းဆက်ကိုကြည့်ရင်း ဒေါ်ဒေဝီနန်းမြတ်က အရမ်းကိုပဲ သဘောကျနေမိဘော့သည်

ရှစ်ရည်၊ ပညာအရည်အချင်း၊ စာရိတ္တ၊ မျိုးရိုးဂုဏ်သိက္ခာ ဘာဆိုဘာမှ ပြောစရာမရှိ။ မိမိရဲ့ချွေးမ ဖြစ်လာရမည့် မိန်းကလေးဟာ ရွှေနှင်းဆက် ကလွဲပြီး ဒီလောကကြီးမှာ နောက်တစ်ယောက် ရှိနိုင်တော့မည်မထင်။

ခက်နေတာက သားဖြစ်သူပင်။ တစ်နေ့ တစ်နေ့ အလုပ်အောတိုက်ကာ အိမ်ထောင်ရေးကို အခုထိ စိတ်ဝင်စားဟန်မပြသေး။ ဒါလည်း ခပ်ကောင်းကောင်းရယ်လို့တော့ ပြောလို့ရသား။ သူ့ဘာသာရှာလာရင်တောင် ကိုယ့်မျိုးရိုးဂုဏ်သိက္ခာကြားမှာ တင့်တယ်စွာ ဝင်ဆံ့နိုင်မယ့် မိန်းကလေးမျိုး ဖြစ်ပို့က မသေချာလှ။ အခုခေတ် မိန်းကလေးတွေကိုလည်း ကိုယ့်မျက်လုံးထဲမှာ သိပ်သဘောမတွေ့လှပါ။

သေချာတာက ဘယ်မိန်းကလေးမှ ရွှေနှင်းဆက်လောက် အဘက်ဘက်က ပြည့်စုံနေဖို့ မလွယ်ကူပေ။

အို ... ဘာမှ ရှည်ရှည်ဝေးဝေးကို စဉ်းစားနေဖို့ မလိုပါဘူး။ ကိုယ့်မျိုးရိုးရဲ့ မျိုးဆက်ကို ဆက်လက်ထိန်းသိမ်းပေးနိုင်မယ့် ချွေးမလောင်းဟာ ရွှေနှင်းဆက်ကလွဲပြီး ဘယ်သူမှ ဖြစ်လာနိုင်စရာ အကြောင်းမရှိပါချေ။

♥ ♥ ♥



"အားပါးပါး ... ကြားသားမိုးကြိုး၊ ဒီနေ့ မော်ဒယ်မမက အိမ်မှာရှိလို့ပါလား၊ မိုးက မလင်းရတဲ့အထဲ ရွှေဦးတော့မှာပဲ"

ခနဲ့တဲ့တဲ့ စကားနှင့်အတူ အိမ်ထဲဝင်လာသည့် ကြာညိုကြောင့် သူမက ဧည့်ခန်းထဲမှာထိုင်ကာ စာဖတ်နေရာကနေ ဝမ်းသာသွားရှင်း ...

"ဟား ... မိကြာ လာလာ၊ ဘယ်လာတာလဲ"

"ဘယ်လာရမှာလဲ၊ နင့်ဆီပဲ လာတာပေါ့"

ကြာညိုက သူမဘေးမှာပဲ ဝင်ထိုင်လာသည်။ ပြီးနောက် အိမ်ထဲဘက်ဆီ ဝေ့ဝဲကြည့်ရင်း ...

"ဒါနဲ့ အန်တီနဲ့ အန်ကယ်ရော မမြင်ပါလား၊ ဘယ်သွားကုန်ကြတုန်း"

"သြော် ... ဖေဖေ့ကို စိတ်ပြေလက်ပျောက်ဖြစ်အောင်ခင်ပြီး အပြင်ခေါ်သွားတယ်လေ၊ ဟိုဘက်လမ်းထဲက ဖေဖေ့သူငယ်ချင်းအိမ်သွားလည်ကြတယ်"

"အန်ကယ်ရော ဘယ်လိုနေလဲ"

"ဘယ်လိုနေရမလဲဟာ၊ ဒီအတိုင်းပဲပေါ့ အောက်ပိုင်းကတော့၊ ကျန်းမာရေးကတော့ ကောင်းပါတယ်"

"ညည်းလည်းနော် ဖုန်းလေးတောင် တစ်ချက်မဆက်ဘူး၊ ငါဆက်ရင်လည်း စက်ပိတ်ထားတယ်ဆိုတာချည်းပဲ တိုးနေတာ၊ ဖမ်းကိုမမိဘူး"

"အေးဟာ ... ခုတလော နည်းနည်းအလုပ်တွေပိနေလို့၊ ရှူတင်ရောက်ရင်လည်း ဖုန်းကပိတ်ထားတာက များတယ်လေ၊ အဲဒါကြောင့်ပါ"

"ဒါဆို နင့်လူနဲ့ကျတော့ရော"

"ဩော် ... သူနဲ့လား၊ အဟင်း ... သူနဲ့ကတော့ တွေ့ဖြစ်ပါတယ်၊ သူက ငါရှိတဲ့နေရာကို ရောက်ရောက်လာတာလေ"

သူမစကားအဆုံး ကြာညိုက မျက်စောင်းတစ်ချက် ပိတ်ထိုးလာရင်း ...

"ဟင်း ... ဟုတ်နေလိုက်ကြတာ"

ကြာညို့စကားကြောင့် သူမက အသံထွက်အောင် အော်ရယ်လိုက်မိပြန်သည်။ ကြာညိုနဲ့ သူမက စတိတ်ကျောင်းမှာကတည်းက ပေါင်းသင်းလာကြသည့် အချစ်ဆုံးသူငယ်ချင်းတွေပါ။ ဒါပေမဲ့ ကြာညိုက သူမလိုတော့မဟုတ်။ အစစအရာရာ ပြည့်စုံသည့် အသိုင်းအဝိုင်းက မွေးဖွားလာသည့်သူ။ နေတာကလည်း ဒီရပ်ကွက်မှာမဟုတ်။ မြို့ထဲဘက်မှာ နေတာဖြစ်သည်။

"ဒါနဲ့ ဒီနေ့က ရှူတင်မရှိဘူးလား"





"ဟုတ်တယ် ... ဒီနေ့ ဘာအလုပ်မှ မရှိဘူး၊ ပွဲတစ်ပွဲကတော့ လျှောက်ဖို့ လာခေါ်သေးတယ်၊ ဒါပေမဲ့ ပွဲကြီးလည်း မဟုတ်ဘူး၊ အဖြစ်လုပ်တဲ့ပွဲမျိုးဆိုတော့ မလျှောက်ချင်လို့၊ ဒီရက်ပိုင်း ဆက်တိုက်ပင်ပန်းထားတာတွေလည်း များနေတော့ နားချင်တာလည်းပါတာနဲ့ ငြင်းလွှတ်လိုက်ပြီးတော့ အိမ်မှာတင် ဇိမ်ယူနေတာလေ ... ဟဲ ဟဲ၊ ဒါနဲ့ နင် ဘာစားမလဲ၊ အပူသောက်မလား၊ အအေးသောက်မလား"

"ဘာမှမသောက်ချင်ဘူး၊ စေတနာရှိရင်တော့ လက်ဖက်သုပ်ချဉ်ငန်စပ်လေး သုပ်ကျွေး"

"အိုခေ ... ဖြစ်ရမှာပေါ့၊ လက်ဖက်သုပ်စားရင် နှစ်ယောက်သားအတင်းတုပ်ကြတာပေါ့နော်၊ နင် အချိန်ရတယ် မဟုတ်လား"

"ရပ့ါတော် ... ညနေမှ ပြန်မှာ"

"အိုကေ ... ဒါဆို ခဏစောင့်၊ ငါ လက်ဖက်သုပ် သွားသုပ်လိုက်ဦးမယ်"

"ငါပါ ဝိုင်းကူမယ်လေဟယ်၊ ပြီးရင် နင်နဲ့ဓာတ်ပုံတွဲရိုက်ပြီးတော့ ဖေ့ဘွတ်မှာ တင်ရမယ်၊ မော်ဒယ်မင်းသမီးအိမ်မှာ သာသာယာယာကုန်းဆင်းနေသည် ဆိုပြီးတော့လေ၊ ဒါမှ ငါ့အကောင့်ထဲမှာ လူစည်လာမှာ ... ဟဲ ဟဲ ..."

နှစ်ယောက်သား ရယ်လိုက်ကြကာ မီးဖိုချောင်ထဲဘက်ဆီသမ်းလျှောက်လာခဲ့လိုက်သည်။ ကြာညို့ကို သူမခင်တာ အဲဒါတွေကြောင့်ဖြစ်သည်။ ချမ်းသာပေမယ့်လို့ မာန်မာနမရှိ။ လွတ်လပ်ပေါ့ပါးကာ အမြဲတမ်း ပျော်ပျော်နေတတ်ပြီး သူ့အပျော်တွေက တစ်ဖက်လူဆီကို

တောင် ကူးစက်လာအောင် စွမ်းဆောင်နိုင်သူတစ်ယောက် ဖြစ်သည်။ ကြာညိုသော မာနထောင်လွှားတတ်သူ တစ်ယောက်ဆိုရင် သူမနှင့် အခု လောက်ထိ အစေးကပ်စွာ ပေါင်းမိနိုင်ကြမည် မထင်ပါ။

သူမက အသားလွတ် မာနထောင်လွှားနေတတ်သူမျိုးကို အသေမုန်းတာလေ။

♥ ♥ ♥



## အခန်း(၅)

"ဗျာ ... သားကို ရွှေနှင်းဆက်နဲ့ လက်ထပ်ပေးချင်တယ်၊ ဟုတ်လား မေမေ"

မေမေ့ဆီက ကြားလိုက်ရသည့် စကားကြောင့် ပါးစပ်ဆီကို ခွံ့တော့မည့် ထမင်းလုတ်က ထမင်းပန်းကန်ထဲကို ပြန်ပြုတ်ကျသွားရကာ အံ့သြတကြီး ဆိုမိတော့ မေမေက ခေါင်းကိုညိတ်ပြလာရင်းက ...

"ဟုတ်တယ် သား၊ မေမေ ရွှေနှင်းဆက် မိဘတွေနဲ့ တီးခေါက်ကြည့်ပြီးပြီ၊ သူတို့ကလည်း သားကို သဘောကျကြတယ်၊ ပြီးတော့ နှင်းဆက်လေးကလည်း သားကို သံယောဇဉ်ရှိတယ်"

"မဖြစ်နိုင်ဘူး မေမေ၊ သား ..."

သူ့စကားမဆုံးသေးခင် မေမေက သူ့ကို ခပ်မာမာတစ်ချက်ကြည့်လာရင်း ...

"ဘာလို့မဖြစ်နိုင်ရတာလဲ၊ ရွှေနှင်းဆက်မှာ သားငြင်းလောက်စရာ ဘာများလိုအပ်ချက် ရှိနေလို့လဲ၊ ရုပ်ရည်၊ ပညာအရည်အချင်း

ဣန္ဒြေသိက္ခာ အကုန်ပြည့်စုံတယ်၊ ပြီးတော့ အမိက,က မျိုးရိုးပဲ၊ သူတို့မျိုးရိုးက နယ်နယ်ရရမျိုးရိုး မဟုတ်ဘူး သား၊ မြင့်မြတ်တဲ့ စော်ဘွားမျိုးရိုး၊ ဒီလိုမျိုးရိုးကာ ဆင်းသက်လာတဲ့ မိန်းကလေးတစ်ယောက်ကသာ မေမေတို့ မင်းမျိုးမင်းနွယ်ရဲ့ မျိုးဆက်ကို ဆက်လက် ထိန်းသိမ်းပေးနိုင်တော့မှာပေါ့၊ မေမေကတော့ သူ့ကိုပဲ သဘောကျတယ်”

မေမေရဲ့ အဲဒီမျိုးရိုးမာန်ကို သူ သိပ်စိတ်ပျက်ပါသည်။ မင်းမျိုးမင်းနွယ်ရဲ့ နောက်ဆုံးအကြွင်းအကျန် ဖြစ်ရတာကို မေမေဂုဏ်ယူသလောက် သူကတော့ တစ်ခါတစ်ခါကျ သိပ်ကို စိတ်ပျက်ပါသည်။

မင်းမျိုးမင်းနွယ်မှ စော်ဘွားစော်ကဲတွေမှ မြင့်မြတ်တဲ့မျိုးရိုးလို့ ခေါ်ထိုက်တာလား။ သာမန်လူတန်းစားမျိုးနွယ်တွေကရော မြင့်မြတ်တဲ့မျိုးနွယ် မဟုတ်ရတော့ဘူးတဲ့လား မေမေရယ်။

ပြီးတော့ အခုခေတ်ဟာ သက်ဦးဆံပိုင် ရှင်ဘုရင်တွေ အုပ်စိုးတဲ့ ပဒေသရာဇ်ခေတ်မှ မဟုတ်တော့တာပဲ။

ဒါတွေက သူ့စိတ်ထဲမှာသာ ပြောလိုက်မိတာဖြစ်ပြီး တကယ့်အပြင်မှာ ပြောလိုက်မိသည့် စကားကတော့ ...

“သား ... သူ့ကို မချစ်ဘူး မေမေ”

“အခုမချစ်လည်း နောက်တော့ အတူနေတာကြာလာရင် သံယောဇဉ်ဆိုတာ ဖြစ်လာမှာပါပဲ သားရယ်၊ ပြီးတော့ အချစ်ဆိုတာကလည်း လူငယ်တွေကြားမှာ ချစ်သူရည်းစားဘဝလောက်သာ အရေးပါတာပါ၊ အိမ်ထောင်သည်ဘဝရောက်သွားရင် အချစ်ဆိုတာက အဲလောက်အရေးမပါပါဘူး၊ အမိက,က နားလည်မှုပါပဲ၊ ပြီးတော့ ပိုပြီးအဓိက





ကျတာက တစ်ယောက်ကိုတစ်ယောက် ပါရမီဖြည့်ပေးနိုင်မှုပဲ၊ သားကို ပါရမီဖြည့်ပေးနိုင်မယ့်သူဟာ ရွှေနှင်းဆက်ကလွဲပြီး တခြားဘယ်သူမှ မဖြစ်နိုင်ဘူး သား”

ထမင်းစားဝိုင်း ဆိုပေမယ့် မေမေရော သူပါ ထမင်းကို ဆက်မစားဖြစ်ကြတော့ပဲ ထမင်းစားပွဲကနေ စကားရည်လုပွဲ အဖြစ်ကို တစ်မဟုတ်ချင်း ပြောင်းလဲသွားတော့သည်။

“အချစ်မပါတဲ့ အိမ်ထောင်ရေးက ပျော်ရွှင်နိုင်လိမ့်မယ်လို့ မေမေထင်လို့လား၊ သားကတော့ လုံးဝမထင်ဘူး မေမေ”

သူ့စကားအဆုံး မေမေက ပြုံးသည်။ ဒါပေမဲ့ အဲဒီအပြုံးကို သူ သဘောမကျပါ။

“အချစ် ... ဟုတ်လား၊ မေမေကတော့ အချစ်ထက် မျိုးရိုးဂုဏ်သိက္ခာက ပိုအရေးကြီးတယ်လို့ ယူဆတယ်၊ ပြီးတော့ နေစမ်းပါဦး၊ သားက ဒီလောက်တောင် အချစ် ... အချစ်နဲ့ အော်ဟစ်နေရအောင် သားမှာ ချစ်သူရော ရှိလို့လား၊ သားမှာမှ ချစ်သူမရှိသေးတာ၊ လက်ထပ်ပြီးသွားရင် သားပြောတဲ့ သားရဲ့အချစ်ဆိုတာက ရွှေနှင်းဆက် ဖြစ်လာနိုင်တာပဲ မဟုတ်ဘူးလား”

မေမေ့စကားအဆုံး သူက ခေါင်းကို တွင်တွင်ခါယမ်းပြလိုက်မိသည်။ ဒါပေမဲ့ သူ မေမေနှင့်မျက်လုံးချင်း ကြာကြာဆုံမကြည့်ရဲပါ။

ဒါကြောင့် ခေါင်းကို ခပ်ငုံ့ငုံ့လုပ်ထားလိုက်ရင်း ...

“မဟုတ်ဘူး မေမေ၊ ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲ ပြောတော့မယ်၊ သားမှာ ချစ်သူရှိပြီးသားပါ”

သူ့စကားအဆုံး မေမေ့မျက်နှာက ပြုံးတော့မည့်မိုးလို အုံ့ မှိုင်းလို့သွားတော့သည်။

“ဘယ်လို ... မင်းမှာ ချစ်သူရှိတယ်၊ ဟုတ်လား”

“ဟုတ်ကဲ့ မေမေ၊ သားမှာ ချစ်သူရှိနေပြီ”

“ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘယ်တုန်းက ရှိသွားတာလဲ၊ တစ်ခါမှ မင်း ပြောတာ မကြားမိပါလား”

“အချိန်မတန်သေးဘူးထင်လို့ သား မပြောတာပါ မေမေ၊ သားမှာ တကယ်ချစ်သူရှိပါတယ်၊ သား သူ့ကိုပဲချစ်တယ် မေမေ၊ သား သူ့ကိုပဲ လက်ထပ်ချင်တယ်”

မေမေက အကြာကြီး ငြိမ်သွားသည်။ သူလည်း ဘာမှထပ် မပြောမိ။

မေမေ့ဆန္ဒကိုသာ စောင့်ဆိုင်းဖို့ လိုတော့သည် မဟုတ်ပါ လား။

“ကောင်းပြီလေ၊ ဒါဆိုလည်း သားချစ်သူကို မေမေ့ဆီ ခေါ်လာခဲ့ ပါ၊ မေမေ မင်းချစ်သူကို တွေ့ကြည့်မယ်၊ ဒါပေမဲ့ မင်းချစ်သူဟာ ရွှေနှင်းဆက်ထက် မသာရင်တောင် ရွှေနှင်းဆက်လောက်တော့ ပြည့်စုံနေဖို့ လိုမယ်နော်၊ အဲဒီလိုဆိုရင်တော့ မေမေ့ဘက်က တစ် ထစ်လျှော့ပြီး သားကို သူနဲ့ သဘောတူပေးလိုက်မယ်၊ ဒီလိုမှ မဟုတ်ဘဲ အဲဒီကောင်မလေးဟာ မေမေ လက်ခံပေးလို့ မရတဲ့သူ မျိုး၊ မေမေတို့ မျိုးရိုးနဲ့ ဘယ်လိုမှ မအပ်စပ်တဲ့သူမျိုး ဆိုရင်တော့ မင်း ရွှေနှင်းဆက်ကိုပဲ လက်ထပ်ရမယ်၊ ဘယ်လိုလဲ ... မင်းမှာ မင်းချစ်သူဘက်က နေရဲတဲ့သတ္တိ ရှိရဲ့လား၊ မဟုတ်ဘူး ... သတ္တိ





မဟုတ်ဘူး၊ ယုံကြည်မှုလို့ ပြောရမှာပေါ့၊ သားချစ်သူဟာ မေမေ တို့ မျိုးရိုးနဲ့ ထိုက်တန်ပါတယ်ဆိုတဲ့ ယုံကြည်မှု သားမှာ ရှိတယ် ဆိုရင် ခေါ်လာခဲ့လိုက်ပေါ့”

“စိတ်ချပါ မေမေ ... သူ့ကို သားခေါ်လာခဲ့ပါ့မယ်၊ သူကလည်း သူ့ဂုဏ်သိက္ခာနဲ့ သူ ရပ်တည်နေတဲ့ မိကောင်းဖခင်သားသမီးတစ် ယောက်ပါ၊ မေမေတွေ့ရင်လည်း သူ့ကိုသဘောကျမှာပါ”

သူ့စကားအဆုံး မေမေက ပြုံးပြန်သည်။ ပြီးနောက် သူ့ မျက်လုံးထဲကို စိုက်ကြည့်လာရင်းမှ ...

“ကောင်းပြီလေ ... မေမေ စိတ်ဝင်စားပါတယ်၊ မေမေ့သားရွေး ချယ်ထားတဲ့ မိန်းကလေးတစ်ယောက်ဟာ ဘယ်လိုမိန်းကလေးမျိုး လဲဆိုတာကိုပေါ့၊ ကဲ ... အခုတော့ ထမင်းပြန်စားကြရအောင်”

မေမေက ချထားသည့် ဇွန်းနှင့်ခက်ရင်းကို ပြန်ကောက်ကိုင် သည်။ သူသည်လည်း အခုမှ ထမင်းပြန်စားဖို့ လုပ်ရသည်။ ဒါပေမဲ့ စိတ်က ထမင်းဝိုင်းဆီမှာ မရှိတော့တာ သေချာသည်။ သူ့စိတ်တွေက ရှေ့ဆက်ဖြစ်လာမည့် ဖြစ်ရပ်တွေဆီကို ကြိုတွေးပြေးလွှားနေမိသည်။ ပြီးတော့ သူ့စိတ်တွေက ချစ်ရသူဆီကို ပြေးလွှားသွားကြပြန်သည်။

ကိုယ်တို့ဘဝအတွက် အရေးကြီးတဲ့အချိန်ကိုတော့ ရောက် လာပြီ သည်း ... ။

အခြေအနေ အရပ်ရပ်ကို ပြောပြအပြီးမှာတော့ သူမက တွေးတွေးဆဆနှင့် ပြောလာသည်မှာ ...

"သည်း လိုက်တွေ့ပါ့မယ် ကို၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ်၊ သည်းက မိန်းကလေးဖြစ်တဲ့အတွက် ကို့မေမေနဲ့ သည်းလိုက်မတွေ့ခင်မှာ သည်းမိဘတွေနဲ့ ကို အရင်လိုက်တွေ့ပေးရမယ်၊ ဘယ်လိုလဲ ကို၊ ကို လိုက်တွေ့ပေးနိုင်မလား"

"ဟာ ... တွေ့မှာပေါ့၊ ကိုယ် နားလည်ပါတယ်၊ သည်းမပြောရင်တောင် ကိုယ်ကပြောမလို့ပါ၊ ကိုယ် သည်းမိဘတွေဆီ အရင်လိုက်တွေ့ပြီး ခွင့်တောင်းမှာပါ၊ ဒါပေမဲ့ နည်းနည်းတော့ ရင်တုန်သား"

သူ့စကားအဆုံး သည်းက ပြုံးလိုက်ရင်း ...

"ဘာမှရင်တုန်စရာ မလိုပါဘူး ကိုရယ်၊ သည်းမိဘတွေက အေးအေးဆေးဆေးသမားတွေပါ၊ သည်း အိမ်ထောင်ရေးကိုလည်း သည်း စိတ်ကြိုက် အပြည့်အဝ ရွေးချယ်ခွင့် ပေးထားတာပါ၊ သည်း ရွေးချယ်လိုက်တဲ့ အိမ်ထောင်ဖက်ဟာ ဆင်းရဲရဲ ချမ်းသာသာ၊ နူနူ ဝဲစွဲစွဲ၊ ဘာမှပြဿနာမရှိဘူး၊ သည်းချစ်ရင် သည်းကို





ချစ်ရင် ပြီးတော့ စာရိတ္တကောင်းရင် လုံလောက်ပြီလို့ ခံယူထားတဲ့ သူတွေပါ"

သည်း စကားအဆုံး သူ့မျက်လုံးထဲမှာ မေမေ့ကို ပြေးမြင်မိသည်။ မေမေ့မှာသာ သည်းမိဘတွေလို ခံယူချက်မျိုးရှိရင် ဘယ်လောက်ကောင်းလိုက်ပါမည်လဲ။

ခုတော့ ...။

သူက သက်ပြင်းမောကို ကျိတ်ချလိုက်ရင်း အတွေးကို ဆက်မတွေးတော့ဘဲ ဖြတ်ထားလိုက်သည်။ ပြီးနောက် သူမလက်ကလေးကို ညင်သာစွာ ဆုပ်ကိုင်လိုက်ရင်း ...

"ဒါဆို ကိုယ် ဘယ်နေ့လောက် သည်း မိဘတွေနဲ့ လာတွေ့ရမလဲ ဟင် ... သည်း"

"သည်း ပြန်ပြောမယ်လေ၊ မေမေတို့ကို သည်း အရင်ပြောပြရဦးမယ်၊ ပြီးတော့မှ သည်းအားမယ့်နေ့ရယ်၊ ကိုယ်အားမယ့်နေ့ရယ် ကို ညှိကြတာပေါ့"

သူ ခေါင်းညိတ်ပြလိုက်သည်။ ကံကြမ္မာရယ် ... ကျေးဇူးပြုပြီးတော့ ကျွန်တော်တို့ နှလုံးသားတွေကို မျက်နှာသာပေးပေးပါ။ ကျွန်တော်တို့ နှစ်ယောက်ကြားက ရှင်သန်လာတဲ့ ချစ်ခြင်းတစ်ခုဟာ သာခြင်းကောင်းသော ချစ်ခြင်းသာ ဖြစ်လိုပါတယ်။

♥ ♥ ♥

သူမဆီက မီးစိမ်းပြသော တစ်နေ့မှာတော့ သူက သူမမိဘတွေနဲ့တွေ့ဖို့ သူမတို့အိမ်ကို ရောက်သွားရလေတော့သည်။ သူမကို အကြိမ်ကြိမ် အိမ်ပြန်လိုက်ပို့ပေးဖူးပေမယ့် သူက သူမတို့ရပ်ကွက်ရဲ့ လမ်းထိပ်အထိသာ လိုက်ပို့ပေးရတာဖြစ်ပြီး သူမတို့အိမ်ကိုတော့ တစ်ခါမှ မရောက်ဖူးပါချေ။

သူမတို့အိမ်လေးက ဘာအဆောင်အယောင်မှ မရှိသော တိုက်အိမ်ပုပုလေးသာ ဖြစ်ပေမယ့် သူမတို့ သားအမိသားအဖ သုံးယောက်အတွက်တော့ နေပျော်သော အိမ်ကလေးဖြစ်သည်။ ပြီးတော့ ပိုပြီးသဘောကျဖို့ ကောင်းတာက အိမ်ကလေးရဲ့နွေးထွေးမှုပင်ဖြစ်သည်။ သူမတို့ခြံဝင်းထဲ ဝင်လိုက်ပြီး အိမ်ကလေးကို စတင်တွေ့လိုက်ရသည် ဆိုတာနှင့် နွေးထွေးမှုတစ်မျိုးက သူ့ရင်ထဲကို စတင်ဆီးကြိုနေခဲ့တာဖြစ်သည်။

ပြီးတော့ သူမမိဘနှစ်ပါးရဲ့ နွေးထွေးမှု။ သူမမိဘတွေက သူ့ကို တကယ့်သားအရင်းတစ်ယောက်လိုပဲ နွေးနွေးထွေးထွေး ဆက်ဆံပေးကြတာ ဖြစ်ပါသည်။ အဲဒီနွေးထွေးမှုကလည်း ဟန်ဆောင်နွေးထွေးမှု





တမင်လုပ်ယူထားသည့် နွေးထွေးမှုမျိုး မဟုတ်ဘဲ တကယ့်ကို သဘာဝအတိုင်း ဖြစ်ပေါ်နေတဲ့ နွေးထွေးမှုမျိုး ဖြစ်ပါသည်။

"သမီး ပြောပြထားလို့ မောင်ရင့်အကြောင်းကိုတော့ ဦးတို့ သိသင့်သလောက် သိထားပြီးပါပြီကွယ်၊ ဦးတို့က မချမ်းသာပါဘူး၊ ဒါပေမဲ့ ချမ်းသာချင်တဲ့ လောဘလည်း မရှိပါဘူး၊ ဦးတို့ မောင်ရင့်ဆီက ဘာမှလဲ မတောင်းဆိုဘူး၊ တစ်ခုပဲ တောင်းဆိုချင်တာပါ။ အဲဒါက ဘာလဲဆိုတော့ ဦးတို့သမီးလေးအပေါ်မှာ သစ္စာရှိပေးဖို့ပါ၊ အဲဒီ တစ်ခုကို မောင်ရင့်ဘက်က လိုက်လျောပေးရင်ပဲ ဦးတို့ကျေနပ်ပါပြီ"

ကဲ ... ဘယ်လောက်အေးချမ်းတဲ့ စိတ်သဘောထားပါလဲ။ ဘယ်မှာလဲ ထောင်လွှားမှုတွေ။ တောင်းဆိုမှုတွေ။ သမီးရှင်တစ်ယောက်ရဲ့ တောင်းဆိုမှုက ဒါပဲတဲ့လား။

"စိတ်ချပါ ဦးရယ်၊ ကျွန်တော် သူ့အပေါ်မှာ ဘဝတစ်သက်တာလုံးအတွက် သစ္စာရှိသွားမှာပါ"

"အဒေါ် သားကိုယုံပါတယ်၊ ပြီးတော့ အဒေါ့်သမီးလေး အပေါ်မှာလည်း အဒေါ်တို့က ယုံကြည်မှုအပြည့်ရှိတယ်၊ သမီးလေးရွေးချယ်လိုက်တဲ့ ရွေးချယ်မှုတစ်ခုဟာ ဘယ်တော့မှ မမှားဘူးလို့ ယုံပါတယ်၊ အဒေါ်တို့သမီးလေးက မိဘတွေကို လုပ်ကျွေးနေတဲ့ သမီးလေးလေ၊ အဲဒီတော့ သမီးလေး ဘာပဲလုပ်လုပ် ကံကောင်းမယ်လို့ ယုံပါတယ်"

သူမမိခင်ရဲ့စကားအဆုံး သူမနဲ့ သူက မျက်လုံးချင်းဆုံသွားကြရသည်။ သူမက တစ်ချက်ပြုံးကာ ဘယ့်နှယ်ရှိစဆိုသည့်သဘောဖြင့် မျက်စတစ်ချက် ပစ်ပြလာ၏။

"ဒါနဲ့ သားက အမေပဲ ရှိတော့တာဆိုတော့ သားဖေဖေကရော ဆုံးသွားတာ ကြာပြီလား"

"ဟုတ်ကဲ့ ... ဖေဖေက ကျွန်တော် လေးတန်းနှစ်လောက်မှာက တည်းက ဆုံးသွားတာပါ၊ ကျွန်တော့်ကို ဒီအရွယ်ရောက်တဲ့အထိ မေမေ တစ်ယောက်တည်းကပဲ ပြုစုပျိုးထောင်ပေးခဲ့တာပါခင်ဗျာ၊ ပြောရရင် မေမေက နည်းနည်းတော့ စိတ်ကြီးတယ် အန်တီရဲ့၊ သားဖြစ်တဲ့ ကျွန်တော့်အပေါ်မှာလည်း မျှော်လင့်ချက်တွေ သိပ် ကြီးတယ်"

"အင်းပေါ့ ... ဒါလည်း အပြစ်တော့ မဟုတ်ပါဘူး၊ မိဘတိုင်းက တော့ ကိုယ့်သားသမီးနဲ့ ပတ်သက်လာရင် အကောင်းဆုံးဆိုတာ တွေကိုပဲ မျှော်လင့်ထားတတ်ကြတာ သဘာဝပါပဲလေ"

"ဒါပေမဲ့ ကျွန်တော့်မေမေကတော့ သူများမိဘတွေထက် ပိုပြီး ကျွန်တော့်အပေါ်မှာ လောဘပိုကြီးတယ် အန်တီရဲ့"

ဆိုတဲ့ စကားကိုတော့ စိတ်ထဲကနေပဲ ပြောပြဖြစ်လိုက်သည်။

သူမမိဘတွေရဲ့ အေးချမ်းမှုကို မြင်ရတော့ သူမကို မေမေနဲ့ တွေ့ပေးမယ့်နေ့ကို ကြိုတွေးပြီး စိတ်ထဲမှာ တအားကိုပဲ ပူပန်နေမိတာ အမှန်ပင်ဖြစ်သည်။ ကျေးဇူးပြုပြီးတော့ သားတို့ချစ်ခြင်းကို အသိအမှတ် ပြုပေးပါ မေမေ။ သား သည်းကို မခွဲနိုင်လောက်အောင်ကိုပဲ သိပ်ချစ် လို့ပါ ...။

♥ ♥ ♥



ဧည့်ခန်းထဲမှာ ထိုင်စောင့်ဆီးကြိုနေသည့် ကို့မေမေကိုတွေ့ လိုက်ရစဉ်မှာတော့ သူမမျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်သွားရကာ ရင်ထဲ မှာလည်း အကျယ်ကြီး ဒိန်းခနဲ မြည်ဟည်းသွားရလေတော့တာဖြစ်သည်။

ကို့မေမေကလည်း သူမကို မှတ်မိပါသည်။ ကို့မေမေရဲ့ မျက်လုံးတွေက သူမကို အတွေ့မှာတော့ အရိပ်တွေ အများကြီးဖြတ်ပြေး သွားကြသည်။

"သားချစ်သူဆိုလို့ ဘယ်လိုမိန်းကလေးများ ဖြစ်မလဲဆိုပြီး အန်တီ က ပုံဖော်ကြည့်နေတာ၊ လက်စသတ်တော့ မင်းကိုး၊ ဟာကွယ် ... ထိုင်"

သူမနဲ့ ကိုက ကို့မေမေနှင့် မျက်နှာချင်းဆိုင်မှာပင် ဝင်ထိုင် လိုက်ကြသည်။ ရောက်ပြီးပြီမို့ မထူးဇာတ်ခင်းကာ ထိုင်လိုက်ရသော်လည်း သူမစိတ်ထဲမှာ အတော့်ကို လေးလံသွားရလေသည်။ ကို့မေမေရဲ့မျက်လုံး တွေကို သူမ မနှစ်သက်ပါ။ အဲဒီလို မနှစ်သက်ရတာဟာ ကို့မေမေရဲ့ မျက်လုံးတွေကို သူမ စိတ်က ကောင်းကောင်းကို ဖတ်တတ်နေလို့ပဲ ဖြစ် ပါတော့သည်။

ကံကြမ္မာရယ် ... ဒီလောက်တော့ ကျီစယ်ဖို့မကောင်းပါဘူး။

"မေမေနဲ့ သည်းက သိနေပြီးသားလား"

ကို့ရဲ့တအံ့တသြအမေးကို သူမက ဘာမှပြန်မဖြေလိုက်မိပေမယ့် ကို့မေမေကတော့ သူမကို ပြုံးတုံ့တုံ့ စိုက်ကြည့်လာရင်းက ...

"သိပါပြီကော သားရယ်၊ ချစ်သည်းပုံဆိုတာက နာမည်ကြီးပဲဟာ ... ဟင်း ဟင်း ... မင်းမေမေက ဒီလောက်တော့ ခေတ်မီပါသေးတယ်"

ကို့မေမေက ကို့ကိုကြည့်ကာ ဟာသဖောက်သလိုဆိုသည်။ ဒါပေမဲ့ သူမစိတ်ထဲမှာ ပေါ့ပါးမသွား။ ဒီတွေ့ဆုံမှုဟာ ဘယ်လိုမှ ရလဒ်မကောင်းနိုင်တော့ဘူးဆိုတာ စိတ်က အလိုလိုသိနေပြီဖြစ်သည်။

အိမ်အကူဖြစ်ဟန်ရှိသည့် ကောင်မလေးတစ်ယောက်က သူမအတွက် ကော်ဖီတစ်ခွက် လာချပေးသည်။ ဒီအချိန်မှာပဲ ကို့မေမေထံမှ စကားသံ ဆက်ထွက်လာသည်။

"သားက မြင်တတ်သားပဲ၊ ဒီလောက်ချောတဲ့ လှတဲ့ ကောင်မလေးမျိုးကိုတော့ ရွေးတတ်သား"

ကိုက မိခင်ဖြစ်သူကိုတစ်လှည့် သူမကိုတစ်လှည့် ကြည့်လာကာ ရှက်သလို တစ်ချက်ရယ်သည်။ သူမကတော့ ဖြစ်နိုင်ရင် ချက်ချင်းကိုပဲ ထိုင်ရာကနေ ထပြန်သွားလိုက်ချင်ပါပြီ။

"ဒါနဲ့ သမီးနာမည်အရင်းကလည်း ချစ်သည်းပုံပဲလား"

ဒီတစ်ခါတော့ စကားမြားဦးက သူမဆီကို တည့်တည့်ဦးတည်လာသည်။ မတတ်နိုင်တော့ ကို့ကိုချစ်တဲ့စိတ်နှင့် သူမ အလိုက်အထိုက် စီးမျောနိုင်မှသာ ဖြစ်တော့မည်။





"ဟုတ်ကဲ့ ... ချစ်သည်းပုံပါပဲ"

"သမီးမိဘတွေကရော ဘာလုပ်ကြတုန်းကွယ့်"

"ဖေဖေကတော့ အရင်က အင်ဂျင်နီယာပါ၊ အခုတော့ အက်ဆီးဒင့် တစ်ခုကြောင့် ခါးအောက်ပိုင်း မလှုပ်ရှားနိုင်တော့ပါဘူး၊ မေမေကတော့ အိမ်မှာပဲ မုန့်ဟင်းခါးဆိုင်လေး ဖွင့်ထားပါတယ်"

"ဪ ..."

တုံ့ပြန်မှုက အဲဒီလောက်သာ။ ဒါပေမဲ့ အဲဒီ"ဪ"ရဲ့နောက်မှာ ထွက်လာနိုင်သေးသည့် စကားပေါင်းများစွာကို သူမ ခန့်မှန်းလို့ရလောက်အောင်ကိုပဲ ကို့မေမေရဲ့အကြည့်နဲ့ အပြုံးတစ်ခုက မီးမောင်းထိုးပြနိုင်ပါသည်။

"သည်းက သူရတဲ့ အနုပညာကြေးနဲ့ မိဘတွေကို လုပ်ကျွေးနေတာလေ မေမေရဲ့"

ကိုက သူမကို တန်ဖိုးတက်အောင် ဝင်မြှောက်ပေးသည်၊ ကျေးဇူးတင်ပါတယ် ကို ...။ ဒါပေမဲ့ ကို ဘယ်လိုပဲ သည်းကို အရောင်တင်ပေးပေး၊ သည်းမှာလည်း ဘယ်လောက်ပဲ ရိုးသားမှုတွေ၊ သိက္ခာတွေရှိနေနေ၊ ကို့မေမေရဲ့အမြင်မှာ သည်း ဘယ်တော့မှ အရောင်တောက်လာတော့မှာ မဟုတ်ပါဘူး။

"သမီးက အနုပညာအလုပ်ကို ဝါသနာပါလို့ လုပ်တာလား၊ ဒါမှမဟုတ် အသက်မွေးဝမ်းကျောင်းတစ်ခုအနေနဲ့ အခြေအနေကောင်းလို့ လုပ်တာလား၊ ပြီးတော့ ဘယ်အတိုင်းအတာ ဘယ်အချိန်ထိ ဒီအနုပညာအလုပ်ကို ဆက်လုပ်ဖို့ စိတ်ကူးထားလဲဆိုတာ ပြောပြပေးနိုင်မလား"

"ဝါသနာပါလို့ပါ၊ အဲဒီအတွက် ဝါသနာနဲ့အသက်မွေးတာပါ။ အခုအချိန်မှာ ခရီးတစ်ခု ရောက်နေပြီဆိုပေမယ့် ကျွန်မလိုချင်တာ ဒီလောက်လေး မဟုတ်ဘူး အန်တီ၊ ကျွန်မ ဖြစ်ချင်တာက အောင်မြင်တဲ့ ရုပ်ရှင်မင်းသမီးတစ်လက် ဖြစ်ချင်တာ၊ တစ်နေ့မှာလည်း ဖြစ်ကိုဖြစ်ရမယ်ဆိုတဲ့ ယုံကြည်ချက်မျိုး ကျွန်မမှာအပြည့်အဝရှိပါတယ်"

ထင်ထားတာထက် ပိုပြီးတည်တည်ငြိမ်ငြိမ် တုံ့ပြန်နိုင်မှုအတွက်ကိုတော့ ကိုယ့်ကိုယ်ကိုယ် ပြန်ကျေးဇူးတင်ရပါမည်။

"ဒါဆို သမီးက အနုပညာကို တော်တော်ချစ်တယ်ပေါ့"

ကို့မေမေရဲ့စကားလမ်းကြောင်း ဦးတည်ရာကို သူမကောင်းကောင်းသိလိုက်ပါပြီ။ ဒါပေမဲ့ ရှောင်ကွင်းသွားဖို့စိတ်ကူး သူမမှာ စိုးစဉ်းမျှမရှိ။ ရှောင်ကွင်းနေလို့ရော ပြီးသွားမှာတဲ့လား။ လွတ်မြောက်သွားမှာတဲ့လား။ သေချာပေါက် ရင်ဆိုင်ရမည့် ကိစ္စတစ်ခုဟာ မြန်မြန်ရင်ဆိုင်လိုက်တော့လည်း နောက်ဆက်လုပ်ရမည့် ကိစ္စတွေအတွက် အချိန်ပိုရတာပေါ့။

သနားစရာကိုကတော့ သူမနဲ့မိခင်ဖြစ်သူရဲ့ စကားအသွားအလာ၊ မျက်နှာထိ မျက်နှာထားတွေကို မရိပ်မိရှာ။ လေပေးဖြောင့်နေတယ်လို့ပဲ ထင်နေတော့တာ ဖြစ်ပါသည်။

"အဲဒီသဘောအတိုင်းပါပဲ"

သူမစကားအဆုံး ကို့မေမေရဲ့မျက်ခုံးတွေက အပေါ်ကိုလှုပ ရှား ပင့်တက်သွားကြသည်မှာ တော်တော်နှင့် ပြန်ကျမလာ။ အကြည့်တွေကလည်း "မင်းသတ္တိကိုတော့ ကြိုက်သွားပြီ"လို့ ပြောနေသယောင်ယောင်။





"ဒါဆို အန်တီတစ်ခုလောက် ထပ်မေးမယ်နော်"

"ဟုတ်ကဲ့ ... မေးပါ အန်တီ"

"တကယ်လို့ အန်တီက သမီးကို အနုပညာနဲ့ အန်တီ့သား တစ်ခုကို ရွေးပါဆိုရင် သမီး ဘာကိုရွေးမလဲ"

"မေမေ ! "

ရိုးစင်းလွန်းသည့် ကိုက ထိပ်ချမှ ဓားပြမှန်းသိတယ်ဆိုရုံလား၊ အကောင်လိုက်ပြမှ ဆင်မှန်းသိတယ် ပြောရလေမလားတော့ အသိ။ အခုမှ မိခင်ဖြစ်သူကို တစ်ချက်ဝင်ထိန်းသလိုလုပ်သည်။ ပြီးတော့ သူမကိုလည်း အားနာသလို တစ်ချက်ကြည့်လာသည်။

"သား အသာနေပါ၊ အန်တီမေးတဲ့ မေးခွန်းကို သမီးကတော့ ဖြေရဲလိမ့်မယ် ထင်ပါတယ်၊ သမီးက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိတဲ့လူ ဆိုတော့လေ၊ ဟင်း ... ဟင်း ... အန်တီကသားကို ရွှေနှင်းဆက်ဆိုတဲ့ ကောင်မလေးတစ်ယောက်နဲ့ ပေးစားဖို့လုပ်တာလေ၊ သူက စော်ဘွားမျိုးရိုးထဲကပေါ့၊ ရုပ်ရည်၊ ပညာအရည်အချင်း၊ လူကြီးသူမအပေါ်မှာ လိမ္မာရေးခြားရှိမှု၊ မိဘအသိုင်းအဝိုင်း၊ ဘာဆိုဘာမှကို ပြောစရာမရှိဘူး၊ ဒါကို အန်တီ့သားက ခါးခါးသီးသီးကိုငြင်းတာ သမီးရဲ့၊ သားက သမီးမှသမီးကို ဖြစ်နေတား အဲဒီလောက်အထိ သားက သမီးအပေါ်မှာ ချစ်တာဆိုဘော့ သမီးဘက်ကရော သားကို ဘယ်လောက်အတိုင်းအတာအထိများ ချစ်နိုင်သလဲ ဆိုတာကို အန်တီက သိချင်တာပါ၊ သမီးသဘောပေါက်ပါတယ်နော်"

"မေမေ"

ကိုက မိခင်ဖြစ်သူကို တားဖို့လုပ်ပြန်သည်။ ဒါပေမဲ့ ကို့မေမေက သားဖြစ်သူ ကို့ကို အရေးမလုပ်၊ လှည့်ပင်မကြည့်ဘဲ သူမကိုသာ ပညာရှိအပြုံးမျိုးဖြင့် ပြုံးစိုက်ကြည့်နေလေတော့တာဖြစ်သည်။

ဒီတော့ ကို့အကြည့်ကပါ သူမထံ ရောက်လာရင်း ...

"သည်း ... ဒီမေးခွန်းကို သည်း ဖြေစရာမလိုဘူးနော်၊ သည်း... ကိုယ် ..."

သူမကလည်း ကို့စကားကို ဆုံးအောင်နားထောင်မနေတော့ဘဲ ကို့ကို စိတ်ထဲက ခဏဖျောက်ထားလိုက်ကာ ကို့မေမေကိုပဲ တည့်တည့်ရင်ဆိုင်ကြည့်ပစ်လိုက်ရင်း မျက်နှာကို အချိုမြဆုံး ပြုံးထားလိုက်ရင်း ...

"ကျွန်မ အန်တီ့မေးခွန်းကို ဖြေမယ် အန်တီ ...၊ ဒါပေမဲ့ မဖြေခင်မှာ အန်တီ့ကိုလည်း ကျွန်မ မေးခွန်းတစ်ခုလောက် ပြန်မေးချင်တယ်၊ ရိုင်းသွားမယ် ဆိုရင်လည်း ကျွန်မ ကြိုတောင်းပန်ပါတယ်နော်"

ဆိုတော့ ကို့မေမေရဲ့ မျက်ခုံးတွေက အပေါ်ကို နောက်တစ်ဖန် ပင့်တက်သွားကြပြန်ရင်း ...

"မေးပါ ... သမီးက ဘာများမေးချင်လို့လဲ"

"ဒီလိုပါ အန်တီ၊ ကျွန်မ ကို့ဆီက ကြားထားတာ ရှိလို့ပါ၊ အန်တီက အန်တီတို့မျိုးရိုး ... မင်းမျိုးမင်းနွယ်ပေါ့နော်၊ အဲဒီမျိုးရိုးက ဆင်းသက်လာရတာကို သိပ်ဂုဏ်ယူသလို အဲဒီရာဇသွေးရာဇဂုဏ် ဆိုတာကို သိပ်ကိုတန်ဖိုးထား မြတ်နိုးတယ်လို့ ကြားထားလို့ပါ"





"အဲဒီတော့ ..."

"ဪ ... ကျွန်မ သိချင်တာက အန်တီသာ အန်တီ့မျိုးရိုးနဲ့ အန်တီ့သား ... နှစ်ခုထဲက တစ်ခုကိုပဲ ရွေးချယ်ရမယ်ဆိုရင် အန်တီ ဘာကိုများ ရွေးချယ်မလဲလို့ သိချင်တာပါ"

"သည်း ..."

သူ့စကားအဆုံး ကို့ဆီက ဝင်ဟန့်သလိုအသံမျိုး ထွက်လာသလို ကို့မေမေရဲ့မျက်နှာဟာလည်း ဟန်မဆောင်နိုင်လောက်အောင်ကို မည်းညို့သွားလေတော့သည်။

ရှင် ကျွန်မကို သိပ်လျှော့တွက်လွန်းနေပြီ ဒေါ်ဒေဝီနန်းဆက်။ လူတိုင်းမှာ အဆိပ်ရှိတယ်ဆိုတာ ရှင်သိသွားရင်ပဲ ကျွန်မကျေနပ်ပါတယ်။

"အန်တီ မဖြေနိုင်ဘူး မဟုတ်လား၊ ရပါတယ်၊ အန်တီမဖြေနိုင်ရင် ကျွန်မက ဆက်မမေးပါဘူး၊ ဒါပေမဲ့ အန်တီ့မေးခွန်းကိုတော့ ကျွန်မ ဖြေမှာပါ၊ ဖြေလည်း ဖြေရဲတယ်လေ"

သူမ စကားအဆုံး ကိုတို့ သားအမိနှစ်ယောက်စလုံးရဲ့ အကြည့်တွေက သူမဆီကို တစ်ပြိုင်တည်း ရောက်လာသည်။ အကြည့်တစ်ခုက တင်းမာခက်ထန်စွာ၊ နောက်အကြည့်တစ်ခုကတော့ စိုးရိမ်တကြီးနဲ့ တောင်းပန်တိုးလျှိုးစွာ။

ဒါပေမဲ့ သူမ ဒီအချိန်မှာတော့ နှစ်ခုစလုံးကို ဘေးဖယ်ထားလိုက်တော့သည်။ ဆောရီးပါ ကို။ ပြီးနောက် ကို့မေမေကိုပဲ ရင်ဆိုင်ကြည့်လိုက်ပြန်ရင်း ...

"ကျွန်မ ... အနုပညာကိုပဲ ရွေးမယ် အန်တီ"

သူမစကားအဆုံး ကို့မေမေရဲ့မျက်နှာမှာ အရိပ်တွေ အများကြီး ဖြတ်ပြေးသွားကြသည်။ ဒါပေမဲ့ သူမ အဲဒီအရိပ်တွေကို လိုက်ဖမ်းမနေတော့။ ထိုင်ရာမှ ထရပ်လိုက်ရင်း ...

"ကျွန်မကို သွားခွင့်ပြုပါဦး"

ဟု ဆိုကာ ခြေလှမ်းမှန်မှန်နှင့်ပင် အိမ်ထဲမှ ထွက်လာခဲ့လိုက်သည်။ ကိုက ထိုင်ရာမှ ထရပ်လိုက်ရင်း ...

"သည်း ... နေဦး၊ သည်း"

"သား ... မင်း နေခဲ့"

"မေမေ ..."

"မင်းကို နေခဲ့လို့ မေမေ ပြောနေတယ်နော်"

ကို့အသံက မိခင်ဖြစ်သူရဲ့ အသံအောက်မှာ တိတ်ကျသွားသည်။ နေခဲ့လိုက်ပါ ကို။ ဒီအချိန်မှာ သည်း ကိုယ်တိုင်လည်း ကိုနဲ့ စကားပြောချင်စိတ် မရှိသေးလို့ပါ။

အကြည့်တွေ အားလုံးရဲ့ ကွယ်ရာမှာ သည်းကိုယ်သည်း ပြန်ထူမတ်ပါရစေဦး။

♥ ♥ ♥



"မေမေရယ် ... ဘယ်လိုလုပ်လိုက်တာလဲဗျာ၊ ကျွန်တော် သူ့ကို အိမ်ခေါ်ပြီး စော်ကားသလို ဖြစ်နေပြီ"

သူ့စကားအဆုံး မေမေက ထိုင်ရာကနေ ထရပ်လိုက်ရင်း ဆ ...

"စော်ကားတယ် ... ဟုတ်လား၊ စော်ကားတယ် ပြောရအောင် မေမေ ပြောတဲ့ စကားတွေထဲမှာ ဘာများမိုက်ရိုင်းတာ ပါသွားလို့လဲ၊ သူကမှ လူကြီးကို လူကြီးမှန်းမသိ ကက်ကက်လန်အောင် ပြန်ဗွာသွားတာ မဟုတ်ဘူးလား၊ တစ်ထိုင်တည်းနဲ့ကို သူ့အဆင့်အတန်း သူ ပြသွားတာ မင်း အမြင်ပဲ"

"မေမေရော ဘာဖြစ်လို့ သူ့ကို ချောင်ပိတ်မယ့်မေးခွန်းတွေ သွားမေးနေသေးလဲ၊ ပြီးတော့ ရွှေနှင်းဆက် အကြောင်းကို မေမေမပြောသင့်ဘူး မေမေရာ၊ ရွှေနှင်းဆက်နဲ့ ဒီစကားဝိုင်းနဲ့က ဘာမှကို မဆိုင်ဘူး"

"ဘာလို့ မဆိုင်ရမှာလဲ၊ သိပ်ဆိုင်တာပေါ့၊ မင်း ... ရွှေနှင်းဆက်ကိုပဲ လက်ထပ်ရမယ်၊ ချစ်သည်းပုံဟာ မေမေတို့မျိုးရိုးဂုဏ်သိက္ခာ

နဲ့ ဘယ်လိုမှကို မအပ်စပ်တဲ့ မိန်းကလေးတစ်ယောက်၊ မေမေ မင်းကို သူနဲ့ လုံးဝသဘောမတူပေးနိုင်ဘူး”

“သူက ဘာများဖြစ်နေလို့လဲ မေမေရယ်၊ ချစ်သည်းပုံမှာ မေမေ ငြင်းလောက်စရာ ဘာပြစ်ချက်တွေများ ကြီးကြီးမားမား ရှိနေလို့လဲ”

“သိပ်ရှိတာပေါ့၊ လူကြီးသူမကို မရိုသေတတ်တာဟာ သိပ်ကို ကြီးမားတဲ့ ပြစ်ချက်ပဲ၊ ပြီးတော့ အဲဒီထက်ပိုကြီးတဲ့ ပြစ်ချက်ဟာ သူဟာ public figure တစ်ယောက် ဖြစ်နေတာပဲ၊ မလုံ့တလုံဝတ် ပြီး ရိုက်ထားတဲ့ သူ့ဓာတ်ပုံတွေ၊ ပေါလ်ရှိတွေဆိုတာ တစ်နိုင်ငံလုံး မှာ နေရာအနှံ့ရှိတယ်၊ မေမေတို့မျိုးရိုး မျိုးဆက်ကို ဆက်ခံမယ့် ချွေးမဟာ ယောကျ်ားတကာနဲ့ ပလူးပလဲလုပ်ပြီး နေရတဲ့ အလုပ် မျိုးနဲ့ အသက်မွေးတဲ့သူ လုံးဝမဖြစ်စေရဘူး၊ ဖြစ်လည်း မဖြစ်သင့် ဘူး၊ အနှစ်နှစ် အလလက စောင့်ထိန်းလာခဲ့တဲ့ မျိုးရိုးဂုဏ်သိက္ခာ ဟာ ကိုယ့်သားလက်ထက်ကျမှ ပျက်စီးရပါတယ်ဆိုတာမျိုး လုံးဝ မဖြစ်စေရဘူး”

“မဆိုင်ပါဘူး မေမေရယ်၊ သူ public figure ဖြစ်နေခြင်းက စာရိတ္တပျက်ပြားနေတာမှ မဟုတ်တာ၊ ယောကျ်ားတွေနဲ့ တွဲတယ် ဆိုတာကလည်း လူအများရဲ့ရှေ့မှာ အလုပ်သဘောအရ ထိတွေ့ ပတ်သက်ရတာမျိုးပဲဟာ၊ ကွယ်ရာမှာ ဖောက်ပြားနေကြတာမှ မဟုတ်တာပဲ”

“ကွယ်ရာမှာပဲဖြစ်ဖြစ် လူရှေ့မှာ အလုပ်သဘောအရနဲ့ပဲဖြစ်ဖြစ် အဲလိုနေတာကတော့ နေတာပဲလေ၊ အဲဒီတော့ မင်း ဘာကိုမှထပ် ပြီး မပြောတော့နဲ့၊ မင်း လက်ထပ်ရမယ့် မိန်းကလေးဟာ ဒီ





လောကကြီးမှာ ရွှေနှင်းဆက်တစ်ယောက်ပဲ ရှိတယ်ဆိုတာကိုသာ ခေါင်းထဲမှာ ထည့်ထား၊ မေမေ ဒီလောက်ပဲ ပြောချင်တယ်”

“ကျွန်တော်မှ ရွှေနှင်းဆက်ကို မချစ်တာ၊ ကျွန်တော် ချစ်သည်းပုံ ကို ချစ်တယ်၊ သူ့ကိုပဲ လက်ထပ်ချင်တယ်”

“ဘာဖြစ်လို့ မိုက်မဲချင်နေရတာလဲ၊ အနှစ်နှစ်အလလက စောင့် ရှောက်ထိန်းသိမ်းလာခဲ့တဲ့ မျိုးရိုးဂုဏ်သိက္ခာကို မိန်းမတစ်ယောက် အတွက်နဲ့ မင်း စတေးတော့မလို့လား၊ တန်လို့လား သားရယ် … တန်လို့လား”

“ဒါက မေမေ့ဘက်က အမြင်လေ၊ သားအမြင်မှာတော့ ချစ်သည်းပုံ ဟာ ခေတ်ဆန်ဆန် နေတတ်တာကလွဲလို့ ဘာပြစ်ချက်မှမရှိတဲ့ ဖြူစင်တဲ့ မိန်းကလေးတစ်ယောက်ပဲ၊ မေမေ သိပ်ကိုတန်ဖိုးထား တဲ့ မျိုးရိုးဆိုတာနဲ့လည်း မတန်စရာ ဘာမှမရှိဘူးလို့ ထင်တာပဲ၊ ကျွန်တော်ကတော့ သူ့ကိုပဲ လက်ထပ်မှာ မေမေ၊ ကျွန်တော် ချစ်သည်းပုံကလွဲပြီး တခြား ဘယ်မိန်းကလေး တစ်ယောက်ကိုမှ လက်ထပ်မှာ မဟုတ်ဘူး”

“စွမ်းထက်သန် … မင်း မေမေ့ကို ပြန်အာခံနေတာလား”

“သားရဲ့ဆန္ဒကို ပြောပြတာပါ မေမေ၊ ဒီတစ်ခါတော့ သားကို နားလည်ပေးပါ မေမေ၊ သား သူ့ကို သိပ်ချစ်လို့ပါ၊ သားဘဝ အတွက် သူ မရှိရင် မဖြစ်လို့ပါ”

ပြောပြီး သူက ချစ်သည်းနောက်ကိုလိုက်ရန် လှည့်ထွက် လာခဲ့လိုက်ပေမယ့် မေမေ့ဆီက ထွက်လာသည့် စကားကြောင့် ခြေလှမ်း တွေက ခဏတုံ့ဆိုင်းသွားရပြန်သည်။

"လုပ်ကြည့်လိုက်လေ၊ မင်း လုပ်နိုင်တယ်ဆိုရင် လုပ်ကြည့်လိုက်ပေါ့၊ ငါကတော့ ငါ့မျိုးရိုးဂုဏ်သိက္ခာကို ဘယ်တော့မှ အညှိုးနွမ်းခံမှာ မဟုတ်ဘူးနော်၊ အတ္တကြီးတယ်ပဲဆိုဆို၊ မာနထောင်လွှားတယ်ပဲပြောပြော၊ ငါ ဘာကိုမှ ဂရုမစိုက်ဘူး၊ ငါ ဂရုစိုက်တာ ငါ့မျိုးရိုးပဲ၊ ငါတို့ မျိုးရိုးတင့်တယ်ဖို့ဆိုရင် ဘာကိုပဲ ချနင်းရ ချနင်းရ ငါကတော့ အပြုံးမပျက် ချနင်းသွားမှာပဲ၊ အေး ... အဲဒီလို ချနင်းမယ့်အထဲမှာ ငါ့အသက်လည်းပါတယ် စွမ်းထက်သန်၊ မင်း ရွှေနှင်းဆက်ကို ယူရင်ယူ၊ ချစ်သည်းပုံကိုသာ ယူလို့ကတော့ မင်းတို့ယူတဲ့နေ့ဟာ ငါ့ရဲ့အသုဘနေ့ပဲဆိုတာ မှတ်သွားပါ။ အသက်ကိုပဲ အသေခံလိုက်မယ်၊ မျိုးရိုးဂုဏ်ကိုတော့ ဘယ်တော့မှ အထိခိုက်မခံဘူးမှတ်"

ပြောပြီး မေမေက ဧည့်ခန်းထဲမှ ထွက်သွားကာ အပေါ်ထပ်ဆီသို့ တက်သွားလေတော့သည်။ နောက်တော့ သူလည်း မတ်တတ်ရပ်ကာ တုံ့ဆိုင်းနေရာမှ ချစ်သည်းနောက်ကိုလိုက်ဖို့ ထွက်လာခဲ့လိုက်သည်။

ကားပေါ်ရောက်တော့ ချစ်သည်းဆီကို ဖုန်းခေါ်လိုက်မိသည်။ ဒါပေမဲ့ ဖုန်းက စက်ပိတ်ထားသည်တဲ့။ ဒါနဲ့ အိမ်ကိုပဲ လိုက်သွားဖို့ ဆုံးဖြတ်ကာ သူမတို့အိမ်ရှိရာကို ထွက်လာခဲ့လိုက်တော့သည်။

သူမ တော်တော်ခံစားသွားရမည် ထင်သည်။ သူမ မိဘတွေရော အခုလောက်ဆိုရင် အကြောင်းစုံကို သိနေလောက်ပြီလား။

တစ်ဆိတ်လောက် မေမေရယ်။ တစ်ဆိတ်လောက် မေမေရဲ့အတ္တတွေကို လျှော့ပေးပါလား။ ကျွန်တော် ချစ်သည်းကို သိပ်ချစ်လို့ပါ။ မေမေ မျိုးရိုးဂုဏ်သိက္ခာ ဆိုတာကို အသက်နဲ့ထပ်တူ တန်ဖိုးထား





သလို ကျွန်တော်လည်း တန်ဖိုးထား မြတ်နိုးတာပါပဲ။ ဒါပေမဲ့ ချစ်သည်းဟာလည်း တန်ဖိုးရှိတဲ့ မိန်းကလေးတစ်ယောက်ပါ မေမေ။ အဲဒီအတွက် ကျွန်တော် သူ့ကို အဆုံးအရှုံး မခံနိုင်လို့ပါ။

သူတို့အိမ်ရှေ့ကိုရောက်တော့ သူမကို အိမ်ရှေ့မှာတင်ပဲ တန်းတွေ့သည်။ သူက ကားပေါ်က ဆင်းမယ်လုပ်တော့ သူမက – "ခဏနေဦး၊ တစ်နေရာရာမှာ သွားပြောမယ်"ဆိုပြီး အထဲပြန်သွားတာနဲ့ သူလည်း ကားပေါ်မှာတင်ပဲ စောင့်နေလိုက်သည်။ သူမက သူမမေမေကို အပြင်သွားဖို့ သွားပြောပြီးမှ ပြန်ထွက်လာသည်။ နောက်တော့ သူက အေးအေးဆေးဆေး စကားပြောလို့ရမည့် နေရာတစ်ခုဆီ ကားကို မောင်းလာခဲ့လိုက်သည်။

"သည်း … မေမေပြောတာတွေ လွန်သွားရင် ကိုယ်ကပဲ ကောင်းပန်ပါတယ်ကွာ၊ နော် … မေမေ့ကို ခွင့်လွှတ်ပေးပါ၊ သည်းမိဘတွေကိုလည်း ကိုယ်လိုက်တောင်းပန်"

သူ့စကား မဆုံးသေး။ သူမက ခေါင်းတစ်ချက်ကို ခါထုတ်ပြလာရင်း …

"သည်း … မေမေတို့ကို ဘာမှပြောပြမထားသေးပါဘူး၊ အလကားသက်သက် စိတ်ရှုပ်နေကြမှာစိုးလို့၊ ဒါပေမဲ့ ကို့မေမေနဲ့ သည်းနဲ့ ရှေ့ဆက်ဖို့က ဘယ်လိုမှ ဖြစ်မှာမဟုတ်ဘူး ထင်တယ်၊ ကို့ကို





သည်း ပြောပြဖူးပါတယ်၊ သန်လျင်မှာ ရှုတင်ရှိတဲ့နေ့က ကားတစ်စီးကြောင့် ဗွက်စင်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး သည်းနဲ့ပြဿနာတက်တယ်ဆိုတာ၊ အဲဒါ ကို့မေမေပဲ"

သည်းစကားအဆုံး သူ့မျက်ခုံးတွေ မြင့်တက်သွားရသည်။ ဒါကြောင့် သည်းနဲ့မေမေကို စတွေ့ပေးကတည်းက တစ်ယောက်ကို တစ်ယောက် သိနေသလိုပုံစံမျိုး ဖြစ်နေတာကိုး။ ကိုယ်ကတော့ ရိုးရိုးသားသားပဲ မေမေက သည်းကို celebrity တစ်ယောက်အနေနဲ့ သိထားတယ်လို့ပဲ ထင်ထားလိုက်တာ။

လက်စသတ်တော့ ကျောင်းတော်က ရန်စတွေကြောင့် တွေ့ကတည်းက ယဉ်သကို ဆိုသလို ဖြစ်နေတာကိုး။

"ကို့ဘဝထဲကို သည်း ဝင်လာဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်လောက်ဘူး၊ အဲဒီတော့ တစ်နည်းပဲရှိတယ်၊ သည်းဘဝထဲကို ကို ဝင်လာခဲ့ပါ၊ ကို ဘာမှမယူခဲ့နဲ့၊ လူချည်းပဲသက်သက် ထွက်လာခဲ့လိုက်၊ သည်း ရင်ဖွင့်ပြီးကြိုနေမယ်၊ သည်းတို့ မချမ်းသာပါဘူး၊ ဒါပေမဲ့ အခြေမဲ့ အနေမဲ့ထဲကလည်း မဟုတ်ဘူး၊ သည်းအတွက် ကို့ဆီက ဘာမှမလိုဘူး၊ ကို့ကိုပဲ လိုချင်တယ်၊ ကို့မေမေရဲ့အတ္တတွေကိုတော့ သည်း အရမ်းကြောက်တယ်"

သူက သည်း လက်လေးတစ်ဖက်ကို နှစ်သိမ့်သလို ဆုပ်ကိုင်ပေးထားလိုက်ရင်း …

"မေမေ့ကို ကို ဖျောင်းဖျကြည့်ပါဦးမယ်၊ ဒါပေမဲ့ ကိုယ်တစ်ခုတော့ တကယ်သိချင်တယ်၊ မေမေ ပြောသလို တကယ်ပဲ နှစ်ခုယှဉ်လာရင် သည်းက ကိုယ့်ကိုမရွေးဘဲ အနုပညာကို ရွေးမှာလား"

"ဒါ မေးစရာတောင် မလိုပါဘူး ကိုရယ်၊ သည်း ... ကို့ကို ဘယ်လောက်ချစ်တယ်ဆိုတာ ကို သိပါတယ်၊ သည်းနှုတ်က ထုတ်ပြော နေစရာ မလိုဘူးဆိုတာ ကို အသိဆုံးပါ၊ ဒါပေမဲ့ ကို့မေမေ့ရှေ့မှာ သည်းမရှုံးချင်ဘူး၊ အဲဒါကြောင့် အနုပညာကို ရွေးမယ်လို့ တမင်ပြောပစ်ခဲ့တာ"

"သည်းရယ် ..."

"သည်း တကယ်ပြောတာကို၊ သည်း ကို့ကိုသိပ်ချစ်တယ်၊ ဒါပေမဲ့ ကို့မေမေရဲ့ အတ္တတွေကြားမှာတော့ သည်းမနေချင်ဘူး၊ အဲဒီတော့ ကို့ဘက်ကလည်း သည်းကိုချစ်တယ်ဆိုရင် အခွံချည်းသက်သက်နဲ့ သည်းဘဝထဲကို ဝင်လာခဲ့ပါ၊ သည်း အမြဲတမ်းဆီးကြိုနေမှာပါ၊ လူတိုင်းမှာ မာနဆိုတာ ရှိတယ် ကို၊ ချမ်းသာတဲ့လူဖြစ်ဖြစ်၊ မရှိဆင်းရဲသားပဲဖြစ်ဖြစ်၊ မြင့်မြတ်တဲ့ အမျိုးပဲဖြစ်ဖြစ်၊ မမြင့်မြတ်တဲ့ မျိုးရိုးပဲဖြစ်ဖြစ်၊ အားလုံးက ကိုယ့်မာနနဲ့ ကိုယ်ချည်းပဲ၊ သည်းတို့မိသားစုလေးက အေးချမ်းတယ်၊ ဘာအပူအပင်မှ မရှိဘူး၊ သည်းတို့ ကိုယ်တို့လောက် ပစ္စည်းဥစ္စာအရာမှာ မချမ်းသာရင်သာနေမယ်၊ မာနရှိတဲ့နေရာမှာ ကိုတို့ထက် မလျော့ဘူးကို"

သူက သက်ပြင်းမောတစ်ခုကို အသာကျိတ်ချလိုက်မိသည်။ သူသည်လည်းပဲ သည်းကို အဆုံးရှုံးမခံနိုင်ပါ။ အဲဒီအတွက် မေမေနှင့်သူ စကားတွေ အများကြီးပဲပြောဖို့ လိုအပ်လာခဲ့ပြီ ထင်ပါသည်။

❤ ❤ ❤



## အခန်း(၆)

အလုပ်သွားဖို့ အောက်ထပ်ကို ဆင်းအလာ လှေကားအခြေမှာပဲ မေမေနှင့် မျက်နှာချင်းဆိုင် ဆုံသည်။

"ကျွန်တော် breakfast မစားတော့ဘူး မေမေ၊ လုပ်ငန်းရှင်တစ်ဦးနဲ့ ချိန်းထားလို့ အဲဒီမှာပဲ စားလိုက်တော့မယ်"

"ဪ ... အေး အေး၊ ဒါပေမဲ့ ညနေအလုပ်ပြီးရင်တော့ အိမ်ကို စောစောပြန်လာခဲ့နော် သား၊ မေမေ ရွှေနှင်းဆက်မိဘတွေကို အိမ်မှာ ထမင်းစားဖိတ်ထားလို့"

လှမ်းတော့မည့် ခြေလှမ်းတွေက တုံ့ခနဲ ဖြစ်သွားရတော့သည်။ သူက မေမေ့ကို တောင်းဆိုသလို တစ်ချက်ကြည့်လိုက်ရင်းမှ ...

"မေမေ"

"ဘာမှမပြောနဲ့ သား၊ သားကို မေမေ စကားအကုန်ပြောထားပြီသား၊ သား ရွှေနှင်းဆက်ကိုပဲ ယူရမယ်၊ မေမေ အားလုံးစီစဉ်ပြီးနေပြီ၊ မေမေ့ကို မျက်နှာပျက်ရအောင် မလုပ်နဲ့၊ ညနေ အိမ်ကို

ငါးနာရီ နောက်ဆုံးထားပြီး ရောက်အောင်ပြန်ခဲ့၊ ဘာအလုပ်ကိစ္စပဲရှိရှိ နောက်နေ့ကိုရွှေ့ခဲ့၊ မေမေ ဒါပဲပြောချင်တယ်”

ပြောပြီး မေမေက အပေါ်ထပ်သို့ တက်သွားသည်။ သူ့ဆီက စကားပြန်ကိုတောင် မစောင့်။ သူဖြစ်ချင်တာရှိရင် ဒီလိုပဲ ဖြစ်အောင် ဖန်တီးယူနေကျ။

ဒါပေမဲ့ ဒီတစ်ခါတော့ သားကို ခွင့်လွှတ်ပါ မေမေ။

❤ ❤ ❤



တစ်နေကုန် အလုပ်လုပ်နေရပေမယ့် စိတ်က အလုပ်ထဲမှာ မရှိ။ “ငါးနာရီ နောက်ဆုံးထားပြီး ရောက်အောင်ပြန်လာပါ”ဆိုသည့် မေမေ့စကားသံကသာ နားထဲမှာ နေရာယူထားသည်။

ဒီလိုနှင့် ညနေလေးနာရီထိုးလောက် အရောက်မှာတော့ သူက ဖုန်းကိုပိတ်ထားလိုက်ကာ မနက်ကတည်းက ကြိုတင်ချိန်းထားသည့် သည်းနှင့် ချိန်ထားသည့်နေရာသို့ ထွက်လာခဲ့လိုက်တော့သည်။

ဟိုရောက်တော့ သည်းက သူ့အရင် ကြိုရောက်နေပါပြီ။

“ကိုယ် ... မေမေ့ကို ပြောလို့မရဘူး သည်း၊ မေမေက သူဖြစ်ချင်တာကိုပဲ ဇွတ်စီစဉ်နေပြီ၊ အရမ်းစိတ်ညစ်တယ်ကွာ၊ ကိုယ် ဘာဆက်လုပ်ရတော့မှာလဲ၊ ကိုယ် သည်းနဲ့ လုံးဝမခွဲနိုင်ဘူး”

“သည်း ပြောပြီးသားပါ၊ သည်း ကို့ကိုချစ်တယ်၊ အဲဒီအတွက် သည်းလည်း ကိုနဲ့မခွဲနိုင်ဘူး၊ သည်း ဘာမှမလိုဘူး ကို၊ အဲဒီမလို ဘူးဆိုတဲ့ အထဲမှာ ကို့မေမေရဲ့ သဘောတူကြည်ဖြူမှုလည်းပါတယ် ကိုယ်သာ သတ္တိရှိမယ်ဆိုရင် အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ သည်းဘဝထဲကို ခုန်ဆင်းလာခဲ့ဖို့ သည်း ပြောထားပြီးသားပါ”

"သည်းရယ် ..."

"သည်းမိဘတွေကိုလည်း သည်း မနေ့က အကြောင်းစုံ ဖွင့်ပြောပြလိုက်ပြီကို"

"ဟင် ... သည်း ပြောလိုက်ပြီလား၊ သည်းမိဘတွေက ဘာပြောလဲ"

"စိတ်တော့ မကောင်းကြဘူးပေါ့၊ ကိုယ့်သားသမီးကို တစ်ဖက်အသိုင်းအဝိုင်း လက်ခံကြည်ဖြူမပေးနိုင်ပါဘူး ဆိုတာကို ဘယ်မိဘက ပျော်နေမှာတဲ့လဲ၊ ဒါပေမဲ့ ဘာမှတော့ အပြစ်မပြောပါဘူး၊ သည်းမိဘတွေက အေးချမ်းပါတယ်၊ ပြီးတော့ ကို့ဘက်က သည်းကို မကြည်ဖြူပေမယ့်လို့ ကိုသာ သည်းတို့ဘဝထဲကို ဝင်လာခဲ့မယ်ဆိုရင် သူတို့ ကြိုဆိုပါတယ်တဲ့၊ အဲဒီတော့ ကို ဆုံးဖြတ်ဖို့အပိုင်းပဲ ရှိတော့တယ်"

သည်းက စကားအဆုံးမှာ "ဘယ်လိုလဲ ကို"ဆိုသည့် အကြည့်မျိုးဖြင့် သူ့ကို မော့ကြည့်လာခဲ့သည်။ ဒီတော့ သူက သည်းရဲ့ လက်တစ်ဖက်ကို ဆွဲယူဆုပ်ကိုင်ထားလိုက်ရင်း ...

"စိတ်ချပါ သည်း၊ ကိုယ် သည်းကို ဘယ်လိုနည်းနဲ့မှ လက်လွှတ်အဆုံးရှုံးမခံနိုင်ပါဘူး၊ ဒါပေမဲ့ ကိုယ့်ကို အချိန်နည်းနည်းပေးဝါနော်၊ ကိုယ်မေမေနဲ့ ထပ်ဆွေးနွေးကြည့်ပါဦးမယ်၊ အဲဒါကလည်း ကိုယ် သည်းကို မျက်နှာမငယ်စေချင်လို့ပါ၊ ယောက္ခမလက်မခံတဲ့ ချွေးမအဖြစ် သည်းကို လက်ထပ်ယူရမှာ ကိုယ် အားနာတယ် သည်းရယ်"

သူက သည်းကို ရင်ခွင်ထဲဆွဲသွင်းကာ တင်းကျပ်စွာဖက်ထားလိုက်သည်။ နောက်တော့ နှစ်ယောက်သား စကားတွေ အကြာကြီး





ပြောကာ အချိန်တွေ ဖြုန်းလိုက်ကြသည်။ ညနေငါးနာရီ နောက်ဆုံးထားပြီး ပြန်လာခဲ့ပါဆိုသည့် မေမေ့စကားကိုလည်း သူ မေ့ထားလိုက်သည်၊

ဒီလိုနှင့် ည ခုနစ်နာရီထိုးမှ သည်းကို ပြန်ပို့ကာ သူလည်း ပြန်လာခဲ့လိုက်သည်။ ခုလောက်ဆို မေမေ တော်တော့်ကို ပေါက်ကွဲနေလောက်ရောပေါ့။

အိမ်ပြန်ရောက်တော့ သူ ထင်ထားသလိုပါပင် မေမေက သူ့ကို မီးဟုန်းဟုန်းတောက်နေသည့် မျက်လုံးများဖြင့် စောင့်ကြိုနေလေသည်။

"မင်းက သိပ်ကို သတ္တိတွေ ကောင်းပြနေတယ်ပေါ့လေ၊ မိန်းမတစ်ယောက်အတွက်နဲ့ အမေကိုရော၊ မျိုးရိုးဂုဏ်သိက္ခာကိုရော ဂရုမစိုက်တော့ဘူးဆိုတဲ့ သဘောလား ... ဟုတ်လား၊ ဖုန်းကိုလည်း ပိတ်ထားတယ်၊ ရွှေနှင်းဆက်ရဲ့ မိဘတွေရှေ့မှာ ငါ ဘယ်လောက် မျက်နှာပျက်ခဲ့ရတယ် ထင်သလဲ၊ သူတို့ကို ဘယ်လောက် အားနာဖို့ ကောင်းသလဲ"

"ကျွန်တော် ရွှေနှင်းဆက်ကို လက်မထပ်နိုင်ဘူး မေမေ၊ အဲဒီအတွက် မေမေ စီစဉ်နေတာတွေကို ရပ်လိုက်ပါတော့၊ ကျွန်တော် ဘယ်လိုမှ လိုက်နာနိုင်မှာ မဟုတ်ဘူး"

မေမေက ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်ကာ သူ့မျက်နှာကို စေ့စေ့ကြည့်လာရင်း ...

"မင်း ရူးနေပြီ၊ ရူးတာမှ ဆေးမမီလောက်အောင်ကို ရူးနေပြီ"

"ဟုတ်တယ်၊ ကျွန်တော် ရူးနေပြီ မေမေ၊ မေမေ့အတ္တတွေကတစ်ဖက်၊ သည်းကိုချစ်တဲ့ အချစ်တွေက တစ်ဖက်နဲ့၊ ကြားထဲမှာ

ကျွန်တော် ရှူးနေပြီ၊ ကျွန်တော်ကို ချောင်ပိတ်မရိုက်ပါနဲ့ မေမေရယ်၊ ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော်က ပေါင်းရမယ့်ကာယကံရှင်ပါ၊ မေမေ့သဘောကျ ရွှေနှင်းဆက်နဲ့ လက်ထပ်ရင် ကျွန်တော် ပျော်ရမယ်ထင်သလား၊ ကျွန်တော် မချစ်တဲ့လူနဲ့ တည်ထောင်ထားတဲ့ အိမ်ထောင်တစ်ခုက သာယာမယ်လို့ရော မေမေ ထင်လို့လား၊ မေမေပြောတဲ့ အဲဒီမျိုးရိုး ဆိုတာကြီးကို တန်ဖိုးမြင့်သထက်မြင့်အောင် မြှင့်တင်ဖို့အတွက် ကျွန်တော်က တစ်သက်လုံး စိတ်မချမ်းမသာနဲ့ နေသွားရမှာလား၊ သားဘက်ကိုလည်း နည်းနည်းလောက် ထည့်တွက်ပေးပါဦး မေမေရယ်၊ ကျွန်တော် တောင်းပန်ပါတယ်”

“ရွှေနှင်းဆက်ကို လက်ထပ်တာက ဘာများစိတ်မချမ်းသာစရာရှိလို့လဲ၊ ပြောစမ်းပါဦး၊ မင်း ပြောနေပုံက ရွှေနှင်းဆက်ကို လက်ထပ်လိုက်တာနဲ့ပဲ မင်းဘဝကြီးက ငရဲကို ရောက်သွားသလို ပူလောင်ပြင်းပြသွားတော့မယ့် အတိုင်းပဲ၊ ငါက မင်းအမေပါ၊ ကိုယ့်သားသမီးကို မကောင်းတဲ့လမ်းရောက်အောင် မပို့ပါဘူး”

“ဒါပေမဲ့ အဲဒီလမ်းကိုမှ သားက မလျှောက်ချင်တာ”

“သိတယ်လေ၊ မင်းက ပန်းခင်းလမ်းကို မလျှောက်ဘဲ ဆူးခြုံတွေကြားမှာ ကိုယ့်ဘာသာ လမ်းဖောက်ပြီးသွားဖို့ ပြင်နေလို့ ငါက မဖြစ်သင့်တာ မဖြစ်ရအောင် တားနေတာ၊ အဲဒါကို မင်းက နားမလည်တာ၊ မမိုက်ချင်စမ်းပါနဲ့ကွာ၊ အခုအချိန်မှာ မင်း ဟိုတစ်ယောက်ရဲ့မှိုင်းတွေ မိနေလို့ မမြင်တတ်တာပါ၊ နောင်တဆိုတာ နောင်မှရတာနော်၊ အဲဒီလိုတော့ မေမေ လုံးဝအဖြစ်မခံနိုင်ဘူး





မင်းကို ရွှေနှင်းဆက်ကလွဲပြီး တခြားဘယ်မိန်းကလေးနဲ့မှ မေမေ သဘောမတူပေးနိုင်ဘူး”

သူ သက်ပြင်းမောတစ်ခုကိုသာ မှုတ်ထုတ်လိုက်ကာ ခေါင်းကိုမော့လှန်ထားလိုက်မိသည်။ ရင်ဘတ်ကြီးတစ်ခုလုံးက တင်းကျပ်လှောင်ပိတ်ကာ လေးလံနေသည်။ ဖြစ်နိုင်ရင် ရင်တစ်ခုလုံး ပွင့်ထွက်သွားအောင်သာ သူ အော်ဟစ်ပစ်လိုက်ချင်ပါတော့၏။

♥ ♥ ♥

ညဥ့်က နက်သည်ထက် နက်လာပြီ။ ဒါပေမဲ့ အိပ်လို့မပျော်သေး။

မေမေနဲ့ သည်းရဲ့ကြားထဲက အဖုအထစ်တွေကို ဘယ်လိုနည်းနဲ့များ သူ ဖြေရှင်းပေးရပါမည်လဲ ... ။

မေမေ့စိတ်ကို သူ ကောင်းကောင်းသိသည်။ မေမေကဖြစ်ချင်ပြီဆိုလျှင် ဘယ်သူ ဘယ်လိုတားတား ဖြစ်အောင်လုပ်တတ်သည့် အကျင့်ရှိသည်။ မေမေ သိပ်မြတ်နိုး တန်ဖိုးထား ဂုဏ်ယူသော မျိုးရိုးကိုစွန့်ဆိုလျှင် ပိုပြီးတော့တောင် မေမေက အလျှော့ပေးလိမ့်မည် မဟုတ်။

ရွှေနှင်းဆက်ကို သူ ဘယ်လိုမှ လက်မထပ်နိုင်။ ချစ်လည်း မချစ်။ ဘယ်တော့မှလဲ ချစ်လာမှာမဟုတ်။ သူချစ်တာက သည်း တစ်ယောက်တည်းကိုသာ။ သည်းကလွဲပြီး ဘယ်သူ့ကိုမှ သူ့နှလုံးသားကို မပေးလိုက်နိုင်ပါ။

ဒီတော့မှ သူ့မှာ လုပ်စရာအလုပ်က တစ်ခုတည်းသာရှိတော့သည်။ အဲဒါကတော့ ...။

သူက အတွေးနှင့်အတူ ဆုံးဖြတ်ချက်တစ်ခုကို ယတိပြတ်





ချလိုက်ကာ သည်းထံသို့ ဖုန်းခေါ်လိုက်သည်။ ညဥ့်နက်နေပြီ ဆိုပေမယ့် သည်းက ချက်ချင်းပဲ ဖုန်းကိုကိုင်လာလေသည်။

“မအိပ်သေးဘူးလား သည်း”

“အင်း ... အိပ်မပျော်လို့”

“ကိုယ် ဆုံးဖြတ်လိုက်ပြီ သည်း၊ ကိုယ် သည်းဘဝထဲကိုပဲ ဝင်လာလိုက်တော့မယ်၊ မေမေ စိတ်ဆိုးလည်း ခဏပေါ့၊ နောင်တစ်ချိန်ကျရင် ကိုယ်တို့ကို မေမေ နားလည်ပေးနိုင်သွားမှာပါ”

“ကို ... တကယ်ပြောနေတာလား၊ ကို တကယ်ပဲ ကို့မေမေကို ထားခဲ့နိုင်လို့လား”

“တစ်သက်လုံး ထားခဲ့မှာမှ မဟုတ်တာပဲ သည်းရယ်၊ ခဏတစ်ဖြုတ် စိတ်အခန့်မသင့်တုန်းပေါ့၊ နောင်တစ်ချိန်မှ ကိုယ်တို့နှစ်ယောက် မေမေ့ကို နားလည်အောင် ကန်တော့တောင်းပန်ကြတာပေါ့နော်၊ ခုလောလောဆယ် ကိုယ်တို့နှစ်ယောက် လက်ဦးမှုယူထားမှ ဖြစ်တော့မယ် သည်း၊ မေမေက ရွှေနှင်းဆက်နဲ့ကိစ္စကို ဖွတ်စီစဉ်တော့မှာ ကိုယ် သိတယ်၊ ကိုယ်တို့ ကျောချင်းကပ်ထားမှ မေမေ လက်လျှော့မှာ သည်း၊ ကိုယ် တစ်ခုတော့ စိုးရိမ်တယ်”

“ဘာကိုလဲ ကို”

“သည်းက အခုမှ အနုပညာလောကမှာ နာမည်လေး ထိုးတက်လာကာစ ရှိသေးတာလေ ... ၊ အဲလိုအချိန်မှာ ကိုယ်နဲ့ လက်ထပ်လိုက်ရင် သည်းအလုပ်မှာ ထိခိုက်မှုတွေ ရှိသွားမှာကိုတော့ ကိုယ်စိုးရိမ်တယ်”

“သြော် ... ဘာများလဲလို့ ကိုရယ်၊ ကို့ကို သည်းပြောပ့ပါတယ်

နှစ်ခုယှဉ်လာရင် ကို့ကိုပဲ သည်း ရွေးမှာပါလို့၊ ပြီးတော့ အခုခေတ်က နားလည်နေကြပါပြီ ကိုရယ်၊ အိမ်ထောင်ရေးက အိမ်ထောင်ရေး၊ အနုပညာက အနုပညာ တစ်ကန့်စီဆိုတာ ပရိသတ်တွေ သဘောပေါက်နေကြပါပြီ၊ အိမ်ထောင်ကျလို့ ငုပ်သွားတဲ့ လူတွေ ရှိသလို အိမ်ထောင်ကျပြီးမှ ထောင်တက်လာတဲ့ လူတွေလည်း ဒုနဲ့ ဒေးပါ၊ အဓိက,က ကြိုးစားမှုပါပဲ၊ သည်းကတော့ ကိုယ့်ကိုယ် ကိုယ် ယုံတယ်”

“ကျေးဇူးပါ သည်းရယ်၊ ကို့ဘက်မှာ ရှိနေပေးတဲ့ အတွက်ပါ၊ ကိုယ် မနက်ပြန်ပဲ မေမေနဲ့ စကားပြောပြီး အိမ်ပေါ်က ဆင်းခဲ့မယ် သည်း၊ ပြီးတော့ သည်းနဲ့ ခပ်မြန်မြန်ပဲ ကိုယ် လက်မှတ်ထိုးပြီး လက်ထပ်လိုက်ချင်တယ်၊ ဒါမှ မေမေ ဘာမှဆက်လုပ်လို့ မရမှာ၊ မေမေ့ရဲ့စိတ်ကို ကိုယ် ကောင်းကောင်းသိတယ်၊ မေမေက ကိစ္စတစ်ခုကို သူ ဖြစ်ချင်ပြီဆိုရင် နောက်ဆုံးမျှော်လင့်ချက်ငွေ့ငွေ့လေး ကျန်တဲ့အထိ လက်လျှော့တတ်တဲ့သူမျိုး မဟုတ်ဘူး၊ အဲဒီတော့ ကိုယ်တို့ မြန်မြန်ပဲ လက်မှတ်ထိုးထားမှ ဖြစ်မယ်၊ ကိုယ် စဉ်းစားထားတာ တစ်ခုရှိတယ် သည်း၊ သည်းမိဘတွေကို သည်း ပြောပြထားပေးလို့ ရမလား၊ မနက်ဖြန်ပဲ ကိုယ် သည်းနဲ့ တရားရုံးတစ်ခုခုမှာ လက်မှတ်ထိုးလိုက်ချင်တယ်၊ ကိုယ့်မှာတရားသူကြီး အသိတစ်ယောက်ရှိတယ် သည်း၊ ကိုယ် သူ့ကိုအကူအညီတောင်းပြီး စီစဉ်ထားလိုက်မယ်၊ မနက်ဖြန် ကိုယ်ရောက်တာနဲ့ သည်းနဲ့ သည်းမိဘတွေကိုခေါ်ပြီး သူ့ရဲ့တရားရုံးမှာ လက်မှတ်ထိုးလိုက်ချင်တယ် သည်းရယ်၊ သည်း အဆင်ပြေပါ့မလား”





“မနက်ဖြန် ချက်ချင်းကြီးလား ...”

“ဟုတ်တယ် သည်း၊ ကိုယ် ခပ်မြန်မြန်ပဲ အဆုံးသတ်လိုက်ချင်ပြီ၊ ကြာရင် ဘာတွေ ထပ်ဖြစ်လာမလဲဆိုတာ တွေးလို့မရဘူး”

“ကောင်းပြီလေ၊ ဒါဆိုလည်း သည်း မနက်ဖြန် မေမေတို့ကို ပြောပြထားလိုက်မယ်၊ ပြီးတော့ သည်းသူငယ်ချင်းတစ်ယောက်ကိုပါခေါ်ပြီး အိမ်ကစောင့်နေလိုက်မယ်၊ ကိုယ်က ဘယ်အချိန်လောက်ရောက်မှာလဲ”

“ကိုယ် မနက်ဖြန် မနက်ကိုးနာရီလောက် ရောက်အောင်လာခဲ့မယ် သည်း၊ ကိုယ်လည်း အသိသက်သေလုပ်ဖို့ ကိုယ့်သူငယ်ချင်းတစ်ယောက်ကို ခေါ်လာခဲ့လိုက်မယ်၊ ပြီးမှ သည်းအိမ်ကနေတရားရုံးကို သွားကြတာပေါ့”

“ဒါဆို သည်း စောင့်နေမယ်နော်”

“စိတ်ချပါ သည်း၊ ကိုယ်ရောက်အောင် လာခဲ့ပါ့မယ်၊ ပြီးတော့ သည်းကိုလည်း ကျေးဇူးတင်ပါတယ်”

“ကျေးဇူး ... ဘာအတွက်လဲ”

“ကိုယ့်ကို ယုံကြည်ပေးတဲ့အတွက်ပေါ့”

“ဟင်း ... မလိုပါဘူး ကိုရယ်၊ သည်းကတောင် ကို့ကို ပြန်ကျေးဇူးတင်နေမိတာပါ”

“သည်းက ဘာလို့ ကို့ကို ကျေးဇူးတင်ရတာလဲ”

“သည်းဘက်မှာ ရှိနေပေးလို့ပေါ့”

နောက်တော့ ခဏလောက် စကားပြောနေကြကာ ဖုန်းချလိုက်ကြသည်။

ပြီးနောက် တစ်လက်စတည်းပင် သူက နေဝန်းထံသို့ ဖုန်းခေါ်လိုက်ရပြန်သည်။ မနက်ဖြန် လက်မှတ်ထိုးဖို့အတွက် နေဝန်းကို အသီးသက်သေ လုပ်ခိုင်းရမည်လေ။

♥ ♥ ♥



## အခန်း(၇)

အဝတ်အစားထုပ်တစ်ခုကို သေးမှာချကာ မေမေ့ရှေ့မှာ ဒူးထောက်ထိုင်ချလိုက်တော့ မေမေက နားမလည်သလို မျက်မှောင်ကုတ်ကြည့်သည်။

"ဒါက ဘာလုပ်တာလဲ သား၊ ခရီးသွားမလို့လား"

သူက မေမေ့ကို မော့ကြည့်လိုက်ရင်းမှ ...

"ကျွန်တော် ရွှေနှင်းဆက်နဲ့ လက်မထပ်နိုင်ဘူး မေမေ၊ အဲဒါကြောင့် မေမေက ချစ်သည်းပုံကို သားဘဝထဲ ခေါ်လာခွင့်မပေးမယ့်အတူတူ ကျွန်တော်ကပဲ သူ့ဘဝထဲဝင်ဖို့ ဆုံးဖြတ်လိုက်ပါပြီ၊ ကျွန်တော် မေမေ့ကို ကန်တော့ခဲ့ပါတယ်"

"စွမ်းထက်သန် ... မင်း"

မေမေက နင့်သီးသွားသလိုနဲ့ စကားတွေ ဆက်ထွက်မလာ၊ သူကတော့ ဆုံးဖြတ်ချက်တစ်ခုကို ယတိပြတ် ချထားပြီးပြီမို့ နောက်ဆုတ်ဖို့ လုံးဝ အကြောင်းမရှိတော့ပါ။

"ချစ်သည်းပုံဟာ မေမေ့စံချိန်စံညွှန်းတွေနဲ့ ကိုက်ညီချင်မှတော့ ကိုက်ညီလိမ့်မယ်၊ ဒါပေမဲ့ ကျွန်တော်ကတော့ သူ့တစ်ယောက်တည်းကိုပဲ ချစ်တယ် မေမေ၊ သူကလွဲပြီး ဘယ်မိန်းကလေးကိုမှ လက်မထပ်နိုင်ဘူး၊ မေမေ သားကို နားလည်ပေးပါလို့ တောင်းပန်ပါတယ် မေမေ"

သူက မေမေ့ကို ရှိရှိသေသေနှင့် ဦးသုံးကြိမ်ချလိုက်သည်။ မေမေက သူ့ကို မီးဝင်းဝင်းတောက်နေသည့် မျက်လုံးများဖြင့် ကြည့်လာရင်း ...

"နားလည်ရမယ် ... ဟုတ်လား၊ ငါက ဘာကိုနားလည်ရမှာလဲ၊ နားမလည်ဘူး၊ လုံးဝနားလည်မပေးနိုင်ဘူး၊ မင်း ရူးချင်တိုင်းရူးနေတာကို ငါက လက်ခံပေးရမှာလား၊ မင်း မသွားရဘူး စွမ်းထက်သန်၊ ခုချက်ချင်း အပေါ်ကို ပြန်တက်"

"ကျွန်တော် ဆုံးဖြတ်ပြီးသွားပြီ မေမေ၊ ကျွန်တော် နောက်ဆုတ်မှာ မဟုတ်တော့ဘူး"

"စွမ်းထက်သန် ... မင်း ... မင်း အသိဉာဏ်ရော ရှိသေးရဲ့လား အမ် ... မိန်းမတစ်ယောက်အတွက်နဲ့များကွာ၊ မိခင်ကိုရော မျိုးရိုး ဂုဏ်သိက္ခာတွေကိုရော မင်း အားလုံးကို ချနင်းတော့မလို့လား"

"ချစ်သည်းပုံကို လက်ထပ်ရင် မျိုးရိုးဂုဏ်သိက္ခာ ကျဆင်းမယ်ဆိုတာက မေမေ့ရဲ့ ကိုယ်ပိုင်ခံယူချက်ပါ မေမေ၊ အဲဒီလိုပဲ သားမှာလည်း သားခံယူချက်ဆိုတာ ရှိပါတယ်၊ ချစ်သည်းပုံဟာ မိန်းမကောင်းတစ်ယောက် ဖြစ်တဲ့အတွက် သားတို့ ဂုဏ်သိက္ခာကျဆင်း





စရာ ဘာအကြောင်းမှ မရှိဘူးလို့ သား ယုံတယ်၊ အဲဒီအတွက် ကျွန်တော် နောက်မဆုတ်တော့ဘူး မေမေ"

ပြောပြီး သူက ဒူးထောက်ထိုင်နေရာမှ ထလိုက်ကာ အဝတ်အစားအိတ်ကို ကောက်ကိုင်လိုက်သည်။ ပြီးနောက် လှည့်ထွက်မယ် အလုပ်မှာပင် မေမေကပါ မတ်တတ်ရပ်လာရင်း ...

"စွမ်းထက်သန် ... ငါ လုံးဝသဘောမတူဘူး၊ မင်းကို မသွားနဲ့လို့ ငါ ပြောနေတယ်နော်"

"ခွင့်လွှတ်ပါ မေမေ၊ ကျွန်တော်က မေမေ့ရဲ့နယ်ရုပ်လေး တစ်ရုပ်ပါ၊ အဲဒီအတွက် ကျွန်တော့်မှာ လုပ်ပိုင်ခွင့်တွေ၊ မာနတွေ၊ သတ္တိတွေ ဘာတစ်ခုမှ မရှိခဲ့ဘူး၊ မေမေ့စိတ်တိုင်းကျ ငယ်ငယ်လေးကတည်းကနေ ဒီအရွယ်အထိ နေလာခဲ့ပြီးပါပြီ၊ ဒါပေမဲ့ အချစ်အတွက် တစ်ခါလောက်တော့ ကျွန်တော် သတ္တိရှိဖူးချင်ပါတယ် မေမေ၊ ပြီးတော့ ကျွန်တော် အဝတ်အစားတချို့နဲ့ ဖုန်းကလွဲလို့ ကျန်ပစ္စည်းတွေ ဘာတစ်ခုမှ ယူမသွားပါဘူး မေမေ၊ လက်ဝတ်လက်စားတွေလည်း သားအခန်းထဲက ခုတင်ပေါ်မှာ တင်ပေးခဲ့ပါတယ်၊ ကုမ္ပဏီကိစ္စတွေလည်း မန်နေဂျာတစ်ယောက်နဲ့ အားလုံးလွှဲပေးခဲ့ပါတယ်၊ မေမေ စိတ်ကြိုက် အားလုံးလုပ်နိုင်ပါတယ်"

"မင်းက ဆုံးဖြတ်ချက်ကို မပြင်တော့ဘူးဆိုတဲ့ သဘောပေါ့ ... ဟုတ်လား"

"ခွင့်လွှတ်ပါ မေမေ၊ ကျွန်တော် ဒီတစ်ခါတော့ မေမေ့ဆန္ဒကို လိုက်လျောမပေးနိုင်တော့ပါဘူး၊ ကျွန်တော် သွားတော့မယ် မေမေ"

ပြောပြီး အိမ်ထဲမှ ထွက်လာခဲ့လိုက်တော့သည်။ မေမေက တော့ နောက်ကနေ ဒေါသတကြီး အော်ဟစ်နေတုန်းပါပင်။

"သွား ... သွား ... အေး ... ဒါပေမဲ့ ငါက ငါအသက်ရှင်နေ သရွေ့ ငါ့မျိုးရိုးဂုဏ်ကိုတော့ နည်းနည်းလေးမှ အထိပါးခံမှာ မဟုတ်ဘူးနော်၊ အေး ... ငါ တားမရလို့ ငါမျိုးရိုးဂုဏ် ထိခိုက် မယ့်ကိစ္စ ပေါ်လာမယ်ဆိုရင်လည်း ငါ့မျက်စိရှေ့မှာတော့ အဖြစ်မခံ နိုင်ဘူး၊ ငါ့ကိုယ်ငါပဲ သတ်သေပစ်လိုက်မယ်၊ ငါမသိနိုင်တော့ တဲ့ အချိန်မှပဲ အဲဒီလိုမျိုး အဖြစ်ခံမယ် စွမ်းတက်သန့်၊ မင်းက လုပ်ရဲလို့လုပ်ရင် လုပ်လေ၊ ငါ မတားတော့ဘူး၊ အေး ... ဒါပေမဲ့ တစ်ခုတော့ မှတ်သွားလိုက်၊ ဒီခြံထဲက မင်း ထွက်သွားတာနဲ့ ငါ့ ကိုယ်ငါ သတ်သေပြီလို့သာမှတ်"

သူ သက်ပြင်းမောတစ်ခုကိုချကာ ဆက်လျှောက်လာခဲ့လိုက် သည်။ လမ်းထိပ်မှာတော့ ကြိုတင်ချိန်းထားသည့် နေဝန်းရဲ့ကားက အဆင်သင့်စောင့်လို့။

သူက ကားထဲဝင်ထိုင်လိုက်စဉ်မှာပင် ...

"ဘယ်လိုလဲ ... တော်တော်မှ မုန်တိုင်းဒဏ် ခံခဲ့ရရဲ့လား"

"မပြောချင်တော့ပါဘူးကွာ၊ မေမေ့အတ္တတွေက တော်တော်ကြောက် ဖို့ကောင်းတယ်၊ အဲဒီအတ္တတွေ မြန်မြန်ကျေပျက်ပါစေပဲ ဆုတောင်း ရတော့မှာပေါ့"

နောက်တော့ နေဝန်းက ကားကိုစတင်မောင်းထွက်သည်။ သူတို့ကားရဲ့ ဦးတည်ရာက သည်းရဲ့အိမ်ကို။ အခုလောက်ဆို သည်း လည်း ပြင်ဆင်စရာရှိတာ ပြင်ဆင်ပြီး သူ့ကို စောင့်နေလောက်ပြီပေါ့။





ဒီလိုနဲ့ ထွက်လာကြရင်း တစ်နေရာအရောက်မှာတော့ သူ့ ဟန်းဖုန်းက မြည်လာခဲ့သည်။ ဖုန်းက အိမ်ကဖုန်း။ သူက မကိုင်ဘဲ ထားလိုက်တော့ ဖုန်းက ကျသွားသည်။ ဒါပေမဲ့ ချက်ချင်းပြန်ဝင်လာ ပြန်သည်။

ဒါနဲ့ သူက မေမေ ဘာများပြောဦးမလို့လဲ မသိဘူးဆိုသည့် အတွေးဖြင့် သက်ပြင်းမောကို မှုတ်ထုတ်ကာ ဖွင့်နားထောင်လိုက်သည်။

"ဟယ်လို"

ဒါပေမဲ့ တစ်ဖက်က ထွက်လာတာက သူ မျှော်လင့်ထား သလို မေမေ့အသံမဟုတ်။ အိမ်က အိမ်အကူကောင်မလေးအသံ။

"ကို ... ကိုလေးလား ... မြန်မြန်ပြန်ခဲ့ပါ ကိုလေးရယ်၊ မေမေ ကြီး ... အဟင့် ... မေမေကြီးလေ၊ အိပ်ဆေး ... အိပ်ဆေးတွေ အများကြီး သောက်ပစ်လိုက်လို့"

"ဘာ ! "

"မြန်မြန်ပြန်ခဲ့ပါ ကိုလေးရယ်၊ ကျွန်မ ... ကျွန်မ ကြောက်တယ်၊ မေမေကြီး သတိလစ်နေပြီ ... အဟင့်"

ဖုန်းက လက်ထဲမှ လွတ်ကျသွားသည်။ နောက်တော့ သူ က နေဝန်းဘက်သို့လှည့်ရင်း ထိတ်ထိတ်ပျာပျာဖြင့် ...

"နေဝန်း ... ကားကို ပြန်လှည့်၊ မြန်မြန်ပြန်လှည့်ကွာ၊ ပြန်မှဖြစ် မယ်၊ မေမေ ... မေမေ ... အိပ်ဆေးတွေ သောက်ပစ်လိုက်တယ် တဲ့"

"ဟေ ! "

♥ ♥ ♥

"ဟဲ့ ... ဆယ့်နှစ်နာရီတောင် ထိုးနေပြီ၊ နင့်လူက အခုထိမလာ သေးပါလား ချစ်သည်းရယ်၊ လာရော လာဦးမှာလား"

ကြာညို့စကားကြောင့် သူမက နာရီကို တစ်ချက်ကြည့်လိုက်မိပြန်သည်။ ကို ဘာကြောင့် အခုအချိန်အထိ ရောက်မလာသေးတာပါလိမ့်။ ပြောတော့ ကိုးနာရီလောက် ရောက်အောင်လာခဲ့မယ်လို့ ပြောထားတာပါ။ သူမကတောင် ကြာညို့ကို ရှစ်နာရီလောက်ကတည်းက အိမ်မှာခေါ်ထားမိတာ။ ပြီးတော့ ဖေဖေနဲ့ မေမေတို့ကိုလည်း ခွင့်တောင်းထားပြီးပြီ။

အိမ်ထောင်ရေးနှင့် ပတ်သက်လို့ သူမ စိတ်တိုင်းကျရွေးချယ်ခွင့် ပေးထားတာမို့ မေမေနဲ့ ဖေဖေက ဆိုးသည် ကောင်းသည် မပြောသော်လည်း ရောက်ချိန်တန်သည်ကို ကျော်လွန်လာသည့်အထိ သမက်လောင်းက ရောက်မလာတော့ မိဘနှစ်ပါးကလည်း မျက်နှာမသာမယာ ဖြစ်နေပြီ။ ဒါပေမဲ့ သူမ စိတ်မကောင်းဖြစ်မှာစိုးလို့သာ ဘာမှမပြောဘဲ နေနေကြသည့် ပုံရယ်ပါ။





ဖုန်းဆက်တော့လည်း ကိုယ့်ဖုန်းက စက်ပိတ်ထားသည်တဲ့။ တကယ်ဆို အကြောင်းအရင်းကို ဖုန်းလေးတော့ ဆက်ပြောသင့်တာပေါ့။ ဒါဆို သူမတို့လည်း အခုလောက် စိတ်ပူသောကရောက်နေစရာမလို။ အခုတော့ ဘာအကြောင်းမှကို မကြားဘဲ တိတ်ခြင်းမလှ တိတ်နေတာ ရယ်ပါ။

"လာမှာပါ ကြာညိုရယ်၊ သေချာ ပြောထားတာပဲ၊ သူ့ဘက်က အခြေအနေတစ်ခုခု ရှိနေလို့ နေမှာပါ"

သူမနဲ့ ကြာညိုက ဖေဖေနဲ့ မေမေ့ကို မျက်နှာပူသည်မို့ ဧည့်ခန်းထဲမှာတောင် ထိုင်မနေကြတော့ဘဲ သူမရဲ့အခန်းထဲက ခုတင်ပေါ်မှာ ထိုင်စကားပြောနေမိကြခြင်းဖြစ်သည်။

"နင် ပြောဖူးပါတယ်၊ သူ့သူငယ်ချင်း ဘယ်သူ ... နေဝန်း ဆိုလား၊ သူ့ဆီကို ဖုန်းဆက်ကြည့်ပါလား"

ကြာညိုက စဉ်းစဉ်းစားစားနှင့် သူတွေးလို့ရတာကို အကြံပေးသည်။ ဒါပေမဲ့ သူမက အဲဒီအကြံကို အစောကြီးကတည်းက တွေးမိလို့ လုပ်ကြည့်ပြီးသားပါ။

"ဆက်ပြီးပြီ၊ သူ့ဖုန်းကလည်း ပိတ်ထားတယ်တဲ့"

"အလုပ်တော့ မဟုတ်ဘူးဟ၊ ဒီလို နေ့ကြီးမှာ ဒီလိုကိစ္စအတွက် သေချာ အချိန်းအချက် ပြုထားပါရက်နဲ့ နောက်ကျနေသလို ဖုန်းလေးတောင်မဆက်၊ ဖုန်းပါပိတ်ထားတယ် ဆိုတာကြီးက ငါတော့ နားကိုမလည်တော့ဘူး"

"သူ့မေမေနဲ့ ပြဿနာတစ်ခုခု ရှိနေလို့ နေမှာပါ၊ ငါ ကို့ကိုယုံတယ်၊ သူ ရောက်လာမှာပါ"

သူမဆီက သက်ပြင်းချသံနှင့် ကြာညို့ဆီက သက်ပြင်းချသံတို့က တစ်ပြိုင်နက်တည်းပင် ထွက်လာသည်။ နောက်တော့ ကြာညိုက အခန်းတံခါးကို အနည်းငယ်ဟ၍ ဧည့်ခန်းထဲက မေမေနှင့် ဖေဖေ့ကို လှမ်းချောင်းကြည့်ကာ ပြန်လှည့်လာသည်။

"နင်တော့ မသိဘူး၊ ငါတောင် နင့်မိဘတွေကို မျက်နှာပူလာပြီ၊ နင့်မိဘတွေလောက် နင်တို့နှစ်ယောက်ကို နားလည်ပေးနိုင်တာ နင့်မိဘတွေပဲ ရှိတယ်နော်၊ ဒီလိုမိဘမျိုး ရှားတယ်"

"ဟုတ်တယ်၊ ငါလည်း မေမေတို့ကို တော်တော်မျက်နှာပူ အားနာလှပြီ"

"သူ့အိမ်ဖုန်းရော နင် မသိဘူးလား"

"အဲဒါတော့ မသိဘူး၊ ငါ့ဆီမှာက ကို့လက်ကိုင်ဖုန်းပဲရှိတာ၊ ငါလည်း တောင်းမထားလိုက်မိဘူး"

"ဟူး ... ရင်မောလိုက်တာ"

ကြာညိုက ခုတင်ပေါ်တွင် ခြေထောက်ကို တွဲလဲချထိုင်နေရင်းကပင် သက်ပြင်းမောကို မှုတ်ထုတ်ကာ ခုတင်ပေါ်မှာ ပက်လက်လှန်လှဲချလိုက်လေတော့သည်။

သူမကတော့ နာရီကိုကြည့်လိုက်၊ ဖွင့်လိုဖွင့်ငြား ကို့ဖုန်းကိုတစ်လှည့်၊ ကိုနေဝန်းဖုန်းကိုတစ်လှည့် ခေါ်ကြည့်လိုက် လုပ်နေမိတော့သည်။

တရားရုံးသွားမည်ဆို၍ ဝတ်ထားမိသော ရင်ဖုံးအင်္ကျီနှင့် ထဘီကလည်း ချွေးပြန်လာတော့ အတော့်ကို အိုက်စပ်ပူလောင်လာပြီဖြစ်သည်။ ဒါပေမဲ့ ရင်ထဲကအပူက ပိုပြီးပူပါ၏။

❤ ❤ ❤



မေမေ့ကို ဆေးရုံအမြန်ပို့ကာ အစာအိမ်ဆေးလိုက်ရပါသည်။ စိုးရိမ်စရာ မရှိတော့ဘူး ဆိုသော်လည်း အခုထိ သတိလည်မလာသေး။

သူ ထင်မထားပါ။ မေမေ အခုလောက်အထိ ကိုယ့်ကိုယ်ကိုယ် လုပ်ပစ်လိမ့်မည်ဟု သူ ထင်မထားပါ။ အခုတော့ မေမေက မျိုးရိုးဂုဏ်ဆိုတာကြီးကို အသက်နဲ့တောင် လဲပြဖို့ လုပ်ခဲ့သည်။

မေမေသာ တစ်ခုခုဖြစ်သွားလျှင် သူ ဘယ်လိုမှ ဖြေဆည်သို့ရမည် မဟုတ်ပါ။

ပြီးတော့ ချစ်သည်း။ အခုလောက်ဆိုလျှင် ချစ်သည်းနှင့် ချစ်သည်းမိဘတွေက သူ့ကိုစောင့်ရင်း ဘယ်လောက်တောင် စိတ်ပူနေပါမည်လဲ။ သူ့ကို ဘယ်လိုများ တွေးထင်နေကြပါမည်လဲ။

သူ ဖုန်းလည်း ပိတ်ထားမိသည်။ သည်းကို သူ ဘယ်လိုစကားမျိုး ပြောရပါမည်လဲ။ သူ စဉ်းစားလို့ မရခဲ့။ ပြီးတော့ မေမေ အခုလို ကိုယ့်ကိုယ်ကိုယ် လုပ်ပစ်လိုက်တာကို ကြည့်ခြင်းအားဖြင့် ခမမေနှင့်

ချစ်သည်း ကြားမှာ သူ ဘယ်လိုမှ ကြားဝင်စေ့စပ်ကာ ပြေလည်မှုယူလို့ မရနိုင်တော့ဘူးဆိုတာ သေချာသွားခဲ့သည်။

ဒီတော့ သူ တစ်ယောက်ယောက်ကိုသာ သေချာပေါက်ရွေး ရပါတော့မည်။ မေမေလား ...။ သည်းလား ...။ သေချာတာကတော့ မိခင်ကိုသတ်သည့် သားတစ်ယောက်တော့ သူ မဖြစ်ချင်ပေ။ အခုအချိန်မှာ မေမေ့ကို ကယ်တင်လိုက်နိုင်တယ် ဆိုပေမယ့် မေမေ့စိတ်ကို သူသိသည်။ သူသာ သည်းကို ရွေးချယ်လိုက်ပါက အခုလိုကိစ္စရပ်မျိုးက နောက်တစ်ခါ သေချာပေါက် ဖြစ်လာဦးမှာဖြစ်သည်။

ဒီတော့ သူ ... ရင်ကွဲခံရုံသာ ရှိပါတော့သည်။

"သားကြီး ... ချစ်သည်းပုံ မင်းကို စောင့်နေမှာနော်၊ ဘယ်လိုလုပ်မလဲ၊ ဖုန်းလေးတော့ လှမ်းဆက်လိုက်ပါလား"

နေဝန်းက သူ့ပခုံးကို အားပေးသလို အသာပုတ်ရင်းမှ ပြောလာသည်။ သူက ခေါင်းကိုငိုက်စိုက်ချထားလိုက်ရင်း ...

"ခုလောလောဆယ် သည်းနဲ့ သည်းမိဘတွေကို ငါ ရင်မဆိုင်ရဲဘူးကွာ၊ ငါ စကားကို ဘယ်ကစပြောရမှန်း မသိဘူး၊ သည်းကိုလည်း အရမ်းအားနာတယ်၊ ပြီးတော့ ငါ့အပေါ်ကို အရမ်းနားလည်ပေးထားတဲ့ သည်းမိဘတွေ၊ ကွာ ... ငါရှူးလိမ့်မယ်၊ ငါ ဘယ်လိုမျက်နှာ ဘယ်လိုစကားလုံးမျိုးနဲ့ သူတို့ကို ရင်ဆိုင်ရမှာလဲ"

"ဒါတော့ ဒါပေါ့၊ ဒါပေမဲ့ ဒီလိုလုပ်နေလို့လည်း ပြီးသွားမှာ မဟုတ်ဘူးလေ၊ ဟိုက မင်းကို စောင့်နေမှာ၊ ပြီးတော့ အခုဖြစ်ရတဲ့ မှာလည်း မင်း သစ္စာမဲ့တာမှ မဟုတ်တာ၊ အကြောင်းတရားတွေ က ဒီလို ဒီလို ဖြစ်လာတာပဲ၊ ရှင်းပြရင် သူတို့ နားလည်မှာပါ"





"မဟုတ်ဘူး ... မဟုတ်ဘူး နေဝန်းရာ၊ သည်း ငါ့ကို သိပ်နာကြည်းသွားတော့မှာ၊ ငါ သည်းကို သိပ်ချစ်ပါတယ် နေဝန်းရာ၊ ဒါပေမဲ့ ငါ သူနဲ့လက်တွဲလို့ မဖြစ်တော့ဘူး၊ ငါ ... ငါ့မေမေကို ပြန်မသတ်နိုင်ဘူး နေဝန်းရာ၊ ငါ တစ်ယောက်ကိုပဲ ရွေးရတော့မှာ"

ပြောပြီး သူက ခုတင်ပေါ်မှာ လဲလျောင်းငြိမ်သက်နေသည့် မေမေ့လက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်မိသည်။ မေမေ နိုင်ပါတယ် မေမေ။ ဒီပွဲမှာ သား အရှုံးပေးလိုက်ပါပြီ။ မေမေ ကျေနပ်စွာနဲ့ မေမေပြုံးနေကျ အောင်မြင်သူတစ်ယောက်ရဲ့ အပြုံးမျိုးကို ပြုံးပြီးပြန်လည်နိုးထလာပါတော့ မေမေ။ ကျွန်တော် ဒူးထောက်အရှုံးပေးလိုက်ပါပြီ။

"နေဝန်း ... ငါ့ကို တစ်ခုတော့ ကူညီပါကွာ၊ ငါ သည်းတို့ကိုဖုန်းမဆက်ချင်ဘူး၊ ဒီတော့ ငါ့ဘက်က ဒီလို ဒီလို ဖြစ်သွားတယ်ဆိုတာလောက်ကို သွားပြောပြပေးထားပါ၊ ဖုန်းဆက်ရင် မလေးစားရာရောက်မှာ စိုးလို့ပါကွာ ... နော်၊ သည်းမိဘတွေကိုလည်း သေချာလေး ရှင်းပြပေးခဲ့ပေးပါ၊ ကျန်တာကိုတော့ နောက်နေ့မှ ငါ သွားပြီး ရှင်းပြတောင်းပန်လိုက်ပါ့မယ်၊ ခုလောလောဆယ်တော့ ငါ မေမေ့နားမှာပဲ ရှိနေပေးဖို့ လိုအပ်နေလို့ပါ"

နေဝန်းက သက်ပြင်းချရင်း ခေါင်းကို လေးတွဲစွာ ညိတ်ပြသည်။ ပြီးနောက် သူ့ပခုံးကို လက်တစ်ဖက်ဖြင့် ဖျစ်ညှစ်အားပေးကာ ထိုင်ရာမှ ထလေသည်။

ကိုယ့်ကို ခွင့်မလွှတ်ပါနဲ့ သည်းရယ်။ ကိုယ့်ကို စိတ်ရှိလက်ရှိသာ မုန်းလိုက်ပါတော့။ ကိုယ့်ကို ကမ္ဘာတည်သရွေ့သာ နာကြည်းလိုက်ပါတော့။

❤ ❤ ❤

နေဝန်း ပြန်သွားသည့် အချိန်မှာတော့ သူမ အပါအဝင် သူမမိဘနှစ်ပါးနှင့် ကြာညိုတို့မှာ အတွေးကိုယ်စီဖြင့် ကျန်ခဲ့ကြလေတော့သည်။

ဒေါ်ဒေဝီနန်းမြတ်က ကိုယ့်ကိုယ်ကိုယ်တောင် သေကြောင်းကြံစည်ပစ်လိုက်သတဲ့။ အတော့်ကိုပဲ ကြောက်စရာကောင်းသည့် လုပ်ရပ်ပင်ဖြစ်သည်။ ပြီးတော့ တစ်ဆက်တည်း တွေးလိုက်မိသည်မှာ ဒေါ်ဒေဝီနန်းမြတ်က သူမကို ချွေးမတော်ရမည့်အဖြစ်အား သေရမှာထက်တောင် ပိုကြောက်ရွံ့နေပါလား ဆိုသည်ကိုပင်ဖြစ်သည်။

"ဖေဖေတို့ သမီးကို အဆုံးအစွန်အထိ နားလည်ပေးပြီးသွားပြီနော် သမီး၊ ဒါပေမဲ့ အခုတော့ ဖေဖေ ဝင်ပြောရတော့မယ်၊ မောင်စွမ်းထက်သန်နဲ့ ကိစ္စကို သမီး ရှေ့ဆက်မတိုးသင့်တော့ဘူး။ တစ်ဖက်က ဒီလောက်အထိတောင် ဖြစ်သွားတယ်ဆိုတာကိုကြည့်ရင် သမီး နားလည်မှာပါ"

"ဟုတ်တယ် သမီး၊ မေမေလည်း သမီးကို ရှေ့မဆက်စေချင်တော့ဘူး၊ သမီးတို့နှစ်ယောက်မှာ ဖူးစာမပါဘူးလို့ မေမေထင်တယ် သမီး"





ဖေဖေ မေမေတို့က သူမကို စိတ်မသက်မသာပုံစံမျိုးဖြင့် ပြော၏။ ထို့နောက် သူမကို လွတ်ပေးလိုက်သည့် သဘောဖြင့် ဖေဖေက မေမေ့ကို မျက်ရိပ်ပြတော့ မေမေက ဖေဖေ့ဦးချဲလ်ကိုတွန်းကာ အိမ်အပြင်ဘက်ဆီသို့ ထွက်ခွာသွားလေတော့သည်။

"သူငယ်ချင်း ..."

ကြာညိုက သူမကို အားပေးသည့်သဘောဖြင့် သူမလက်တစ်ဖက်ကို လာရောက်ဆုပ်ကိုင်လာသည်။ သူမက ခံရခက်သလို တစ်ချက်ပြုံးလိုက်မိသည်။ အခြေအနေကို သူမ နားလည်ပေးလိုက်လို့ရပါသည်။ တစ်ဖက်က ဒီလောက်တောင် လုပ်ပစ်ရဲတယ်ဆိုတာကို ကြည့်တာနဲ့တင် သူမရှေ့မဆက်သင့်ဘူး ဆိုတာကို သိလိုက်ပါသည်။ ဒါပေမဲ့ ခံရခက်တာကတော့ ခက်တာပဲဖြစ်သည်။

ပြီးတော့ ... ကို။ ကိုကရော သူမကို ဘယ်လိုစကားလုံးမျိုးနဲ့ နှစ်သိမ့်မှာပါလိမ့်။ အဟင်း ... ဟင်း ... ဒါကိုတော့ သူမ နားထောင်ကြည့်ချင်ပါသေးသည်လေ။

♥ ♥ ♥

"မေမေ ... မေမေ သတိရပြီနော်"

"အင်း ... သား၊ မင်း ဟိုတစ်ယောက်နဲ့ ..."

မေမေက သူမ ဝေဒနာကိုတောင် မမှု။ သူမ ဖြစ်ချင်ရာ သိချင်ရာကိုပဲ တန်းမေးလာသည်။ သူက မေမေ့လက်တစ်ဖက်ကို ဆုပ် ကိုင်ပေးထားလိုက်ရင်းမှ ...

"သား မသွားဖြစ်ပါဘူး မေမေ၊ သား မေမေ့ကို အရှုံးပေးလိုက် ပါပြီ၊ ဒီပွဲမှာ မေမေ နိုင်ပါတယ်၊ ကျွန်တော် မေမေ စိတ်ချမ်းသာ ဖို့အတွက် မေမေ သဘောတူတဲ့ ရွှေနှင်းဆက်ကိုပဲ လက်ထပ် တော့မယ် မေမေ"

"ဒီလိုပဲ ဖြစ်မှာပေါ့ သားရယ်၊ အစောကြီးကတည်းက ဒီလို ကန်တဲ့ ဆုံးဖြတ်ချက်မျိုးကို သား ချနိုင်ခဲ့ရမှာ၊ မေမေ ဝမ်းသာ တယ် သား၊ ဒီအချိန်မှာ မေမေ့ကို သားစိတ်ထဲမှာ နားလည် နိုင်ချင်မှ ပေးနိုင်လိမ့်မယ်၊ ဒါပေမဲ့ နောင်တစ်ချိန်ကျရင် အခု မေမေလုပ်ခဲ့တာတွေအတွက် မေမေ့ကို သား ကျေးဇူးတင်နေ လိမ့်မယ် သား၊ မေမေ ပြောရဲတယ်"





သူက မေမေ့ကို ပြုံးရုံသာ ပြုံးပြလိုက်မိသည်။ တော်ပါတော့ မေမေရယ်။ ကျွန်တော့်ဘဝ တစ်သက်တာလုံး မေမေ့ရဲ့ ရုပ်သေးရုပ်လေးတစ်ရုပ်အဖြစ်နဲ့ပဲ မေမေ့သဘောကျ နေပေးသွားတော့မှာပါ။ သား စိတ်ခံစားချက်တွေ၊ နှလုံးသားတွေ၊ အချစ်တွေ၊ မျှော်လင့်ချက်တွေ၊ ပျော်ရွှင်ခြင်းတွေ အားလုံးကိုလည်း မေမေ့လက်ထဲကို အပြီးအပိုင် ထည့်ပေးလိုက်ပါပြီ မေမေ။ မေမေ ပျော်ရင် ကျွန်တော် ကျေနပ်ပါတယ် မေမေရယ်။

♥ ♥ ♥

## အခန်း(၈)

"နောက်ဆုံးအဖြေကတော့ လမ်းခွဲလိုက်ကြလေသတည်းပေါ့လေ၊ ဟုတ်လား ... ဟင်း ဟင်း"

သူမဆီက ထွက်လာသည့် စကားလုံးနှင့် လေသံတို့က ခနိုးခနဲ့။ ဒါပေမဲ့ သူမျှော်လင့်ထားသလိုတော့ သူမက ရှုးရှုးရှားရှားဖုံစံမျိုး ဖြစ်မနေပါ။ သူ မျှော်လင့်ထားတာက သူ့ကိုတွေ့ရင် သူမက လက်ညှိုးငေါက်ငေါက်ထိုးပြီး ပြင်းထန်တဲ့ စကားလုံးတွေနဲ့ ပစ်ပေါက်လာလိမ်မယ်လို့ တွေးထင်ထားခဲ့တာ ဖြစ်ပါသည်။

"သည်း ... ကိုယ်တောင်းပန်ပါတယ် သည်းရယ်၊ သည်း ကျေနပ်အောင် ကိုယ် ဘာလုပ်ပေးရမလဲ ပြောပါ၊ ဘာပဲလုပ်ပေးရလုပ်ပေးရ သည်း ကျေနပ်မယ်ဆိုရင် ကိုယ် လုပ်ပေးပါ့မယ်"

သူ့စကားအဆုံး သူမက သူ့ကို မဲ့ပြုံးတစ်ချက် ပြုံးပြလာသည်။ ပြီးနောက် သူ့ကိုကျောပေးလိုက်ကာ လက်ပိုက်ရပ်နေလိုက်ရင်းက ...





"မလိုပါဘူး၊ ကျွန်မ ဘာမှမတောင်းဆိုပါဘူး၊ ကဗျာဆန်ဆန်ပြောရမယ်ဆိုရင်တော့ ရင်နာနာနဲ့ပဲ နားလည်ပေးလိုက်တယ် ဆိုပါတော့ ... အဟင်း၊ ကျွန်မည့်လို့ ဝဋ်နာကံနာပါလာလို့,လို့ပဲ မှတ်ပါတယ်"

"ကိုယ့်မှာ တောင်းပန်ပါတယ်ဆိုတဲ့ စကားတစ်ခွန်းကလွဲလို့ ပြောနိုင်တာ မရှိတော့ပါဘူး သည်းရယ်၊ ကိုယ် သည်းကို တကယ်ချစ်ခဲ့တယ် ဆိုတာကိုတော့ ကိုယ့်အသက်နဲ့ ကျိန်ပြီး ပြောရဲပါတယ်၊ ဒါပေမဲ့ မိဘကိုပြန်သတ်တဲ့ သားတစ်ယောက်အဖြစ်တော့ လောကအလယ်မှာ ကိုယ် မရပ်တည်ရဲလို့ပါ"

သူ့စကားအဆုံး သူမက ကျောပေးရပ်နေရင်းမှ လက်တစ်ဖက်ထောင်ပြလာသည်။ သဘောကတော့ ဆက်မပြောတော့နဲ့ဆိုသည့်သဘော။

"သြော် ... ရပါပြီ၊ အဲဒီလောက်အထိ ရှင်းပြနေစရာ မလိုပါဘူး၊ ကျွန်မက နည်းနည်းညံ့ပေမယ့် ဒီလောက်ကိုတော့ နားလည်နိုင်ပါသေးတယ်၊ ဒါပေမဲ့ တစ်ခုတော့ သိချင်တယ် သိလား"

ပြောပြီး သူမက သူ့ကို ကျောခိုင်းရပ်နေရာကနေ မျက်နှာချင်းဆိုင် ပြန်လှည့်လာကာ သူ့မျက်နှာကို ပြုံးစစကြည့်လာရင်း ...

"ကျွန်မသာ ဒီအချိန်မှာ ရှင့်အမေလို အိပ်ဆေးတွေ အများကြီးသောက်ပစ်လိုက်ရင် ရှင် ဘယ်လိုများ ဆုံးဖြတ်မလဲ ဆိုတာကိုပေါ့"

သူမစကားကြောင့် သူ့ရင်ထဲမှာ ဒိန်းခနဲမြည်ဟည်းသွားရသည်။ လူကလည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားရကာ ...

"သည်း ... မင်း ... မဟုတ်တာတွေ ..."

သူ့စကားမဆုံးလိုက်။ သူမက သူ့ကို ဒီတစ်ခါတော့ ရယ်ကျဲကျဲဟန်နဲ့ လက်နှစ်ဖက် စုံကာပြလာပြန်ရင်း ...

"နိုး ... နိုး ... နိုး ... ဒီလောက်အထိ တုန်လှုပ်မသွားပါနဲ့ ကို၊ အဲ ... ကိုစွမ်းထက်သန်ရယ်၊ ကျွန်မက ဒီလိုပဲ မေးကြည့်လိုက်တာပါ၊ ဒါပေမဲ့ ရှင်မဖြေနိုင်လောက်ဘူး ဆိုတာကိုလည်း သိထားပြီးသားပါ၊ ကျွန်မက ဇွတ်မမေးပါဘူး၊ ချွေးမပြန်နဲ့နော်၊ ဟင်းဟင်း ... အမှန်အတိုင်း ဝန်ခံရရင် ရှင့်အမေရဲ့သတ္တိကိုတော့ တကယ်ချီးကျူးတယ် သိလား၊ ကျွန်မက သူ့လောက် သတ္တိမရှိပါဘူး၊ ပြီးတော့ အချစ်သာကြီးတာပါ၊ အချစ်အတွက်နဲ့ အသက်ကိုစွန့်ရလောက်အောင်တော့ ကိုယ့်ကိုယ်ကိုယ် မိုက်မဲခွင့်မပြုပါဘူး၊ ပြီးတော့ သူ့နည်းကို လိုက်သုံးတယ်ဆိုပြီး ရှင့်မေမေက ဒီကလေးမတီထွင်ဉာဏ်မရှိဘူးဆိုပြီး နောက်ထပ် အထင်သေးစရာတစ်ခုတိုးသွားမှာကိုလည်း ကြောက်သေးတယ်ရှင့်"

ပြောပြီး သူမက ခေါင်းကိုမော့လှန်ကာ တသောသောရယ်နေပြန်သည်။ ဒါပေမဲ့ သူမရယ်သံတွေက အသက်မပါ။ သူမ မျက်ဝန်းတွေ ကြေကွဲနေတာ သူသာအသိဆုံး။

"သည်းရယ်"

သူက စိတ်ထဲကနေသာ မချိတင်ကဲ သူမနာမည်ကို ရေရွတ်လိုက်မိပါတော့သည်။

"ကဲ ... တော်ပြီ ... တော်ပြီ၊ ကျွန်မ ရှင့်ကို နားလည်ပေးလိုက်တယ်ဆိုတာကို သိရပြီပဲမှလား၊ ကျွန်မ နေခဲ့ဦးမယ်၊ ရှင်အရင်





ပြန်လိုက်တော့၊ တော်ကြာ ကြာနေလို့ ရှင့်မေမေက အိပ်ဆေးတွေနောက်တစ်ခါ ထပ်သောက်နေပါဦးမယ်၊ ရှင့်အတွက်လည်း ကံကောင်းပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်နော်၊ ပြီးတော့ ရှင့်မေမေကိုလည်း ပြောလိုက်ပါဦး၊ အောင်မြင်မှုအတွက် ဂုဏ်ယူပါတယ်လို့"

သူမက ပြောစရာစကား မရှိတော့သည့်အလား သူ့ကိုပြန်လည်ကျောပေးသွားလေသည်။ ကန်ရေပြင်ကို ဖြတ်တိုက်လာသည့်လေနုအေးက သူမဆံနွယ်တွေကို လွင့်ဝဲသွားစေ၏။ အဲဒီလေနုအေးဟာ သူမရင်ဘတ်ထဲက အပူတွေကိုရော ငြိမ်းသတ်ပေးနိုင်ပါ့မလား။

ပြီးတော့ သူ့ရင်ထဲက အပူတွေကရော ...။

❤ ❤ ❤

# ၄

တစ်လခန့် အကြာ ...

## အခန်း(၉)

ဒေါ်ဒေဝီနန်းမြတ်က အိမ်ထဲဝင်လာသည့် ရွှေနှင်းဆက်ကို အတွေ့မှာတော့ နှုတ်ခမ်းတွေက အလိုလို ကျေနပ်အားရစွာ ပြုံးမြသွားရှင်း ...

"ရောက်လာပြီလား သမီး၊ ခဏလေးနော်၊ သားလည်း ဆင်းလာတော့မှာပါ"

"ဟုတ်ကဲ့ ... အန်တီ"

"လာလေ သမီးရဲ့ ... ထိုင်၊ သမီး ဘာသောက်မလဲ၊ အပူလား ... အအေးလား"

"တော်ပြီရှင့် ... မသောက်တော့ပါဘူး၊ သမီး အခုပဲ အိမ်မှာ ကော်ဖီ သောက်လာတာမို့ပါ"

သားနှင့် ရွှေနန်းဆက်က ဒီနေ့ မင်္ဂလာဝတ်စုံအတွက် [illegible]နာနဲ့ ကိုယ်တိုင်သွားပေးကြမှာပါ။

တဖြည်းဖြည်း နီးကပ်ကာ ရုပ်လုံးပေါ်လာပြီဖြစ်သည့်

သားဖြစ်သူ၏ မင်္ဂလာပွဲအတွက် သူမ သိပ်ကို စိတ်ချမ်းသာ ပျော်ရွှင်နေရတာဖြစ်သည်။ ရမည့်ချွေးမလေးကလည်း လိမ္မာရေးခြားရှိကာ မျိုးရိုးဂုဏ် မြင့်မားတဲ့အထဲကမို့ သားအတွက်လည်း သိပ်ကို ကျေနပ်ရလေသည်။

ရွှေရွှေချင်းထပ် မြတ်ဆိုသလို သူမတို့ မျိုးရိုးဂုဏ်သည်လည်း သည့်ထက် ပိုမိုတင့်တယ်လာဖွယ်သာ ရှိလေတော့တာဖြစ်သည်။

သူမက အတွေးများနှင့်အတူ ချွေးမလောင်းလေး ရွှေနှင်းဆက်ကိုကြည့်ကာ ကြည်နူးနေတုန်းမှာပင် သားဖြစ်သူလည်း အပေါ်ထပ်မှ ဆင်းလာလေသည်။

"သား … ဒီမှာ သမီးရွှေနှင်းဆက် ရောက်နေပြီ"

သားက ရွှေနှင်းဆက်ကို တစ်ချက်ကြည့်လိုက်ရင်းက …

"သွားရအောင်လေ"

"ဟုတ် … ကိုစွမ်း၊ အန်တီ သွားခွင့်ပြုပါဦး"

"ဪ … အေးအေး၊ သွားကြ … သွားကြ၊ သား … ကားကိုလည်း ဖြည်းဖြည်းမောင်းဦးနော်"

"ဟုတ်ကဲ့ မေမေ"

သားတို့နှစ်ယောက် ထွက်သွားတော့မှ သူမလည်း မီးဖိုချောင်ထဲဘက် ပြန်ဝင်လာခဲ့လိုက်သည်။ ပြီးနောက် အိမ်အကူကောင်မလေး ထွေးထွေးကို မှာစရာရှိတာမှာပြီးနောက် ခေါင်းထဲမှာ အနည်းငယ်မူးနောက်နောက် ဖြစ်နေတာမို့ အိပ်ရာပေါ်မှာ ခဏလောက် လှဲနေဖို့အတွက် အပေါ်ထပ်က အခန်းရှိရာကို တက်လာခဲ့လိုက်လေတော့သည်။



ခဏလောက်သာ လှဲမည်ဆိုသော်လည်း ဘယ်လောက်ကြာအောင် အိပ်ပျော်သွားခဲ့သည်မသိ။ ဘေးနားက ဟန်းဖုန်းက မြည်လာတော့မှ ဒေါ်ဒေဝီနန်းမြတ် အိပ်ရာမှ ဖျတ်ခနဲ ပြန်နိုးလာသည်။

ဖုန်းမှာပေါ်နေတာက သားရဲ့ဖုန်းနံပါတ်။ ဘာကိစ္စများရှိလို့ပါလိမ့်။

သူမက အတွေးနဲ့အတူ ဖုန်းကို ဖွင့်နားထောင်လိုက်ရင်းက …

"ပြော … သား၊ ဘာအကြောင်းထူး ရှိလို့လဲ"

ဟု မေးလိုက်မိသော်လည်း တစ်ဖက်မှ ထွက်လာသည်က သားအသံမဟုတ်။ အသံခပ်သြသြနှင့် အမျိုးသားတစ်ယောက်အသံ ဖြစ်သည်။

"ဟို … ဒါ ကိုစွမ်းထက်သန့်ရဲ့အမေလား မသိဘူး ခင်ဗျာ"

"ဟုတ်ကဲ့ … ကျွန်မ သူ့အမေပါ"

"ဪ … ဟုတ်ကဲ့ခင်ဗျာ၊ အခု ကိုစွမ်းထက်သန့်ကား အက်ဆီးဒင့်ဖြစ်လို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို ရောက်နေပါတယ်၊ အဲဒါ အမြန်ဆုံးလိုက်လာဖို့ ကျွန်တော် လှမ်းအကြောင်းကြားတာပါ"

"ရှင် ... သား ... သား ကားအက်ဆီးဒင့် ဖြစ်လို့"

သူမလက်ထဲက ဖုန်းက လွတ်ကျသွားသည်။ ရင်ထဲမှာ မီးစတစ်စနှင့် အထိုးခံလိုက်ရသလို ပူလောင်သွားရကာ ခေါင်းထဲမှာလည်း မိုက်ခနဲ ဖြစ်သွားရသည်။

ဒါပေမဲ့ သူမ လဲကျလို့မဖြစ်။ သားဆီ သွားရမယ်။ သားဆီကို သွားရမယ်။ ပြီးတော့ ရွှေနှင်းဆက်။ ရွှေနှင်းဆက်ရော။ သူမမိဘတွေကိုလည်း ဝင်ခေါ်ရဦးမယ်။

ဘုရား ... ဘုရား ... သားတို့နှစ်ယောက်စလုံး ဘာမှမဖြစ်ပါစေနဲ့။ နှစ်ယောက်စလုံး အသက်အန္တရာယ် ကင်းရှင်းကြပါစေ။ ဘာမှမဖြစ်ကြပါစေနဲ့။

သူမက ဆုလည်းတောင်း ခုတင်ပေါ်ကနေလည်း ကမူးရှူးထိုးခုန်ဆင်းချကာ အောက်ထပ်ကို ပြေးဆင်းလိုက်ရသည်။ နောက်တော့ ညှိခန်းထဲကနေ တောက်လျှောက် အပြင်ဘက်ဆီသို့ ပြေးထွက်လာလိုက်ကာ ကားဒရိုင်ဘာ ဦးအေးကို အော်ခေါ်ကာ ပြောစရာရှိတာကို ဖွတ်ပြော၊ ကားကိုလည်း ဖွတ်ထုတ်ခိုင်းရသည်။

အစတော့ ရွှေနှင်းဆက် မိဘတွေကို ဝင်ခေါ်မလို့ပါပင်။ ဒါပေမဲ့ သားတို့ဆီကို ရောက်ချင်စောက ကြီးနေတော့ ဝင်ခေါ်မနေတော့ဘဲ ဖုန်းဆက်ပြီးတော့သာ အကျိုးအကြောင်းပြောပြီး နောက်ကလိုက်လာခဲ့ဖို့ ပြောလိုက်ရသည်။

ဘာမှ မဖြစ်ပါစေနဲ့။ သားတို့ ဘာမှမဖြစ်ပါစေနဲ့။

❤ ❤ ❤

---



ဆေးရုံဝင်းထဲမှာ ကားဝင်ပြီးနောက် ကားပင်ကောင်းကောင်း မရပ်ရသေး။ ဒေါ်ဒေဝီနန်းမြတ်က ကားပေါ်မှ ခပ်လောလောပင် ဆင်းလိုက်ကာ ဆေးရုံအတွင်းထဲကို ပြေးဝင်လာခဲ့လိုက်ပြီး အထဲမှာ ပထမဆုံးတွေ့သည့် နာ့(စ်)မလေးတစ်ယောက်ကို ...

"သမီး ... သမီး ... ဟိုကားအက်ဆီးဒင့်ဖြစ်တဲ့ ကောင်လေးနဲ့ ကောင်မလေးလေ၊ အဲဒါ ဘယ်မှာလဲ မသိဘူး"

"သြော် ... သူတို့အုပ်ထိန်းသူ ထင်တယ်၊ စိတ်မကောင်းလိုက်တာ အန်တီရယ်၊ အမျိုးသမီးကတော့ နေရာမှာတင် ဆုံးသွားတယ်ရှင့်"

"ရှင် ... နှင်းဆက်၊ နှင်းဆက် ဆုံးသွားပြီ"

"ဟုတ်ကဲ့ ... ဒီကို ရောက်လာကတည်းက အသက်မပါလာတော့တာပါ"

ခေါင်းထဲ ချာချာလည်ကာ မိုက်ခနဲ ဖြစ်သွားတာမို့ နာ့(စ်)မလေးက လာထိန်းပေးရင်း ...

"အန်တီ ... အန်တီ ... ရရဲ့လား အန်တီ"

---

"ရ ... ရတယ်သမီး၊ ဒါ ... ဒါနဲ့ ... ကောင်လေးရော၊ ကောင်လေးအခြေအနေကရော"

"ဟုတ် ... အမျိုးသားကလည်း ဒဏ်ရာပြင်းတယ်၊ အခု အရေးပေါ် အော်ပရေးရှင်း လုပ်နေတယ်ရှင့်၊ အုပ်ထိန်းသူရဲ့လက်မှတ်တော့ မထိုးရသေးဘူး၊ နောက်ကျနေရင် လူနာရဲ့အသက်အန္တရာယ်ကို စိုးရိမ်ရလို့ပါ၊ အဲဒါကြောင့် ကျွန်မ အောက်မှာဆင်းစောင့်နေတာ၊ အန်တီ လက်မှတ်ထိုးပေးဖို့ လိုပါတယ်၊ ကျွန်မနောက်က လိုက်ခဲ့ပါနော်"

နာ့(စ်)လေးနောက်က လိုက်လာပြီး သူမထိုးပေးတဲ့ စာရွက်တစ်ခုပေါ်မှာ အော်ပရေးရှင်းအတွက်ကို လက်မှတ်ထိုးပေးလိုက်ရသည်။ နောက်တော့ အော်ပရေးရှင်းခန်းရှေ့မှာ စိတ်လှုပ်ရှားစွာဖြင့်ထိုင်ကာ သားအတွက် ဆုတောင်းပေးနေရတော့သည်။

ပြီးမှ ရွှေနှင်းဆက်ကို သတိရကာ သူမကိုထားထားသည့် အခန်းရှိရာကို သွားကြည့်မိတော့ သူမမိဘတွေရောက်ကာ ငိုယိုနေကြတာကို တွေ့လိုက်ရသည်။ မိမိလည်း စိတ်ထဲမှာမကောင်း။ ယူကျုံးမရဖြစ်ရသည်။ ဘာကြောင့်လဲ၊ ဘာကြောင့် ကိုယ့်သားသမီးတွေကြမှ ဒီလိုအဖြစ်မျိုးတွေ ဖြစ်လာရတာတဲ့လဲ။

ရက်စက်လိုက်တာ ကံကြမ္မာရယ်။ ရက်စက်လိုက်တာ။ ဖြစ်နိုင်ရင် သူတို့နှစ်ယောက်အစား မိမိသာ ဖြစ်လိုက်ချင်ပါတော့သည်။

နောက်တော့ သူမလည်း ကြာကြာကြည့်မနေနိုင်တာနဲ့ အော်ပရေးရှင်းအခန်းရှိရာကို ပြန်လာစဉ်မှာပဲ အထဲကနေ ဆရာဝန်ကြီး ထွက်လာသည်။





"ဆရာ ... ဆရာ ... သားလေး ... ကျွန်မသားလေး အခြေအနေ ဘယ်လိုရှိလဲ မသိဘူး"

"လူနာရဲ့မိခင် ထင်တယ်၊ ကျွန်တော့်နောက်က လိုက်ခဲ့ပါနော်"

"ရှင် ... သား ... သားလေး"

"စိတ်အေးအေးထားပါ၊ လူနာက အသက်အန္တရာယ်မရှိတော့ပါဘူး၊ ဒါပေမဲ့ ပြောစရာနည်းနည်းရှိလို့ပါ"

ပြောပြီး ဆရာဝန်ကြီးက ရှေ့ကထွက်သွားတော့ သူမလည်း နောက်ကနေ ရင်တထိတ်ထိတ်နဲ့ လိုက်လာခဲ့ရတော့သည်။ အသက်အန္တရာယ်မရှိတော့ဘူးဆိုသဖြင့် အနည်းငယ်တော့ စိတ်အေးသွားရသော်လည်း ဆရာဝန်ကြီးက စကားပြောစရာ ရှိသေးသည်ဆိုတာက ဘာကြောင့်လဲ။

သား တစ်ခုခုများ ဖြစ်သွားလို့လား။ သားရဲ့ခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုခုများ ...။

အဲဒီလို ... အဲဒီလိုသာဆိုရင်တော့ ရင်ကျိုးရချည်ရဲ့။

အို ... ဘုရား ... ဘုရား။ မဟုတ်ပါစေနဲ့။ သား ဘာမှ မဖြစ်ပါစေနဲ့။

အခုထိ သတိမရသေးသည့် သားအေားမှာထိုင်ကာ ဒေါ်ဒေဝီနန်းမြတ်က ကြိုးပြတ်နေသော ရုပ်သေးရုပ်တစ်ရုပ်လို ပြန်ထလို့မရအောင် စိတ်မာတတ်တွေရော၊ ခန္ဓာကိုယ်ပါ ဘုန်းဘုန်းလဲနေရတော့သည်။

နားထဲမှာ ကြားယောင်နေမိတာက ဆရာဝန်ကြီး ပြောလိုက်သော စကားများက တဝဲလည်လည်။

"လူနာက အသက်အန္တရာယ် မရှိတော့ဘူး ဆိုပေမယ့် ခါးအောက်ပိုင်းကို ထိခိုက်မိတဲ့ဒဏ်ရာက တော်တော်ကို ပြင်းထန်ပါတယ်၊ အဲဒီအတွက် သူ အိမ်ထောင်ပြုလို့ ရပါသေးတယ်၊ ဒါပေမဲ့ အဲဒီလို အိမ်ထောင်ပြုတဲ့အခါ ကလေးတော့ ရနိုင်တော့မှာမဟုတ်ဘူး"

အဲဒီစကားက သူမနားထဲကို မိုးကြိုးအစင်းပေါင်းများစွာ ပစ်ချခံလိုက်ရသလို ဖြစ်သွားစေခဲ့တာ ဘယ်လိုမှ ပြန်လည်ထူမတ်လို့မရ သွားပြီ။ မိမိတို့မျိုးရိုး မျိုးဆက်ပြတ်ပြီဆိုသည့် ဖြစ်စဉ်ဟာ သူမသေသွားတာကမှ ကောင်းပါလိမ့်ဦးမည်။

အခုတော့ အနှစ်နှစ်အလလက လောကအလယ်မှာ ထည်ဝါစွာရှိခဲ့သည့် မိမိတို့မျိုးရိုးဟာ ကိုယ့်သားလက်ထပ်မှာတင်ပဲ အဆုံးသတ်





သွားခဲ့ရပြီတဲ့။ မဖြစ်သင့်ဘူး။ ဒါ လုံးဝမဖြစ်သင့်ဘူး ကံကြမ္မာရယ်။ ဒီလောက်အထိတော့ ကျီစယ်ဖို့ မကောင်းပါဘူး။

ဒီအချိန်မှာပဲ သားဖြစ်သူက လူးလွန့်ကာ သတိရလာသဖြင့် သူမက မျက်ရည်တွေကို ခပ်မြန်မြန်ပဲ ပွတ်သုတ်ပစ်လိုက်ရင်းက ...

"သား ... သားသတိရလာပြီလား၊ ဝမ်းသာလိုက်တာ သားရယ်၊ မေမေ ဝမ်းသာလိုက်တာ၊ သား ဘာမှမဖြစ်တော့ဘူးနော် ... သား နော်""

"မေမေ ..."

"ပြော သား ... သား ဘာပြောချင်လို့လဲ"

"ဟို ... နှင်းဆက် ... ရွှေနှင်းဆက်ရောဟင်၊ သူ ဘာဖြစ်သွားသေးလဲ၊ သူ ..."

သားအမေးကြောင့် သူမရင်ထဲ နင့်ခနဲ ဖြစ်သွားရသည်။ ပျက်ယွင်းသွားမိသည့် မျက်နှာကို တစ်ဖက်လှည့်ကာ စိတ်ထိန်းပြန်ပြင်လိုက်ပြီးမှ ခေါင်းကိုငုံ့ထားလိုက်ရင်း လေသံကို အတည်ငြိမ်ဆုံး ထားလိုက်ကာ ...

"သူ ... သူ ဆုံးသွားပြီ သား"

"ဗျာ ! သူဆုံးသွားပြီ"

"ဟုတ်တယ် သား ... သူ ဆုံးသွားပြီ"

"ဟာ ... ဟာဗျာ ... မေမေရာ ... ဟာဗျာ"

သားဖြစ်သူက လူပ်လူပ်ရှားရှား ဖြစ်သွားကာ အိပ်ရာမှ ထဖို့ ကြိုးစားနေတာမို့ သူမက ထိန်းယူပြန်အိပ်စေလိုက်ရင်း ...

"သား ... သား ... စိတ်ထိန်းပါ သားရယ်၊ သား၊ လှုပ်လှုပ်ရှားရှားလုပ်လို့ မရသေးဘူးလေ၊ သား မနေ့က တစ်နေ့ကုန် သတိလစ်

နေတာ၊ ဒီနေ့ညနေ သုံးနာရီလောက်ကပဲ ရွှေနှင်းကို ရေဝေးသုသာန်မှာ သင်္ဂြိုဟ်လိုက်ကြပြီ သား၊ မေမေ လိုက်ပို့ခဲ့ပါတယ်”

“ဟာဗျာ ... မေမေရာ၊ ကျွန်တော့်ကြောင့် ... သူ သေရတာ ကျွန်တော့်ကြောင့် မေမေရာ ...”

“မဟုတ်ပါဘူး သားရယ်၊ သားကြောင့် မဟုတ်ပါဘူး၊ လူတိုင်းမှာ ကံဆိုတာ ပါလာပြီးသားပါ၊ ဘယ်အချိန်မှာ ဘယ်လိုဖြစ်ရမယ် ဆိုတာ လူတိုင်းမှာ သတ်မှတ်ထားတဲ့ကံ ပါလာပြီးသားပါ၊ သားကြောင့် မဟုတ်ပါဘူး သားရယ်၊ ကံကြမ္မာကို မေမေတို့တွေ လွန်ဆန်လို့မှ မရတာ”

သားက ယူကျုံးမရသလို တအီအီနှင့်ငို၏။ သူကရော၊ သူမကိုယ်တိုင်သည်လည်းပဲ မနေ့ကတစ်နေ့လုံး၊ တစ်ညလုံးရော၊ ဒီနေ့တစ်နေ့လုံးပါ ငိုနေခဲ့ရတာပါပဲလေ။

သူမတစ်ကိုယ်လုံး နုံးချည့်ကာ လူကလည်း မျှော်လင့်ချက်မရှိတော့သည့် လူတစ်ယောက်လို အသက်ရှင်နေရတာက အဓိပ္ပာယ်မရှိတော့သလို ခံစားနေရသည်။ မနေ့ညက သားကို သားသူငယ်ချင်းနေဝန်းလာစောင့်ပေးခဲ့လို့သာ သူမ အိမ်ပြန်နားခဲ့ရသည်။ ဒီနေ့ နေ့လယ်ပိုင်းတစ်ပိုင်းလုံးလည်း သားအလုပ်ထဲက ဝန်ထမ်းအချို့ လာစောင့်ပေးကြသည်။

ဖြစ်နိုင်ရင် သူမ သားအနားမှာ မနေချင်ပါ။ သားကိုမြင်နေရလေလေ ယူကျုံးမရစိတ်တို့က ပိုပိုလိုက်တက်လာလေလေ ဖြစ်နေရတာဖြစ်ပါသည်။ သား အသက်ရှင်နေသေးသည်ဆိုသည့် အကြောင်းအရာတစ်ခုကြောင့်သာ သူမ ဖြေသာနေရတာ ဖြစ်ပါသည်။





သူမက ချော့မော့ဖျောင်းဖျတော့မှ သားက လှုပ်ရှားငိုယိုနေရာကနေ နည်းနည်းပြန်ငြိမ်သွားသည်။ ဒါပေမဲ့ မျက်ရည်တွေကတော့ စီးကျနေဆဲပါပဲ။ ဒီအချိန်မှာတင်ပဲ အခန်းထဲကို နေဝန်း ရောက်လာသည်။

“ဟော ... သားကြီး၊ သတိရနေပြီလား၊ ဘယ်လိုနေသေးလဲ၊ သက်သာရဲ့လား”

သားက နေဝန်းကို ဘာမှပြန်မပြော။ မျက်လုံးတွေကိုသာ မှေးမှိတ်ထားကာ မျက်ရည်တွေ စီးကျနေသည်။ သူမက နေဝန်းကို အသာခေါင်းယမ်းပြလိုက်တော့မှ နေဝန်းက အခြေအနေကို သဘောပေါက်သွားဟန်ဖြင့် ခေါင်းတဆတ်ဆတ် ညိတ်ပြလာပြီး ...

“အန်တီပြန်ရင် ပြန်လိုက်တော့လေ၊ ဒီညလည်း ကျွန်တော်ပဲ စောင့်ပေးပါ့မယ်”

“မဟုတ်တာ သားရယ်၊ မနေ့ညကလည်း သားတစ်ညလုံးစောင့်ပေးထားတာ မဟုတ်လား၊ ပင်ပန်းနေမှာပေါ့၊ အန်တီပဲ စောင့်ပါ့မယ်”

“ရပါတယ် အန်တီရယ်၊ ကျွန်တော်တို့က လူငယ်၊ ဒီလောက်အိပ်ရေးပျက်တာက ဘာမှမဖြစ်ဘူး၊ အန်တီက လူကြီးလေ၊ ထိလိမ့်မယ်၊ အန်တီ့ကြည့်ရတာ အားလည်းနည်းနေသလိုပဲ၊ အန်တီပါ လဲသွားဦးမယ်၊ ထက်သန်လည်း သတိရနေပြီပဲဟာ၊ ဘာမှစိုးရိမ်စရာလည်း ရှိတော့တာမှ မဟုတ်တာ၊ အကြောင်းထူးရှိရင်လည်း ကျွန်တော် ဖုန်းဆက်မှာပေါ့၊ အန်တီ ပြန်နားလိုက်နော် ... အန်တီနော်၊ ကားရော ကိုယ်တိုင်မောင်းလာတာလား၊ အန်တီ မောင်းလို့ မဖြစ်ဘူးထင်တယ်၊ ကျွန်တော် လိုက်ပို့ပေးရမလား”

"ရတယ် ... ရတယ် သား၊ ဦးအေး ပါတယ်"

"ဩော် ... ဟုတ်၊ ဒါဆို ပြန်လိုက်တော့နော် အန်တီ၊ စိတ်ချပါ၊ ကျွန်တော် သူ့ကို ဂရုစိုက်ပါ့မယ်"

သားကို ကြည့်မိပြန်သည်။ ရွှေနှင်းဆက် အတွက် တော်တော်လေးကို စိတ်မကောင်း ဖြစ်နေပုံပါပင်။ ဒါတောင် သူ့အဖြစ်ကို သူ မသိသေးရှာ။ သူ့အဖြစ်ကိုသာ သူသိသွားပါက ဘယ်လောက်တောင် ပြိုလဲသွားလေမည် မသိတော့ပါချေ။

♥ ♥ ♥



ကို ကားမှောက်လို့တဲ့ ...။ ကို့ရဲ့ သတို့သမီးလောင်းလည်း ဖွဲချင်းပြီး ဆုံးသွားတယ်တဲ့။ နေဝန်းရဲ့စကားတွေအဆုံး ကို့မျက်နှာကို ပြေးမြင်လိုက်မိသည်။ ကို့အတွက် စိုးရိမ်လိုက်မိပေမယ့် တစ်ဆက်တည်း လိုလိုပင် မျက်လုံးထဲမှာ ပေါ်လာတာက ဒေါ်ဒေဝီနန်းမြတ်ရဲ့ အောင်နိုင်သူတစ်ယောက်လို ပြုံးမော်နေခဲ့ဖူးတဲ့ မျက်နှာတစ်ခု။

အဲဒီမျက်နှာပေးကို မြင်လိုက်မိတော့လည်း မဖြစ်ကောင်း ဆမယ့်လို့ စိတ်ထဲမှာ နည်းနည်းတောင် ပျော်သွားသလိုပါပင်။

အခုအချိန်မှာရော အဲဒီမျက်နှာမျိုးနဲ့ ပြုံးနေနိုင်သေးရဲ့လား ဆိုတာကိုတော့ ပြေးတောင် ကြည့်လိုက်ချင်ပါသေးသည်။

"အန်တီဒေဝီလည်း သူ့သားကိစ္စနဲ့ တော်တော်လေး စိတ်ထိခိုက်နေတယ်၊ ပြီးတော့ ပိုဆိုးတာက ..."

နေဝန်းက စကားကိုမဆက်ဘဲ သူမမျက်နှာကို တစ်ချက် ကြည့်လာသည်။ သူမကလည်း ဘာစကားတစ်ခွန်းမှကို ချီုသည် ဒါးသည် မပြောသေးဘဲ သွေးအေးအေး မျက်နှာပေးနှင့် နားထောင်ပေးနေလိုက်သည်။

"စွမ်းထက်သန်က အိမ်ထောင်ပြုတဲ့အခါ ကလေးမရနိုင်တော့တဲ့ အထိ ဒဏ်ရာရခဲ့လို့ပဲ"

သူမရင်ထဲမှာ ဒိန်းခနဲပင် မြည်ဟည်းသွားရလေတော့သည်။ ဒါဆို ဒေါ်ဒေဝီနန်းမြတ်တစ်ယောက် မပျော်မြေလူးကိန်း ဆိုက်နေလောက် ရောပေါ့။

"အန်တီဒေဝီက သူ့မျိုးဆက်ကို တအားကိုပဲ မျှော်လင့်ထားတာ လေ၊ အခုတော့ သူ့မျှော်လင့်ချက်တွေ ရေစုန်မျောသွားတော့ လူက ပုံလဲတော့တာပေါ့"

"နေစမ်းပါဦး၊ ရှင်က ဒီစကားတွေကို ဘာကိစ္စ ကျွန်မကိုလာပြော နေရတာလဲ၊ ကျွန်မနဲ့ သူတို့နဲ့က ဘာမှမပတ်သက်တော့ဘူးလေ"

"ကိုယ်က မင်းသိသင့်တယ် ထင်လို့ပါ၊ ဘာပဲပြောပြော မင်းတို့ က သိပ်ချစ်ခဲ့ကြတဲ့ ချစ်သူတွေပဲလေ"

"ဟား ... ကျန်ခဲ့ပြီ၊ ဟိုးအတိတ်မှာ ကျန်ခဲ့ပြီ၊ ချစ်ခဲ့တာကချစ် ခဲ့တာပဲလေ၊ အခုအချိန်မှာ ဘာမှမှ မပတ်သက်ကြတော့တာပဲ၊ ပြီးတော့ ကိုယ့်ဘက်မှာ မရပ်တည်ပေးနိုင်တဲ့ ယောကျ်ားတစ် ယောက်ကိုလည်း ကျွန်မက ကြာရှည်လွမ်းနေမယ် ထင်လို့လား။ အိုခေ ... ခု ရှင်ပြောချင်တာ ဒါပဲမဟုတ်လား၊ ကျွန်မ ရှူတင် ပြန်စတော့မယ်၊ ရှင် ပြန်လိုက်တော့"

"မင်း ... သူ့ကို သွားမကြည့်ဘူးလား"

"သွားကြည့်ရမယ် ... ဟုတ်လား၊ ကျွန်မက ဘယ်လိုမျက်နှာမျိုး နဲ့ သွားကြည့်ရမှာလဲ၊ တော်ကြာ ဒေါ်ဒေဝီနန်းမြတ်က ကျွန်မကို ပွဲလန့်တုန်း ဖျာဝင်ခင်းဖို့ လာတာလားလို့ မေးနေပါဦးမယ်။





ကျွန်မ နောက်ထပ် ဘယ်လိုစော်ကားမှုမျိုးကိုမှ မလိုချင်တော့ဘူး ရှင့်၊ ရှင်ပြန်ပါတော့"

ပြောပြီး သူမ သူ့ရှေ့ကနေ ထလာခဲ့လိုက်တော့သည်။ သူမက မျှော်စင်ကျွန်းထဲမှာ ကြော်ငြာလာရိုက်နေတာပါ။ ဒါကို နေဝန်း ရောက်လာပြီး စကားပြောချင်တယ်ဆိုလို့ နားထောင်ပေးနေခဲ့တာဖြစ် သည်။

ကိုက ကလေးမရနိုင်တော့ဘူး ဆိုတော့ သူတို့ရဲ့မင်းမျိုး မင်းနွယ်ဆိုတဲ့ အဖိုးတန်မဟာမျိုးရိုးကြီးက ဒီမှာတင်ပဲ မျိုးတုံးရှာပြီပေါ့။

တနုံ့နုံ့ ခံစားကြေကွဲနေမယ့် ဒေါ်ဒေဝီနန်းမြတ်ရဲ့ မျက်နှာ ကို အခွင့်အရေးရှိမယ်ဆိုရင် တစ်ရက်လောက် အချိန်ပေးပြီးတော့ကို တစိမ့်စိမ့် ထိုင်ကြည့်နေချင်လိုက်တာ အမှန်ပါပဲ။

♥ ♥ ♥

# အခန်း(၁၀)

ဒီနေ့ဆိုလျှင် သူ ဆေးရုံမှဆင်းတာ တစ်လတိတိပြည့်ပြီ ဖြစ်သည်။ ဆေးရုံမှာလည်း ဆယ်ရက်လောက် တက်ခဲ့ရတာဖြစ်ပြီး သူက အခု ထူထူထောင်ထောင် ဖြစ်လာခဲ့ပေမယ့် မေမေကတော့ သူနှင့် ဆန့်ကျင်ဘက်ဆန့်စွာပင် တစ်နေ့တခြား ကျန်းမာရေးက သိသိသာသာ ယိုယွင်းလာခဲ့တာဖြစ်သည်။

အဓိကတော့ စိတ်ပါပင်။ စိတ်ထောင်းတော့ ကိုယ်ကြေဆို သလိုပင် သူ ကလေးမရနိုင်တော့ဘူးဆိုသည့် အကြောင်းပြချက်တစ်ခုက မေမေ့ကို အခုလို လူမမာတစ်ယောက်အဖြစ် ပုံစံပြောင်းပေးလိုက်ခြင်းပင် ဖြစ်ပါတော့သည်။

သူလည်း ဒီအဖြစ်ကြီးကို စသိလိုက်ရတုန်းကတော့ တော်တော်လေး စိတ်ထိခိုက်ခဲ့ရတာပါပင်။ ဒါပေမဲ့ အကြာကြီးတော့လည်း စိတ်ထိခိုက်မနေမိခဲ့ပါ။ ကံတရားပေါ့ဟုသာ နှလုံးသွင်းထားလိုက်နိုင်ခဲ့ပါသည်။





မေမေကတော့ ဒီလိုမဟုတ်။ မေမေက သူ့ရဲ့မျိုးဆက်ကို အများကြီး အမြင့်ကြီး မျှော်မှန်းထားခဲ့တာ။ အခုတော့ သူ့မျှော်လင့်ချက်တွေက ဘယ်လိုမှ ဖြစ်မလာနိုင်တော့ဘူး ဆိုသည့်အခါကျတော့ အတောင်ရိုက်ချိုးခံလိုက်ရတဲ့ ငှက်တစ်ကောင်လို ပျံသန်းခွင့်တွေ ပျောက်ဆုံးသွားခဲ့ရတာဖြစ်သည်။ ဒါပေမဲ့ အတောင်ကျိုးတဲ့ငှက်ကမှ ပျံသန်းဖို့ကို အားမလျှော့ဘဲ ရှိသမျှခွန်အားနှင့် ကြိုးစားနေမိဦးမှာ ဖြစ်ပေမယ့် မေမေကတော့ ပျံသန်းချင်စိတ်ကို မရှိတော့တာ ဖြစ်ပါသည်။

ပြီးတော့ မေမေ့မှာက နှလုံးအားနည်းတဲ့ ရောဂါကလည်း ရှိနေသေးတာဆိုတော့ အခုလို မြန်မြန်ပဲ လူမမာတစ်ယောက်ဘဝကို ချက်ချင်းလက်ငင်း ရောက်သွားရတော့တာ ဖြစ်ပါသည်။

"မေမေ ... သား ဒီနေ့ အလုပ်သွားတော့မယ် မေမေ"

"အင်း ... အင်း"

မေမေက ဧည့်ခန်းထဲမှာ ထိုင်ကာ တရားစာအုပ်တစ်အုပ်ကို အသိအမှတ်မဲ့ ပုံစံမျိုးဖြင့် ဖတ်နေရင်းကနေ သူ့စကားကို "အင်း ... အင်း"ဟုသာ တုံ့ပြန်သည်။

"ဒီနေ့ သားအလုပ်မှာ ညနေပိုင်းအစည်းအဝေးရှိလို့ အပြန်နည်းနည်း နောက်ကျမယ် မေမေ၊ အဲဒါ ညနေဆေးခန်းသွားဖို့ကို သားမလိုက်နိုင်တော့ဘူး၊ အဲဒါ ဦးအေးနဲ့ပဲ သွားလိုက်လို့ ဖြစ်လား မေမေ"

"ရတယ် ... ရတယ် သား၊ သားလုပ်စရာရှိတာသာ လုပ်ပါ၊ မေမေ ဦးအေးနဲ့ပဲ သွားလိုက်ပါ့မယ်၊ မေမေလည်း ထူထူထောင်ထောင် ပြန်ဖြစ်နေပြီဟာ၊ စိတ်မပူနဲ့၊ သား သွားမှာကိုသာ စိတ်ဖြောင့်လက်ဖြောင့် သွား ..."

"မေမေ ဆေးတွေရော မှန်မှန်သောက်ရဲ့လား၊ မေမေ့ကြည့်ရတာ အားမရလိုက်တာ"

"သောက်ပါတယ် သားရယ်၊ မေမေ ကလေးမှမဟုတ်တာ"

"အရင်လိုပုံစံမျိုးပဲ ပြန်နေပါ မေမေရယ်၊ သား ကလေးမရတော့ ရော ဘာဖြစ်လဲ၊ မရှိသေးတဲ့ လူသားတစ်ယောက်အတွက် ဘာလို့တွေးပြီး ကိုယ့်ကိုယ်ကိုယ် နှိပ်စက်နေရတာလဲ၊ အဓိကအရေးကြီးတာက ရှိနေတဲ့လူတွေပဲ မဟုတ်ဘူးလား မေမေရယ်၊ မေမေ ကျန်းမာမှ သားလည်းပျော်နေနိုင်မှာပေါ့၊ မေမေက ဒီလိုကြီးဖြစ်နေတော့ သားလည်း ဘယ်စိတ်ချမ်းသာပါ့မလဲ"

"အင်းပါ သားရယ်၊ မေမေ နေကောင်းနေပါပြီ၊ သွားမှာကိုသာ သွားစမ်းပါ၊ တော်ကြာ အလုပ်နောက်ကျဦးမယ်"

သူက မေမေ့လက်ကလေးတစ်ဖက်ကို အားပေးသလို ဆုပ်ကိုင်ဖျစ်ညှစ်ပေးလိုက်ပြီးမှ အပြင်က ကားရှိရာကို ထွက်လာခဲ့လိုက်ကာ ဦးအေးကို ညနေဆေးခန်းပြဖို့အတွက် မှာစရာရှိတာ မှာရသည်။

နောက်တော့မှ သူလည်း အလုပ်ရှိရာကို ထွက်လာခဲ့လိုက်တော့သည်။ လမ်းမီးပွိုင့်တစ်နေရာ အရောက်မှာတော့ သူ့အကြည့်က လမ်းဘေးက ရေပိုက်ကြော်ငြာ ဆိုင်းဘုတ်တစ်ခုဆီကို အမှတ်တမဲ့ရောက်သွားရလေသည်။ လမ်းဘေးဆိုင်းဘုတ်ထဲမှာ သည်းက ရေပိုက်ကြီးတစ်ချောင်းကို ပခုံးပေါ်တွင် ထမ်းထားကာ မခို့တရို့ကြည့်ကာ ရယ်လို့။

သူမတောင် အခုတလော ဇာတ်ကားတွေ စရိုက်နေပြီလို့ ကြားလေသည်။ သူမနှင့် လမ်းခွဲပြီး နှစ်လကျော်ကျော် အချိန်ကာလအတွင်းမှာ တစ်ကြိမ်တစ်ခါမှ မဆုံဖြစ်ကြတာကတော့ သူမကပဲ တမင်





ရှောင်နေခဲ့တာလား၊ ကံကြမ္မာကိုက တွေ့ဆုံခွင့်မပေးခဲ့တာလားတော့ မသိချေ။ လူချင်းမဆုံဖြစ်ကြပေမယ့်လို့ သူမသတင်းတွေကိုတော့ သူက အမြဲမပြတ် နားစွင့်နေခဲ့တာ ဖြစ်ပါသည်။

သူမကရော ...။ ဟင့်အင်း ... သူမကတော့ သူ့ကို သတိရလိမ့်မယ် မထင်ပါဘူးလေ။ သစ္စာမရှိ၊ ကတိမတည်တဲ့ ယောကျ်ားဆိုပြီး သူ့ကို အမုန်းကြီးမုန်းနေမှာ သေချာပါတယ်။

♥ ♥ ♥

ဒေါ်ဒေဝီနန်းမြတ်က ဆေးခန်းထဲက ထွက်လာကာ ကားပေါ် ပြန်အတက် အပြီးမှာတင် ဆေးခန်းရှေ့မှာ ရပ်သွားသည့် တက္ကစီတစ်စင်းပေါ်မှ ဆင်းလာသည့် ချစ်သည်းပုံကြောင့် သူမက ဦးအေးကို ကားမထွက်ခိုင်းသေးဘဲ ကားပေါ်မှ အကဲခတ်နေလိုက်မိလေသည်။

ဒီကောင်မလေး နေမကောင်းဘူးလား။ မဟုတ်သေးပါဘူး။ သူမပုံစံက နေမကောင်းတဲ့ပုံမှ မဟုတ်တာ။

ဒေါ်ဒေဝီနန်းမြတ်က အဲဒီလို တွေးနေတုန်းမှာပဲ ချစ်သည်းပုံက ဆေးခန်းထဲကို ဝင်သွားသည်။ ဒါပေမဲ့ သူမဝင်သွားသည့်ဆေးခန်းက အထွေထွေရောဂါကုဆေးခန်းဘက်ကို မဟုတ်ဘဲ သားဖွားမီးယပ်ဆေးကုခန်းထဲကို ဝင်သွားတာ။ ဖွင့်ထားသည့်ဆေးခန်းက အခန်းတွဲလျက် နှစ်ခုဖြစ်ပြီး ဆရာဝန်လင်မယားနှစ်ယောက်က ဖွင့်ထားတာပါ။ ဆရာဝန်က အထွေထွေရောဂါကုဆရာဝန် ဖြစ်ပြီးတော့ ဆရာဝန်မကတော့ အိုဂျီ။ ချစ်သည်းပုံ ဝင်သွားတာက အိုဂျီအခန်းဘက်ဆိုတော့ မဟုတ်မှလွဲရော_ ဒီကောင်မလေး။

ဟာ ...။





ဒေါ်ဒေဝီနန်းမြတ်ရဲ့ ရင်တွေ အတိုင်းအဆမရှိ ခုန်လာသဖြင့် လက်တစ်ဖက်နဲ့ ဝဲဘက်ရင်အုံကိုတောင် ဖိယူထားလိုက်ရသည်။ ဘုရား ... ဘုရား ... ဒီကောင်မလေးမှာ ... ဒီကောင်မလေးမှာ ...။

ဒီကောင်မလေးနဲ့ သားနဲ့ လမ်းခွဲလိုက်ကြတာ နှစ်လကျော် ကျော်လောက်တော့ ရှိလောက်ရောပေါ့။ ဒီလောက် အချိန်တိုလေးအတွင်းမှာ ဒီကောင်မလေး အိမ်ထောင်များ ကျသွားတာလား။ မဖြစ်နိုင်ပါဘူး။ အိမ်ထောင်ကျသွားရင်လည်း သူမလို celebrity တစ်ယောက်ရဲ့ မင်္ဂလာသတင်းက တိုးတိုးတိတ်တိတ်နဲ့ ပြီးသွားမှာမျိုးမှ မဟုတ်တာ။ ဂျာနယ်တွေ၊ စာစောင်တွေမှာ ဟိုးလေးတကျော်ပါပြီးတော့ မိမိတို့နားထဲကို ရောက်ကို ရောက်လာရမှာပါ။

ဒါဆို ဒီကောင်မလေးက အိမ်ထောင်မကျဘဲနဲ့ ဒီလိုဖြစ်သွားတာလား။ ဘယ်သူနဲ့လဲ ...။ ဘယ်သူနဲ့များလဲ။ ဘုရားရေ ... သား ... သားနဲ့များလား။

ဒေါ်ဒေဝီနန်းမြတ်ရဲ့ ခေါင်းထဲမှာ မိုက်ခနဲ ဖြစ်သွားလို့ ကားထိုင်ခုံနောက်မှီကို မှီထားလိုက်ရသည်။ သိပ်မကြာခင်အချိန်အတွင်းမှာပဲ ချစ်သည်းပုံကို ဆေးခန်းထဲက ပြန်ထွက်သွားတာတွေ့လိုက်ရသည်။ ချစ်သည်းပုံ မျက်နှာက ဆေးခန်းထဲကို ဝင်သွားတုန်းက မျက်နှာမျိုး မဟုတ်ဘဲ အနည်းငယ် ညှိုးနေသယောင်ယောင်ပင်။

အဲဒီလိုကြည့်နေတုန်းမှာတင်ပဲ ချစ်သည်းပုံက သက်ထဲမှာ ဆုပ်ကိုင်ထားသည့် စာရွက်တစ်ရွက်ကို တစ်ချက်ကြည့်ကာ လုံးချေ ဆုတ်ဖြဲပစ်လိုက်ပြီးနောက် တက္ကစီတစ်စီးတားကာ ထွက်ခွာသွားသည်ကို တွေ့လိုက်ရလေသည်။

ဒီအချိန်မှာပဲ ဒေါ်ဒေဝီက ကားရှေ့ခန်းထဲမှာရှိသည့် ဦးအေးကို —

"ဦးအေး ... ကျွန်မကို ဟိုမှာပျံ့ကျဲနေတဲ့ စာရွက်အပိုင်းအစလေးတွေ သွားကောက်ပေးစမ်းပါ၊ လေနောက်မပါသွားခင် မြန်မြန်သွား၊ တစ်ခုမှ မကျန်ခဲ့စေနဲ့နော်"

"ဟုတ် ... ဟုတ်ကဲ့"

"သွား သွား ... မြန်မြန်"

ဦးအေး ကားပေါ်မှ ဆင်းသွားကာ ပျံ့ကျဲနေသည့် စာရွက်တွေကို လိုက်ကောက်နေတော့သည်။

ဒေါ်ဒေဝီနန်းမြတ်ရဲ့ ခေါင်းထဲမှာက အတွေးတွေများစွာချာချာလည်လို့။ ကံတရား ... ကံတရားက မိမိတို့ကို နောက်တစ်ကြိမ် အခွင့်အရေးတစ်ခု ပေးလိုက်လေပြီလား။ ဘုရား ဘုရား ... မိမိ ... မိမိရဲ့ ဆန္ဒသင့်ချက်တွေ ပြန်လည်ရှင်သန်လာရတော့မည်လား။

❤ ❤ ❤



သူမဆီက အဖြေစကားကိုလည်းကြားရော ဖေဖေရော၊ မေမေပါ အကြီးအကျယ်ကို မျက်နှာတွေပျက်သွားကြလေတော့သည်။ မေမေကဆို ချုံးပွဲချပြီးတော့ကို ငိုတာဖြစ်သည်။

"မိုက်လိုက်တာ သမီးရယ်၊ မိုက်လိုက်တာ၊ မေမေတို့က သမီးကို ယုံကြည်လို့ သမီးလုပ်တဲ့ကိစ္စရပ်တိုင်းကို ဘာမှဝင်မပြောဘဲနေခဲ့တာ၊ အခုတော့ ... အခုတော့ ..."

မေမေက ပြောနေရင်းကနေ ဆို့နင့်သွားသလိုနှင့် အသံက တိမ်ဝင်သွားသည်။ ဖေဖေကတော့ ခေါင်းကြီးငိုက်စိုက်ကျသွားကာ ပြန်ကိုထောင်မလာတော့။

"သားရှင်ဘက်ကလည်း ခါးခါးသီးသီးနဲ့ ချွေးမအဖြစ်လက်မခံနိုင်ပါဘူးလို့ ငြင်းထားတာ၊ အခုတော့ ညည်းက ဒီဗိုက်တစ်လုံးနဲ့ ဘယ်လိုစခန်းသွားမှာ ချစ်သည်းပုံရယ်၊ ငါတော့ ရှက်လွန်းလို့ ကိုယ့်ကိုယ်ကိုယ် သတ်သေပစ်ချင်တော့တယ် သိလား"

ပြောရင်း မေမေက ဘေးနားမှာ ဘာတစ်ခွန်းမှ မပြောတော့ဘဲ ငူငူကြီးထိုင်နေမိသည့် သူမကို လက်သီးဆုပ်များဖြင့် ထုရိုက်လာလေ

တော့သည်။ သူမ မရှောင်မိ။ ဘာမှလဲ မပြော။ မျက်ရည်လည်း မကျ အောင် ကိုယ့်ကိုယ်ကိုယ် တင်းခံထားလိုက်သည်။

ဒီတော့ ဖေဖေက ခေါင်းငိုက်စိုက်ချကာ နေရာမှ ပြန်လည် မော့လာကာ သက်ပြင်းရှည်ကြီးကို ချလိုက်ရင်း ...

"ကဲ ... ငိုမနေပါတော့နဲ့ မသည်းအူရယ်၊ မင်းငိုနေတာနဲ့ပဲ တစ် ရပ်ကွက်လုံးကြားပြီး တစ်ရက်က နှစ်ရက်ဖြစ်နေပါဦးမယ်၊ ဖြစ် ပြီးတာလည်း ဖြစ်ပြီးသွားပြီ၊ သူ့ကိုချည်းပဲလည်း အပြစ်မတင်နေ နဲ့၊ မင်းတို့ ငါတို့မှာလည်း တာဝန်ရှိတာပဲ၊ ငါတို့အုပ်ထိန်းမှုညံ့ လို့၊ သားသမီးအပေါ် အယုံအကြည်လွန်ကဲမိလို့ ဖြစ်ရတာပဲမဟုတ်လား ငိုနေလို့လည်း ပြီးသွားမှာမှ မဟုတ်တာ၊ အခုက အကောင်းဆုံး ဖြစ်အောင် ဘာဆက်လုပ်ရမလဲ ဆိုတာကိုသာ စဉ်းစား"

"ကျွန်မတော့ ဘာဆက်လုပ်ရမှန်းကို မသိတော့ပါဘူး ကိုကျော် ရယ်၊ ကျွန်မတော့ ရှက်တာပဲ သိတယ်၊ ပြီးတော့ သူက သာမန် လူလည်းမဟုတ်ဘူး အနုပညာသည်၊ ဒီသတင်းသာ ပေါက်ကြား သွားလို့ကတော့ နိုင်ငံနဲ့ချီပြီးတော့ကို အရှက်တွေကွဲရမှာ၊ ကျွန်မ တို့တွေ ဘယ်လိုမျက်နှာမျိုးနဲ့ လူတွေကို ရင်ဆိုင်ရမှာလဲ"

ထိန်းထားသည့်ကြားက မျက်ရည်တစ်စက်က ပါးပေါ်ထို လိမ့်ဆင်းလာ၏။

သူမက ထိုမျက်ရည်ကို လက်ဖမိုးနှင့် ခပ်ကြမ်းကြမ်းထင် ပွတ်သုတ်ပစ်လိုက်သည်။

"သမီး ... ဖေဖေပြောမယ်၊ သေချာနားထောင်နော်၊ သမီး မောင် စွမ်းထက်သန်ကို သွားတွေ့သင့်တယ်လို့ ဖေဖေ ထင်တယ်၊ ဒီကိစ္စ





ဟာ သူနဲ့ပတ်သက်နေတာဖြစ်တဲ့အတွက် သမီးမှာသာ ဒီလို ဒီလို ဖြစ်နေတယ်ဆိုတာကို သူသိရင် ဘာတွေ ဘယ်လိုပဲဖြစ်ဖြစ် သူ သမီးဘက်မှာ ရပ်တည်ပေးလိမ့်မယ်လို့ ဖေဖေ ထင်တယ်၊ သမီး သူ့ကို သွားတွေ့ပါ"

ဖေဖေ့စကားကို သူမက ခေါင်းတစ်ချက်ယမ်းကာ ငြင်းဆန် လိုက်ရင်း ...

"သမီး သူ့ကို သွားမတွေ့ဘူး ဖေဖေ"

"သမီး"

"ချစ်သည်းပုံ ... ညည်း ဘယ်လိုပြောလိုက်တာလဲ၊ ညည်း သူ့ ကို သွားတွေ့သင့်တာပေါ့၊ ဘာလို့ သွားမတွေ့ရမှာလဲ၊ ညည်း တစ်ယောက်တည်း ဒီကိစ္စကို ဘယ်လိုဖြေရှင်းမှာလဲ၊ ဒီကိစ္စကိုဖြေ ရှင်းပေးနိုင်တာ သူ တစ်ယောက်ပဲရှိတာလေ၊ ညည်း သူ့ကိုသွား ကိုတွေ့ရမယ်"

"မတွေ့ဘူး ... လုံးဝမတွေ့ဘူး၊ သူ့အမေ သမီးကို ဒီလောက် ခါးခါးသီးသီး ဖြစ်နေတာကို သမီးက ဘယ်လိုမျက်နှာမျိုးနဲ့သွား တွေ့ရမှာလဲ၊ တစ်ခါ အငြင်းခံရပြီးရင် သမီးဘဝမှာ လုံလောက်ပြီ မေမေ၊ သမီး နောက်တစ်ခါ ထပ်အငြင်းမခံနိုင်တော့ဘူး၊ ပြီးတော့ သူကရော ... သမီးဘက်မှာ ရှိခဲ့လို့လား၊ အရေးကြုံတော့ သူ့ အမေဘက်ကပဲ ရပ်တည်ခဲ့တာ မဟုတ်ဘူးလား၊ သမီး သူတို့ကို စိတ်နာတယ်၊ ဒီတစ်ခါသာ ထပ်အငြင်းခံလိုက်ရရင် ကိုယ့်ကိုယ် ကိုယ် သတ်သေပစ်ဖို့ပဲရှိတယ်၊ သမီးရဲ့မာနကိုတော့ နောက်တစ်ခါ ထပ်ပြီး အထိခိုက်မခံနိုင်တော့ဘူး မေမေ"

"ဟဲ့ ... ဟဲ့ ... ဒီအချိန်မှာ ညည်းမာနက ဘာလုပ်လို့ရမှာလဲ၊ ဒီအချိန်မှာ အားလုံးအရှက်မကွဲဖို့က အရေးကြီးတယ်ဆိုတာ ညည်းသိရဲ့သားနဲ့၊ သွားကိုတွေ့ရမယ်"

"မတွေ့ဘူး ... လုံးဝမတွေ့ဘူး၊ ဒီကိုယ်ဝန်ကိစ္စကိုလည်း သူတို့ကို ပေးမသိဘူး၊ ကိုယ့်ဘာသာပဲ ဖြေရှင်းမယ်"

"ကိုယ့်ဘာသာ ဖြေရှင်းမယ်၊ ညည်းက လင်ကောင်မပေါ်ဘဲ ဒီကလေးကို ဘယ်လိုမျက်နှာမျိုးနဲ့ မွေးမလို့လဲ၊ ပြောစမ်းပါဦး၊ သွားတွေ့ပါ ချစ်သည်းပုံ့ရယ်၊ အမေ ရှိကြီးခိုးပါတယ်"

"မတွေ့ဘူး ... လုံးဝကို မတွေ့ဘူး"

"ချစ်သည်းပုံ ... ညည်း"

"တော်ပြီ ... တော်ပြီ ... မသည်းအူ၊ မင်း မပြောနဲ့တော့၊ ငိုလည်း မငိုနဲ့တော့၊ သူ့လုပ်ရပ်က နည်းလမ်းမကျဘူးဆိုပေမယ့် သမီးနေရာက ခံစားကြည့်ရင်လည်း သမီးပြောတာ ဟုတ်နေတာပဲ၊ သမီးလည်း အငြင်းခံထားရတော့ ရှက်မှာပေါ့၊ ဟုတ်ပြီ ... သမီး၊ သမီးပြောတာကို ဖေဖေ လက်ခံတယ်၊ ဒါပေမဲ့ သမီး သူ့ကိုသွားမတွေ့ရင်တော့ ဒီကိစ္စကို သမီး ဖြေရှင်းနိုင်ရမှာပေါ့၊ ပြော ... သမီးမှာ ဘယ်လိုစိတ်ကူး ရှိလို့လဲ"

"သမီး စဉ်းစားပြီးပြီ ဖေဖေ၊ သမီး ဒီကလေးကို ဘယ်သူမှမသိအောင် တောရွာတစ်ရွာမှာ တိတ်တဆိတ် သွားမွေးမယ်၊ ဖေဖေနဲ့ မေမေတို့ ဒီမှာပဲ နေခဲ့ပါ၊ သမီး ကြာညို့ကိုပဲ ခေါ်သွားမယ်"

"မဟုတ်တဲ့လမ်းကို မရွေးချင်စမ်းပါနဲ့ ချစ်သည်းပုံ့ရယ်၊ ကာယကံရှင်ကိုသာ သွားတွေ့စမ်းပါ၊ လွယ်တဲ့လမ်းကို မရွေးဘဲ ဘာလို့ ..."





"မသည်းအူ ... တော်ပြီလို့ ငါပြောနေတယ်ကွာ၊ သမီး ... ဖေဖေ့ကိုကြည့်စမ်း၊ ဖေဖေ မေးမယ်၊ သမီး တကယ်ဆုံးဖြတ်ပြီးပြီလား၊ သမီးပြောသလို တောရွာတစ်ရွာမှာ မွေးတယ်ပဲ ထားပါတော့၊ ဒီကလေးက တစ်သက်လုံး ဖခင်မရှိတဲ့ ကလေးတစ်ယောက်ဖြစ်သွားမှာနော်၊ သမီးကလေးကို သမီး အဲဒီလို အဖြစ်ခံနိုင်လား၊ သမီး သေချာစဉ်းစားနော်၊ ဖေဖေ ထပ်မေးမယ်၊ သမီးဆုံးဖြတ်ပြီးပြီလား"

ဖေဖေ့စကားအဆုံး သူမက ထပ်မံကျလာပြန်သည့် မျက်ရည်စအချို့ကို ပွတ်သုတ်ပစ်လိုက်သည်။ နောက်တော့ ဆုံးဖြတ်ချက်တစ်ခုကို ယတိပြတ်ချလိုက်ကာ ဖေဖေနှင့် မေမေ့ကိုကြည့်ရင်း ဆုံးဖြတ်ချက်ကို တစ်ခွန်းချင်း ပြောပြလိုက်တော့သည်။

"သမီး ဆုံးဖြတ်ပြီးသွားပြီ ဖေဖေ၊ သမီးရင်သွေးမှာ အဖေမရှိလည်းရတယ်၊ သမီး သူ့ကို ဖခင်ရဲ့မေတ္တာရော မိခင်ရဲ့မေတ္တာပါ ပေးနိုင်အောင် ကြိုးစားမယ်၊ သမီးရင်သွေးကို သမီး မျက်နှာမငယ်အောင် ထားနိုင်ပါတယ်"

❤ ❤ ❤

"ဗျာ ... မေမေ၊ သည်းမှာ ကိုယ်ဝန်ရှိနေပြီ၊ ဟုတ်လား"

မေမေ့စကားကြောင့် သူ့ရင်ထဲမှာ ဆောင့်ခုန်သွားကာ ခေါင်းနပန်း ကြီးသွားရတော့သည်။ သည်းကို ဖျတ်ခနဲ ပြေးမြင်လိုက်မိသလို သူမှားသွားခဲ့ပြီ ဆိုတာကိုလည်း တစ်ဆက်တည်းလိုလိုပဲ သိလိုက်ရသည်။

"ဟုတ်တယ် သား၊ ချစ်သည်းပုံမှာ ကိုယ်ဝန်ရှိနေပြီ။ အဲဒါအသေအချာပဲ"

မေမေက အပိုင်းပိုင်းပြတ်နေတာကို တိပ်နှင့်ကပ်ကာ ပြန်ဆက်ထားသော ဆေးစာရွက်တစ်ခုကို သူ့ရှေ့သို့ ထုတ်ပေးလာသည်။

သူက စာရွက်ကို ကောက်ယူကြည့်လိုက်၏။ ဆေးစာရွက်မှာပါသည့် အချက်အလက်တွေအရဆိုလျှင်တော့ မေမေ ပြောတာဟာ အသေအချာပဲ ဖြစ်ပါတော့သည်။

သူက ဆေးစာရွက်ကို ငုံ့ဖတ်နေရာကနေ မေမေ့ကို မော့ကြည့်လိုက်မိတော့ မေမေကလည်း သူ့ကိုကြည့်နေတာနှင့်ဆုံသည်။





ခမေ့မျက်ဝန်းထဲမှာက မေးခွန်းတွေ။ ပြီးတော့ တစ်စုံတစ်ရာအတွက် မျှော်လင့်ခြင်းတွေကို တွေ့နေရသည်။

"မေမေ ရှေ့မျက်နှာ နောက်ထားပြီးတော့ပဲ မေးတော့မယ် သား၊ သား ... မေမေ့ကို အမှန်အတိုင်းဖြေပါ၊ သားတို့ ချစ်သူဘဝမှာ တုန်းက သားနဲ့သူ ..."

သူက မေမေ့မျက်ဝန်းတွေကို ရင်မဆိုင်ရဲစွာ ခေါင်းကိုငုံ့ချလိုက်မိသည်။ ပြီးတော့မှ သက်ပြင်းတစ်ခုကို ခပ်ပါးပါး ချလိုက်မိရင်းက ...

"ဟုတ်တယ် မေမေ၊ ကျွန်တော့်မွေးနေ့တစ်ရက်မှာ ကျွန်တော်နဲ့ သူ နယ်ကျွံသွားမိခဲ့ဖူးတယ်"

သူ့စကားအဆုံး ညှို့ခန်းထဲမှာ ရှိသမျှအသံတွေ အကုန်လုံး တိတ်ဆိတ်သွားသလို ခံစားလိုက်ရသည်။ ဒါပေမဲ့ သိပ်မကြာ အဲဒီတိတ်ဆိတ်မှုတွေကို ဖြိုခွင်းကာ ထွက်လာတာက မေမေ့ရဲ့ရယ်သံတစ်ခုပါပဲ။

မေမေ့ရယ်သံက လှိုက်လှိုက်လှဲလှဲ ရှိလွန်းလှသည်။ ပြီးတော့ သွေးရှူးသွေးတန်း ဆန်နေသလိုလည်း ခံစားရသည်။

"မေမေ"

"မေမေတို့ ... မေမေတို့ မျှော်လင့်ချက်တွေ ပြန်ရှင်သန်လာပြီ သား၊ မေမေတို့ မျှော်လင့်ချက်တွေ မသေဆုံးသေးဘူး၊ ဟင်း ... ဟင်း ... မေမေ ဝမ်းသာလိုက်တာ သားရယ်၊ မေမေ ဝမ်းသာလိုက်တာ၊ မေမေတို့ မျိုးဆက်မပြတ်တော့ဘူး၊ ချစ်သည်းပုံရဲ့ဗိုက်ထဲက ကလေးလေးဟာ မေမေတို့အတွက် ဘုရားပေးတဲ့လက်ဆောင်ပဲ၊ မေမေတို့ အဲဒီကလေးကို ဘယ်လိုနည်းနဲ့မှ အဆုံးရှုံးခံလို့မ

ဖြစ်ဘူး သား၊ မေမေတို့အတွက် အဲဒီရင်သွေးလေးဟာ နောက်ဆုံးသော ကောက်ရိုးတစ်မျှင်ပဲ သား"

ပြောနေရင်းကနေ မေမေက စိတ်တွေ တအားလှုပ်ရှားလာဟန်နဲ့ မတ်တတ်ရပ်လိုက်သည်။ နောက်တော့ နေရာမှာ ပြန်ထိုင်သည်။ မကြာ ... ပြန်ထကာ ညာဘက်လက်ကို ကျစ်ကျစ်ပါအောင် လက်သီးဆုပ်ထားလိုက်ကာ အဲဒီလက်သီးကို ဘယ်ဘက်လက်ဖြင့် ပွတ်သပ်ဆုပ်ကိုင်ထားရင်းက ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။ ပြီးတော့ နဂိုမူလနေရာမှာ ပြန်ဝင်ထိုင်လိုက်ပြန်ရင်းက သူ့ကို တည့်တည့်စိုက်ကြည့်လာကာ ...

"မေမေတို့ ... မေမေတို့ ချစ်သည်းပုံနဲ့ သူ့မိဘတွေဆီကို သွားရမယ် သား၊ မေမေတို့ နောက်ကျနေလို့ မဖြစ်ဘူး"

"မေမေ ... မေမေဆိုလိုတာက"

"မေမေ ချစ်သည်းပုံကို မယုံဘူး သား"

"ဗျာ ! "

"ဟုတ်တယ် ... မေမေ ချစ်သည်းပုံကို ခယုံဘူး၊ သူက နိုင်ငံနဲ့ချီပြီးသိကြတဲ့ public figure တစ်ယောက်၊ ဒီကိစ္စသာ ပေါက်ကြားသွားရင် သူ ကောင်းကောင်းအရှက်ကွဲမှာ၊ ဒီတော့ သူ ... ဒီကိစ္စကို ဘယ်နည်းနဲ့မှ လူသိခံမှာမဟုတ်ဘူး၊ သူ့မှာ လုပ်စရာတစ်လမ်းပဲရှိတယ်၊ သူ ဒီကိုယ်ဝန်ကို သေချာပေါက်ဖျက်ချမှာပဲ"

"ဗျာ ! "

မေမေ့စကားက တစ်ကြိမ်ပဲ ပြောလိုက်တာပေမယ့် နားထဲမှာ အကြိမ်ပေါင်းများစွာ ပဲ့တင်ထပ်သွားသည်။ သည်း ... သည်းက ...။





ဟား ... မဟုတ်ဘူး။ မဟုတ်ဘူးနော် သည်း။ မင်း ... ဒီလိုလုပ်လို့မဖြစ်ဘူးနော်။

"ဟုတ်တယ် သား၊ သူ့မှာ အရှက်မကွဲဖို့လမ်းက ဒီတစ်လမ်းပဲရှိတယ်၊ အဲဒီတော့ သူ ဘာမှမလုပ်ခင် မေမေတို့ လက်ဦးမှုရအောင်ယူဖို့လိုတယ် သား၊ မနက်ဖြန်ပဲ မေမေတို့ သူ့အိမ်သွားရအောင်"

"ဖြစ်ပါ့မလား မေမေ၊ သူက သားတို့ကို တော်တော်နာကြည်းနေတာနော်၊ ပြီးတော့ သား သူ့ကို ဘယ်လိုမျက်နှာမျိုးနဲ့ ရင်ဆိုင်ရမလဲ မသိဘူး၊ ကိုယ့်လုပ်ရပ်အတွက် ကိုယ့်ကိုယ်ကိုယ်လည်း ရှက်တယ်၊ မေမေ ကိုယ်တိုင်လည်း သူတို့လိုမျိုးရိုးကို မလိုချင်ပါဘူးလို့ ပြောထားတာ မဟုတ်လား၊ မေမေ သူ့ကို ရင်ဆိုင်ရဲလို့လား"

"ဒီအချိန်မှာ ဘာကိုမှ တွေးနေစရာ မလိုဘူး သား၊ ဒီလိုဖြစ်ရမယ်ဆိုတာက သူ့အလိုလိုကို ကံပါလာပြီးသားမို့လို့ ဖြစ်လာတာ၊ မေမေကတော့ မေမေတို့မျိုးရိုး မျိုးဆက်မပြတ်ဖို့အတွက် ဘာပဲပေးဆပ်ရ ပေးဆပ်ရ၊ ဘာပဲပေးရပေးရ ပေးမှာပဲ"

"မေမေ ... သည်းကို ချွေးမအဖြစ် လက်ခံနိုင်သွားပြီလား၊ ဟုတ်လား မေမေ"

သူ့စကားအဆုံး မေမေက သူ့ကိုကြည့်လာရင်း ပြုံးသည်။ မေမေ့အပြုံးက လျှို့ဝှက်နက်နည်းလွန်းတာလား၊ သူကပဲ ထူပူနေလို့လားတော့ မပြောတတ်။

မေမေ့အပြုံးကို သူ ဘာသာမပြန်တတ်ပ ။

"မေမေ ပြောပြီးပါပြီကော၊ မေမေ ဘာပဲဖြစ်ဖြစ် လုပ်မှာပါလို့၊ အဓိက အရေးကြီးတာက ဒီရင်သွေးလေးကို မေမေတို့ လက်မလွှတ်ရဖို့ပဲ"

မေမေ့မျက်နှာ၊ မေမေ့အသံတို့က တအားကိုပဲ တက်ကြွပျော်ရွှင်နေသလို ခံစားရသည်။ မေမေ့ဆီမှာ ဒီလိုပုံစံမျိုးတွေ ပျောက်ဆုံးနေတာ ဘယ်လောက်ကြာပါပြီလဲ။ အခုမှ မေမေ့ရဲ့အရင်လိုပုံစံကို မေမေ့ဆီမှာ ပြန်တွေ့ရခြင်းဖြစ်သည်။

သည်း … သည်းကရော … သူ့ကို အရင်လိုရင်ခွင်မျိုးနဲ့ ကြိုဆိုနေပါ့မလား။ ဒါကတော့ အတွေးနဲ့တင်ကိုပဲ အတော့်ကို သွေးပျက်စရာကောင်းသည့် ပဟေဠိတစ်ပုဒ်ပင် ဖြစ်ပါတော့သည်။

♥ ♥ ♥



## အခန်း(၁၁)

"အိမ်ကို မြန်မြန်ပြန်ခဲ့ပါ၊ အိမ်မှာ ဒေါ်ဒေဝီနန်းမြတ်တို့ သားအမိ ရောက်နေတယ်"ဆိုတာနဲ့ သူမက ရှူတင်ကနေတောင် ခွင့်တောင်းပြီးတော့ ပြန်လာခဲ့ရတာဖြစ်သည်။ အစတော့ မေမေပြောတာ ဟုတ်မှဟုတ်ရဲ့လား။ မေမေ တခြားအကြောင်းအရာတစ်ခုခု ရှိလို့ပဲလိမ်ခေါ်လိုက်တာလား ဆိုပြီးတော့ တွေးနေမိသေးတာဖြစ်သည်။

ဒါပေမဲ့ အိမ်ပြန်ရောက်တော့ မေမေ လိမ်တာမဟုတ်ဘူး ဆိုတာကို သိလိုက်ရတာနှင့်အတူ ပိုပြီးအံ့သြသွားစေတာက သူမကိုလာ ရောက်တောင်းရမ်းတာပါဆိုသည့် ဒေါ်ဒေဝီနန်းမြတ်ရဲ့ စကားပဲဖြစ်သည်။ ဖေဖေနှင့် မေမေကတော့ ဝမ်းသာနေဟန်ရှိကြပေမယ့်လို့ အတွင်းသိမ့်မြွေမြွေချင်း ခြေမြင်နေသည့် သူမကတော့ ဝမ်းမသာအားပါ။

ဒေါ်ဒေဝီနန်းမြတ်ကိုပဲ မသင်္ကာသည့် မျက်လုံးတွေနှင့် ကြည့်ပေးလိုက်ရင်းက …

“ရှင်ပြောတော့ ကျွန်မက ရှင်တို့မျိုးရိုးနဲ့ မထိုက်တန်ဘူးဆို၊ အခု တော့ ဘယ်လိုဖြစ်ရတာလဲရှင့်၊ ကျွန်မက ရှင်တို့မျိုးရိုးနဲ့ ထိုက်တန်အောင်လည်း ဘာတန်ဖိုးမှ ထူးထူးခြားခြား တိုးတက်ပြောင်းလဲလာတာ မရှိဘူးနော်”

သူမစကားအဆုံး ဒေါ်ဒေဝီနန်းမြတ်ရဲ့ မျက်နှာက တစ်ချက်ကွက်ခနဲ ပျက်သွားသလို ဖေဖေနဲ့ မေမေကလည်း အားနာသလိုမျက်နှာထားတွေ ဖြစ်သွားကြပေမယ့် သူမကတော့ အားမနာပါ။ သူတို့အလှည့်တုန်းကရော အားနာခဲ့လို့လား။

တစ်ခွန်းမှ ဝင်မပြောသေးဘဲ ငုတ်တုတ်ထိုင်နေသည့် ကိုကိုကြည့်လိုက်မိတော့ ကိုက မျက်နှာငယ်လေးနှင့်။ အကြီးအကျယ်နောင်တရနေပုံပေါ်ပေါ့။ ဟင်း ... ရယ်ရသားပဲ။

“အန်တီ တစ်ချိန်က မှားခဲ့တာတွေရှိရင် အန်တီ တောင်းပန်ပါတယ်ကွယ်၊ အန်တီနဲ့သမီးကြားမှာရှိတဲ့ အာဃာတတွေကိုလည်း ဒီနေရာမှာတင်ပဲ သင်ပုန်းချေလိုက်ကြရအောင်လား၊ အန်တီမှားခဲ့တယ် ဆိုတာကလည်း ကိုယ့်သားသမီးကို အမြတ်ဆုံးအကောင်းဆုံးတွေသာ ပိုင်ဆိုင်ရရှိစေချင်တဲ့ မိခင်တစ်ယောက်ရဲ့အတ္တကြောင့်ပါ၊ သမီးလည်း မကြာခင်မှာ မိခင်တစ်ယောက်ဖြစ်တော့မှာဆိုတော့ အန်တီ့ကို နားလည်လာမှာပါကွယ်၊ တစ်ချိန်ကျရင် ...”

ဒေါ်ဒေဝီနန်းမြတ်ရဲ့ စကားကြောင့် သူမ တော်တော်လေးကိုပဲ အံ့ဩသွားရလေသည်။ သူက သူမမှာ ကိုယ်ဝန်ရှိနေတာကို ဘယ်လိုများ သိသွားရတာတဲ့လဲ။ မေမေ့ကို ကြည့်လိုက်မိတော့ မေမေကလည်း အခုမှ အံ့ဩနေဟန်နဲ့ သူမကို ကြည့်လာတာနှင့် ဆုံသွားကြသည်။





ဒီတော့ ဒီကိစ္စဟာ မေမေ ပြောပြတာတော့ မဖြစ်နိုင်။ ဖေဖေဆိုတာကတော့ ဝေးပေါ့။

မေမေတို့ကတော့ သူမကို သူတို့က သဘောရိုးနဲ့ပဲ လာတောင်းရမ်းကြတယ်ထင်လို့ ဝမ်းသာနေကြတာ။ ကိုယ်ကလည်း အဲဒါကိုပဲ စိတ်ထဲမှာ မတင်မကျနဲ့ စဉ်းစားရခက်နေတာ။ လက်စသတ်တော့ သူတို့က သူမ လွယ်ထားရတဲ့ ရင်သွေးကြောင့် ရောက်လာခဲ့ကြတာကိုး။

ဟား ... တရားကျဖို့တောင် ကောင်းနေပြီ။

သူမမှာ အံ့ဩလွန်းလို့ ဒေါ်ဒေဝီနန်းမြတ်ရဲ့စကားကိုတောင်ဆုံးအောင် နားမထောင်နေအားတော့ဘဲ လက်ကာပြလိုက်ရင်းက ...

“နေ ... နေစမ်းပါဦး၊ ရှင်တို့က ကျွန်မမှာ ကိုယ်ဝန်ရှိနေတာကို ဘယ်လိုသိသွားကြတာလဲ၊ ရှင်တို့က သိနေတာလား၊ ဟုတ်လား”

“ဘယ်လိုသိတယ် မသိဘူးဆိုတာက ဒီအချိန်မှာ အရေးကြီးလို့လား၊ အခုက မကြာခင်မှာ ရောက်လာတော့မယ့် ရင်သွေးလေးအတွက် အကောင်းဆုံးဖြစ်အောင် လုပ်ရမှာ မဟုတ်ဘူးလား”

“ဟား ... ဘာလို့ အရေးမကြီးရမှာလဲ၊ အရေးကြီးတာပေါ့၊ အဟက်ဟက် ... ဟား ... အံ့ဩဖို့ ကောင်းလိုက်တာ၊ မဟုတ်ဘူး၊ ဘယ်လိုသိသွားတယ်ဆိုတာ အံ့ဩစရာမဟုတ်ပါဘူး၊ ရှင်တို့က အသိုင်းအဝိုင်းကြီးထဲကပဲ တစ်ခုခုကို စုံစမ်းချင်ရင် လွယ်လွယ်လေးပဲနေမှာပါ၊ ဟင်း ... ဟင်း ... ကျွန်မမှာတော့ ရှင်တို့က ကျွန်မကို လာတောင်းတယ်ဆိုလို့ အနောက်အရပ်ကများ နေထွက်တော့မှာလားလို့ အံ့ဩတကြီးနဲ့ ဘာကြောင့်ပါလိမ့်လို့ စဉ်းစားလိုက်ရတာ၊ လက်စသတ်တော့ ရှင်တို့က ကျွန်မကို လာ

တောင်းတာမှ မဟုတ်တာပဲ၊ ရှင်တို့ လာတောင်းတာက ကျွန်မ ဗိုက်ထဲက ကလေးကိုလို့ ရှင်းရှင်းပဲ ပြောလိုက်စမ်းပါ”

သူမစကားအဆုံး ဒေါ်ဒေဝီနန်းမြတ်ရဲ့ မျက်နှာကို ပြန်ပြင်လို့မရအောင်ကို ပျက်ယွင်းသွားလေသည်။ ပြီးတော့ သူမကို အလိုမကျသလို မျက်လုံးမျိုးဖြင့် ကြည့်လာ၏။ အိုခေ ... ဒီလိုပဲ ဖြစ်ရမှာပေါ့။ လုပ်စမ်းပါ။ အရင်လိုပဲ ပေါ်တင်ပေါ့။ ကွယ်လိုက်ဝှက်လိုက် လုပ်နေတာက ပျင်းဖို့ကောင်းပါတယ် ဒေါ်ဒေဝီနန်းမြတ်ရယ်။ စိတ်ရင်းအတိုင်းပဲ ဆက်ဆံစမ်းပါ။

သူမက သူ့ကိုပြုံးထေ့ထေ့ဖြင့် စိုက်ကြည့်ပေးနေလိုက်တော့ ဒေါ်ဒေဝီနန်းမြတ်ကလည်း ဟန်ဆောင်မျက်နှာဖုံး ကွာကျသွားသလို မျက်နှာပေးက အရင်လို မထီမဲ့မြင်ပုံစံမျိုး ပေါ်လာကာ သူမကို တန်ပြန်စိုက်ကြည့်လာရင်း ...

“ငါက အကောင်းဆုံးဖြစ်စေမယ့် နည်းလမ်းကိုပဲ ပြောပြနေတာပါ ချစ်သည်းပုံ၊ မင်းက ဒီကလေးကို အဖေမပေါ်ဘဲ မွေးရဲလို့လား၊ ဒီကလေးကို ဖခင်မရှိဘဲ ကြီးပြင်းစေချင်လို့လား၊ မင်းတစ်ယောက်တည်း ပတ်ဝန်းကျင်ကို ရင်ဆိုင်ရဲလို့လား၊ မဟုတ်တာတွေကိုတွေးပြီး ခေါင်းမမာချင်စမ်းပါနဲ့ကွာ၊ ပညာရှိဆန်စမ်းပါ”

“ဟား ... မသိဘူး ... မသိဘူး၊ ကျွန်မက သာမန်လူတန်းစားက မွေးလာတဲ့ အညတရမိန်းမတစ်ယောက်ဆိုတော့ အဲဒါတွေ သိပ်မတွေးတတ်ဘူးရှင့်၊ ကိုယ်စိတ်ချမ်းသာသလိုပဲ လုပ်တတ်ပြောတတ်တယ်၊ ပြီးတော့ ကျွန်မက ဒီကလေးကို မွေးပါ့မယ်လို့ ရှင်တို့ကို ဘယ်တုန်းကများ ပြောလိုက်မိလို့လဲရှင့် ... ဟင်း ဟင်း ဟင်း”





သူမစကားအဆုံး ဒေါ်ဒေဝီနန်းမြတ်ရဲ့ မျက်နှာက သွေးမရှိတော့သလို ဖြူဖျော့သွားကာ ...

“မင်း ... မင်း ... မဟုတ်တာတွေ လျှောက်မလုပ်နဲ့နော်၊ ချစ်သည်းပုံ ... မင်း မလုပ်ရဘူး”

“အဟင်း ... ဟင်း ... ရှင်က ဘယ်လိုကြောင့်များ ကျွန်မကို လာပြီး အမိန့်တွေပေးနေရတာလဲ ... ဟင်း ... ဟင်း ... ဟင်း”

သူမက အမြင်ကတ်ဖွယ်ကောင်းအောင်ပင် တမင်တကာ ခေါင်းမော့လှန်ကာ ရယ်ပေးလိုက်သည်။ ဒီအချိန်မှာပဲ တစ်ချိန်လုံး ငြိမ်ကုပ်နေသည့် ကိုယ့်ဆီက အသံထွက်လာသည်။

“သည်း ... ကိုယ် တောင်းပန်ပါတယ် သည်းရယ် ... နော်၊ ကိုယ် အနူးအညွတ် တောင်းပန်ပါတယ်၊ ကိုယ် ...”

“မလိုပါဘူး၊ ဘာအတွက် တောင်းပန်တာလဲ၊ ရှင်တို့က ဘာအမှားတွေများ လုပ်ခဲ့ကြလို့ တောင်းပန်တာလဲ၊ ရှင်တို့ ဘာအမှားမှ မလုပ်ထားတာ၊ ရှင်တို့လည်း ရှင်တို့အတွက် မလိုအပ်တဲ့ ကျွန်မကို ငြင်းပိုင်ခွင့်ရှိလို့ ငြင်းတာပဲလေ၊ အဲဒီလိုပေါ့၊ ကျွန်မကလည်း ကျွန်မအတွက် မလိုအပ်တဲ့ ဒီကလေးကို မမွေးချင်ရင် ငြင်းပိုင်ခွင့် မရှိရတော့ဘူးလား ... အဟင်း ဟင်း”

ကိုက တောင်းပန်သော မျက်လုံးများဖြင့် သူမကိုကြည့်နေသည်။ ဒေါ်ဒေဝီနန်းမြတ်ကတော့ ဒီလိုမဟုတ်။ ဟန်ဆောင်မျက်နှာဖုံးကလည်း ကွာကျသွားပြီဆိုတော့ သူ ဖြစ်ချင်တာကို ပြောလာသည်။

“ချစ်သည်းပုံ ... မင်း ဒီကလေးကို ဘာမှမလုပ်ရဘူးနော်၊ ဒီကလေးက မင်းအတွက် ဘာမှမဟုတ်ပေမယ့် ငါ့ဘို့မျိုးဆက်

အတွက်ကတော့ တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာတစ်ပါးပဲ၊ အဲဒီတော့ မင်း ပြော ... ဒီကလေးကို ငါတို့ဝယ်မယ်၊ မင်း ဘယ်လောက် လိုချင်သလဲပြော၊ ငါပေးမယ်"

"ရှင်က ဝယ်မယ်၊ ဟုတ်လား၊ အဟင်း ဟင်း ... ဟင်း၊ ရယ်ရတယ်ရှင်၊ အခုလိုမရယ်မိတာ တော်တော်တောင်ကြာနေပြီ၊ ဒီနေ့ ရှင်တို့ကို ကျေးဇူးတင်လိုက်တာ၊ ဒါပေမဲ့ စိတ်ချ၊ ကျွန်မက ဒီကလေးကို လုံးဝမမွေးဘူး၊ အစကတော့ ဒီကလေးကို မွေးဦးမလို့ပဲ၊ အခုလို ရှင်တို့က သိပ်ကိုလိုအပ်နေတာမှန်း သိလိုက်တော့ မွေးချင်စိတ် ကုန်သွားတယ်၊ ကျွန်မ လွယ်ထားရတဲ့ ရှင့်သွေးဟာ ရှင်တို့ မင်းမျိုးမင်းနွယ်ရဲ့ သိပ်အဖိုးတန်လှတဲ့ နောက်ဆုံးမျိုးဆက်ဆိုရင် ကျွန်မစကားကို ရှင် ကောင်းကောင်းမှတ်သွားလိုက်၊ ရှင်တို့ မျိုးရိုးတုံးပြီသာမှတ်၊ ရှင်းတယ်နော် ... ဟင်း ... ဟင်း ... ဟင်း ... ညွှဲ့ခံချိန် ကုန်ပြီရှင့်၊ လူကြီးလူကောင်းများ ပြန်လို့ရပါပြီ"

ဒေါ်ဒေဝီနန်းမြတ်က အသားတွေ တဆတ်ဆတ်တုန်ကာ စိတ်တွေ ပြင်းထန်လာလေသည်။ သူမကတော့ ခပ်အေးအေးပင် အပြုံးမပျက် နေပြလိုက်သည်။

ဒေါ်ဒေဝီနန်းမြတ်က ထိုင်ရာမှ ထရပ်လိုက်ကာ ...

"မင်း ... မင်း ရက်စက်လှချည်လား ချစ်သည်းပုံ၊ ဟမ် ... မင်း ရက်စက်လှချည်လား၊ မင်း လူမှဟုတ်ရဲ့လား၊ ဘာမှအပြစ်မရှိတဲ့ ကလေးတစ်ယောက်ကို မင်း လုပ်ရက်တယ်ပေါ့"

"ဟုတ်လား ... ကျွန်မက ရက်စက်တယ်တဲ့လား၊ အဲဒါတွေလည်း





မတွေးမိပါဘူးရှင်၊ ကျွန်မက နည်းနည်းတော့ ပိန်းတယ်ရှင့်၊ အင်းပေါ့လေ၊ ရှင်တို့ မင်းမျိုးမင်းနွယ်လောက် မမြင့်မြတ်တော့လည်း ရက်စက်တာ ဟုတ်ချင်ဟုတ်မှာပါ၊ ကဲ ကဲ ... ပြန်လိုက်ကြတော့နော်၊ ကျွန်မက ရှင်တို့လို မချမ်းသာတော့ ရှန်းရကန်ရဦးမယ်ရှင့်၊ ရုံုတင်ပြန်သွားရဦးမှာမို့လို့ ပြင်ဆင်စရာရှိတာလေးတွေ ပြင်လိုက်ဦးမယ်၊ ရှင်တို့မျိုးရိုး မျိုးတုံးသွားတာကိုတော့ စိတ်မကောင်းပါဘူးရှင်"

ပြောပြီး သူမက ထိုင်ရာမှ ထလာလိုက်ကာ သူမအခန်းရှိရာကို ထွက်လာခဲ့လိုက်သည်။ သိလား ... ဒေါ်ဒေဝီနန်းမြတ်ရဲ့။ လောကမှာ အမြဲတမ်း ငုံ့ကြည့်နေရလိမ့်မယ်လို့ မထင်ထားနဲ့။ ဘဝဆိုတာ ချားရဟတ်လိုပဲ အနိမ့်အမြင့်၊ အပေါ်အောက်ဆိုတာက မျက်တောင်တစ်ခတ် အချိန်လေးအတွင်းမှာတင် ပြောင်းလဲသွားတတ်တယ်ဆိုတာ ရှင် ကောင်းကောင်းသဘောပေါက်သွားဖို့ လိုတယ်။

❤ ❤ ❤

ရှုတင်ခဏနားသခိုက် အနားယူနေတုန်းမှာတင်ပဲ အနား ကို ကို ရောက်လာသည်။ သူမက မျက်နှာကို တည်တင်းထားလိုက်ရင်းက ...

"ရှင် ... ဘာလာလုပ်တာလဲ"

"ကိုယ် သည်းနဲ့ အေးအေးဆေးဆေး စကားပြောချင်လို့ပါ သည်း၊ ကိုယ့်ကို အချိန်နည်းနည်းလောက် ပေးပါလား"

"ကျွန်မနဲ့ရှင့်ကြားမှာ ပြောစရာစကား ဘာမှမရှိဘူး၊ ရှင် ပြန်ပါ၊ ကျွန်မစိတ်တွေ အေးချမ်းနေတာကို လာလာပြီး အပူတလောင်ဖြစ် အောင် မလုပ်စမ်းပါနဲ့၊ တောင်းပန်ပါတယ်၊ ကျွန်မဘဝနဲ့ကျွန်မ ပဲ နေပါရစေ"

သူမက ထိုင်ရာမှထကာ ထွက်သွားဖို့ပြင်တော့ သူက သူမလက်တစ်ဖက်ကို နောက်ဘက်ကနေ ဖမ်းဆွဲထားလိုက်ရင်း ...

"သည်း ... သည်း ကိုယ့်ကို ပြန်လက်ခံပေးလို့ မရဘူးလားဟင်၊ အရှက်မရှိပြောတဲ့ စကားလို့ ထင်ချင်လည်း ထင်ပါ သည်းရယ်၊ ကိုယ် သည်းကို မခွဲနိုင်လို့ပါ"





သူ့စကားကြောင့် သူမက သူ့ကို ကျောပေးအနေအထား ကနေ သူနှင့် မျက်နှာချင်းဆိုင် အနေအထားဘက်ကို ပြည်လှည့်လိုက် ရင်း သူ့ကို ပြုံးထေ့ထေ့ ကြည့်ပေးလိုက်ကာ ...

"ဟင်း ... ဘာလဲ၊ ရှင်လည်း မျိုးရိုးပြတ်မှာကို အသေအလဲ ကြောက်နေတာလား၊ ဟုတ်လား"

"သည်း ... ကိုယ်လာတာ အဲဒီကိစ္စကြောင့် လာတယ်လို့များ သည်း ထင်နေလား၊ ကိုယ်က သည်းကိုချစ်လို့၊ အခြေအနေမပေး ခင်တုန်းက ကိုယ် လက်လွှတ်ဆုံးရှုံးခံခဲ့ရဖူးပေမယ့် အခုလို အခြေ အနေပေးနေတုန်းမှာ ကိုယ် သည်းကို နောက်တစ်ခါ ဆုံးရှုံးမခံ နိုင်တော့လို့ ကိုယ်လာခဲ့တာ၊ ကိုယ့်ဘဝမှာ မိန်းမတစ်ယောက် တည်းကိုပဲ ချစ်ခဲ့ဖူးတယ်၊ အဲဒီ မိန်းကလေးကလည်း သည်းပဲ၊ မိခင်တစ်ယောက်ရဲ့အသက်နဲ့ ယှဉ်လာတဲ့အချိန်မှာ ကိုယ် သည်း ကို ထားခဲ့ရတယ်၊ ဒါ ကိုယ် ဘယ်လိုမှ မတတ်သာတဲ့ကိစ္စတစ်ခု ဆိုတာ သည်းလည်း နားလည်ပါတယ်၊ ဒါပေမဲ့ အခုအချိန်မှာ မေမေ့ဘက်က ကိုယ်တို့ကို လိုလိုလားလား ဖြစ်နေပြီ၊ ဒီအချိန်မှာ တော့ ကိုယ် သည်းကို ထပ်ပြီး အဆုံးအရှုံးမခံနိုင်တော့လို့ပါ သည်းရယ်"

"ဟား ... ရှင် တော်တော်လေး ဒုံးဝေးတာပါလား၊ ရှင့်အမေသို လားတာက ကျွန်မကိုမှ မဟုတ်တာ"

သူမက စကားကို ခဏဖြတ်ထားလိုက်ကာ ပတ်ဝန်းကျင် ကို တစ်ချက်ဝေ့ဝဲကြည့်လိုက်ပြီးမှ ...

"ကျွန်မဗိုက်ထဲက ကလေးကိုလေ၊ ဒါကို သိသိကြီးနဲ့ ကျွန်မ

လက်ခံရလောက်အောင် ကျွန်မ မရူးသေးဘူး ကိုစွမ်းထက်သန်၊ ကျွန်မဘဝထဲကို ဝင်လာပါဆိုတော့လည်း ရှင့်မှာသတ္တိမရှိဘူး၊ ဒီလိုပုံစံမျိုးနဲ့ ရှင့်ဘဝထဲကို ကျွန်မ ဝင်လာခဲ့ဖို့ ဆိုတာကတော့ ပိုလို့တောင် ဝေးသေးတယ်၊ ရှင့်အမေ ကျွန်မကို ကြည်ဖြူနေတယ် ဆိုတာကလည်း ဗိုက်ထဲက ကလေးကြောင့်၊ ဒီလိုအခြေအနေမှာ ရှင့်ကိုချစ်တဲ့စိတ် တစ်ခုနဲ့ ကျွန်မ ရှင့်ကို လက်ထပ်လိုက်တယ်ပဲ ထား၊ ရှင့်အမေက လိုတာရရင် ကျွန်မကို ကန်ထုတ်မှာပဲ၊ ဒါက အသိသာကြီး၊ အဲဒီလိုကတော့ ကျွန်မ ဘယ်တော့မှ အဖြစ်ခံမှာ မဟုတ်ဘူး၊ ရှင့်ကို ကျွန်မ သေလောက်အောင် ချစ်နေပါစေဦး ဘယ်တော့မှ လက်မထပ်ဘူး ကိုစွမ်းထက်သန်"

"ဒါဆို မင်းက ဒီရင်သွေးလေးကိုး ဖျက်ချပစ်မလို့လား၊ ဟုတ်လား သည်း"

"ဟုတ်တယ် ... ကျွန်မ ဒီကလေးကို လုံးဝမမွေးဘူး၊ အဲဒါ ကျွန်မ ရှင်တို့သားအမိကို ဒဏ်ခတ်လိုက်တာပဲ၊ ကျွန်မ ခံစားဆေး ဆပ်ခဲ့ရတာတွေအတွက် ရှင်တို့သားအမိဆီကနေ အလျော်ပြန်ယူ လိုက်တာပဲ"

သူမစကားအဆုံး သူက ခေါင်းငိုက်စိုက်ကျသွားသည်။ ခဏကြာတော့မှ သက်ပြင်းချသံနှင့်အတူ ပြန်မော့လာရင်း ...

"သည်း အဲဒီလိုလုပ်မှ စိတ်ကျေနပ်ဆိုရင်လည်း သည်း သဘော ပါသည်းရယ်။ ဒါပေမယ့် ကိုယ်ကတော့ သည်းကို ဆက်ချစ်နေဦး မှာပဲ၊ သည်း ဘာပဲလုပ်လုပ် ကိုယ်ကတော့ မုန်းသွားမှာ မဟုတ် ဘူးနော်၊ သည်းကျေနပ်တဲ့အထိ ကိုယ့်အချစ်ကို သည်းဘက်က





အသိအမှတ် ပြန်ပြုလာတဲ့အထိ ကိုယ်ကတော့ သည်းနားမှာ ရှိနေဦးမှာပဲ"

"အဲဒါဆိုရင်တော့ ဒီနေရာမှာတင်ပဲ လဲသေလိုက်ပေတော့၊ ဘယ် တော့မှ ရှင့်ကို ကျွန်မ ပြန်ချစ်လာမှာ မဟုတ်ဘူး"

ပြောပြီး သူ့အနားကနေ လှည့်ထွက်လာခဲ့လိုက်သည်။ အပြင်မှာ သွေးအေးအေးနေပြနိုင်ပေမယ့် ရင်ထဲမှာတော့ ခံစားချက် ပေါင်းစုံက နေရာအနှံ့မှာ ဝဲလှည့်ပြေးလွှားနေတော့သည်။

♥ ♥ ♥

## အခန်း(၁၂)

သူမက ဒီနေ့ ဗီစီဒီရိုက်ကွင်းတစ်ခုမှာ သရုပ်ဆောင်နေတာဖြစ်သည်။

ဗီစီဒီသီချင်းက စိတ္တဇဆန်ဆန် ဖြစ်နေသလို အဆိုတော်ရဲ့ စိတ်ကူးကလည်း အရုပ်တွေကိုပါ စိတ္တဇဆန်ဆန်ပဲ လိုချင်ပါတယ်ဆိုတာနဲ့ သူမတို့က စိတ္တဇဆန်ဆန်စတိုင်မျိုးနဲ့ နိုက်ဆင်း(န်)ရိုက်ယူနေတာဖြစ်သည်။

"အခုရိုက်မှာက ဝိညာဉ်ဇာတ်လမ်းပုံစံမျိုးပေါ့နော်၊ ဒီဆင်း(န်)မှာ မင်းသမီးက လှေကားပေါ်ကနေ ဖြည်းဖြည်းချင်းလေး ဆင်းလာတဲ့ အခန်းကို ရိုက်မှာ၊ မျက်နှာကိုလည်း ခပ်တည်တည်ထားမယ်၊ ပြီးတော့ မျက်လုံးကိုလည်း မကစားနဲ့၊ တတ်နိုင်သမျှ ရှေ့တည့်တည့်ကိုပဲ ကြည့်ပြီးတော့ ဆင်းလာခဲ့မယ်၊ အိုခေနော် ... မင်းသမီး"

"ဟုတ်ကဲ့ ဆရာ"





"အိုခေ ... ဒါဆို စရိုက်မယ်"

ဒီလိုနဲ့ မီးတွေအားလုံးကို ပိတ်လိုက်ကာ အပြာရောင်ဆလိုက်မီးတစ်ခုတည်းကိုပဲသုံးပြီး ဝိညာဉ်တစ်ကောင် လှေကားပေါ်ကနေ လွင့်မျောလာပုံမျိုး ရိုက်ကူးကြသည်။

သူမကလည်း ဒါရိုက်တာ မှာထားသည့်အတိုင်း လှေကားပေါ်ကနေ လုံးဝအငြိမ်ပုံစံမျိုးနဲ့ ဆင်းလာခဲ့လိုက်သည်။

အဲ ... လှေကား တစ်ဝက်ကျိုးလောက်အထိတော့ ဘာမှမဖြစ်သေး။

လှေကားသုံးချိုးနှစ် ချိုးလောက် အရောက်မှာတော့ ရုတ်တရက် ရင်ထဲမှာ တလုပ်လုပ်ဖြစ်လာကာ ခေါင်းထဲက မိုက်ခနဲ ဖြစ်သွားသည်။

ဘေးလက်ရန်းကို ဖမ်းကိုင်လိုက်ပေမယ့်လည်း မီးထိုးတာတွေရော၊ ခေါင်းထဲက မိုက်ခနဲဖြစ် သွားတာတွေရော ပေါင်းကာ သေချာမကိုင်မိလိုက်ဘဲ လူက လှေကားအောက်တိုင် ဒလိမ့်ကောက်ကွေး ဟပ်ထိုး ကျသွားရလေတော့တာ ဖြစ်သည်။

"အား"

"ဟာ ... မင်းသမီး"

"သွားပြီ"

"ဟာ ... မင်းသမီး ပြုတ်ကျသွားပြီဟေ့၊ မင်းသမီးပြုတ်ကျသွားပြီ လုပ်ကြပါဦး"

ဒါရိုက်တာကြီး အသံနှင့်အတူ ရှူတင်အဖွဲ့သားတွေ အဆောမျှားများ အော်ဟစ်လိုက်သံတွေကို ကြားလိုက်ရသည်။

ဒါပေမယ့် ဘယ်လိုမှ သူမ မဟန်နိုင်တော့ … ။

နောက်ဆုံး သတိရနေသည့် အချိန်အထိ ကိုယ့်ကိုယ်ကိုယ်
တက် သူမစိတ်ပူလိုက်တာက ဗိုက်ထဲက ကလေးကိုပဲဖြစ်သည်။

♥ ♥ ♥



"ဘာ … ချစ်သည်းပုံ လေ့ကားပေါ်က ပြုတ်ကျလို့ ဆေးရုံတင်ထားရတယ်၊ ဟုတ်လား … သား"

သူ့စကာအဆုံး မေမေ့ဆီက ထွက်လာသည့် အသံက အလန့်တကြား။

"ဟုတ်တယ် မေမေ၊ သူ ဆေးရုံတင်ထားရတယ်၊ အခုလေးတင်ပဲ သား အဲဒီက ပြန်လာတာ"

"ဘုရား … ဘုရား … ဒါဆို … ဒါဆို … ကလေး၊ ကလေးရော ဘာဖြစ်သွားသေးလဲ၊ မေမေ့မြေးလေးရော … မေမေ့ မြေးလေးရော ဟင်"

သူက မေမေ့ကို ကရုဏာသက်သလို ငေးကြည့်နေမိသည်။ မေမေ ထူထူထောင်ထောင် ဖြစ်လာတာ မကြာသေး။ ပြန်လဲသွားမှာ စိုးရသည်။ ဒါပေမဲ့ … ဒါပေမဲ့ … ဒီကိစ္စက ကြာကြာဖုံးကွယ်ထားလို့မှ မရတာ။

"သား … မေမေ မေးနေတယ်၊ ကလေးရောလို့ … ကလေးဘာဖြစ်သွားသေးလဲလို့ မေးနေတယ်လေ"

သူက ဘာစကားတစ်ခွန်းမှ မပြောဘဲ နေရာမှာတင်ရပ်ကာ ငူငူကြီး လုပ်နေမိတော့ မေမေက စိတ်မရှည်သလိုဖြင့် သူ့အနားကိုတိုး ကပ်လာကာ သူ့ရင်ဘတ်က အင်္ကျီစကို ဖမ်းဆွဲလှုပ်ခါလာရင်း မေးလေတော့သည်။

“သား ... မေမေ မေးနေတယ်လေ၊ ကလေး ... ကလေးရောလို့”

“ကလေး ... ကလေးလေး ပျက်ကျသွားပြီ မေမေ”

“အမယ်လေး ... ဘုရား ... ဘုရား ... မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး၊ မင်း လိမ်နေတာမှလား၊ မင်း လိမ်နေတာမှလား၊ ပြောစမ်းပါ၊ မင်း လိမ်နေတာပါလို့ ပြောစမ်းပါ”

“မေမေ ... စိတ်ထိန်းပါ မေမေရယ်၊ စိတ်ကိုထိန်းပါဦး၊ သားက ဘာလို့ လိမ်ရမှာလဲ၊ သားလည်း အဲဒီကလေးလေးကို လိုချင်တာပေါ့၊ ကိုယ့်ရဲ့ရင်သွေးလေးကို ချစ်ချင်တာပေါ့၊ ဒါပေမဲ့ သားတို့မှာ ကံမှမပါတာ၊ လောကကြီးက ပေးသလောက်ကိုပဲ သားတို့ ရနိုင်မှာပေါ့ မေမေရဲ့၊ သားတို့ ဘာမှတတ်နိုင်တာမှ မဟုတ်တာ”

“မဟုတ်ဘူး၊ မင်း လိမ်နေတာ၊ မင်း လိမ်နေတာ”

“သား မလိမ်ပါဘူး မေမေရယ်၊ သား အခုပဲ ဆေးရုံမှာ အန်တီသည်းအူနဲ့တွေ့ပြီး ပြန်လာတာ၊ အန်တီသည်းအူ ကိုယ်တိုင် ငိုယိုပြီးတော့ သားကို ပြောလိုက်တာပါ မေမေရယ်”

“မယုံဘူး၊ မင်း လိမ်နေတာ၊ မင်းတို့တွေ အားလုံးပေါင်းပြီး ငါ့ကိုလိမ်နေတာ၊ မယုံဘူး၊ ငါ လုံးဝမယုံဘူး”

မေမေက သူ့ရင်ဘတ်က အင်္ကျီစလို ခပ်ကြမ်းကြမ်း ဆွဲလှုပ်ကာ သွေးရူးသွေးတန်း အော်သည်။





သူက မေမေ့ပခုံးတွေကို လက်နှစ်ဖက်နှင့် ဖမ်းကိုင်ဖျစ်ညှစ် ထိန်းထားလိုက်ရင်းကနေ ...

“မေမေ ... သတိထားဦးလေဗျာ၊ သတိထားဦးမှပေါ့”

မေမေက သူ့လက်တွေကို တွန်းဖယ်ပစ်ကာ ရုန်းထွက် ကြိုးစားသည်။ သူက လွှတ်မပေး။ ဒီတော့ မေမေက သူ့ကိုဒေါသတကြီး နှင့် ထုရိုက်ကာ သူ့မျက်နှာကို မော့ကြည့်လာရင်း အော်တော့သည်။

“ဘာကို သတိထားရမှာလဲ၊ ငါ ဘာကို သတိထားရမှာလဲ၊ သွား ပြီ ... ငါ့မျှော်လင့်ချက်တွေ အကုန်လုံး ရေစုန်မျောကုန်ပြီ၊ င အနာဂတ်တွေ အကုန်လုံး ပျက်စီးကုန်ပြီ၊ သွားပြီ ... သွားပြ

“မေမေရယ်”

သူက မေမေ့ကို တင်းကျပ်စွာ ဖက်ထားလိုက်တော့သည်။ မေမေ့ခန္ဓာကိုယ်က တဆတ်ဆတ် တုန်ယင်နေ၏။ သားလည်း ခံစား တာပါပဲ မေမေရယ်။ သားလည်း မေမေနဲ့အတူ ထပ်တူထပ်မျှ ခံစား တာပါပဲ။ ဒါပေမဲ့ ... ဒါပေမဲ့ သားတို့မှာ ကံမှမပါတာ မေမေရဲ့။

“ငါ့မြေးလေး ... ငါ့မြေးလေး၊ ငါတို့ရဲ့နောက်ဆုံးမျိုးဆက်လေး ဒီလောကကြီးထဲမှာ မရှိတော့ဘူး၊ ကယ်ပေးပါ သားရယ်၊ မေ မြေးလေးကို ရအောင်ပြန်ကယ်ပေးပါ”

“စိတ်လျှော့ပါ မေမေရယ်၊ မေမေ့စိတ်တွေကို အေးအေးချမ်းချမ်း ပဲ ထားလိုက်ပါတော့၊ မေမေ အရမ်းကို ပူလောင်နေပြီ”

“မသိဘူး ... ငါ မသိဘူး၊ ငါ့မြေးလေးကို ပြန်ခေါ်ပေးပါ၊ င မြေးလေးကို ဒီလောကကြီးထဲကို ပြန်ခေါ်လာပေးကြပါ၊ ငါ့မြေး ငါ့မြေး ... ငါ့မျိုးဆက်”

ပြောနေရင်းနဲ့ မေမေ့အသံက တိခနဲ ပြတ်ကျသွားကာ မေမေ့ခန္ဓာကိုယ်ကလည်း သူ့ရင်ခွင်ထဲမှာ ပျော့ခွေကျသွားတော့သည်။

"မေမေ ..."

သူက အလန့်တကြားနဲ့ မေမေ့ကို ဖမ်းထိန်းထားလိုက်ကာ လှုပ်ခါနိုးမိသည်။

"မေမေ ... မေမေ"

မရ။ မေမေက သူ့ခေါ်သံကို မကြားနိုင်တော့ချေ။ မေမေက ခံစားချက်တွေ နင့်သီးရာမှ သူ့ရင်ခွင်ထဲမှာ သတိလစ်နေခဲ့ပြီဖြစ်သည်။

"မေမေ"

♥ ♥ ♥



## အခန်း(၁၃)

ဒီနေ့ပါရောဆိုလျှင် ဒေါ်ဒေဝီနန်းမြတ် အခန်းထဲမှာချည်းပဲ လဲလျောင်းနေရတာ သုံးရက်ရှိသွားပြီဖြစ်သည်။ ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် ဒီနေ့တော့ ချစ်သည်းပုံဆီကို ရောက်အောင်သွားမည်ဟု ဆုံးဖြတ်ထားတာ ဖြစ်သည့်အတွက် သား အလုပ်သွားမည့်အချိန်ကိုပဲ စောင့်နေလိုက်သည်။

သား အလုပ်သွားပြီ ဆိုသည်နှင့် သူမက ချစ်သည်းပုံဆီကို ဖုန်းဆက်ကာ တွေ့ချင်တယ်ဟု ချိန်းလိုက်မိလေသည်။ တစ်ဖက်က ဘာတွေပြောချင်နေသလဲတော့ မသိ။ သူမ ချိန်းတာကို ချက်ချင်းပဲလက်ခံ၏။

သူမစိတ်ထဲမှာ ချစ်သည်းပုံကို နည်းနည်းလေးမှ မသင်္ကာပါ။ လှေကားပေါ်က ပြုတ်ကျပြီး ကိုယ်ဝန်ပျက်ကျရသည့်ကိစ္စဟာ ဘယ်နည်းနဲ့မှ သွေးရိုးသားရိုးကိစ္စတစ်ခုဟု မထင်။ ချစ်သည်းပုံ တမင်တကာ လုပ်ပစ်လိုက်သည်ဟုသာ ထင်နေမိတာဖြစ်သည်။

အဲဒီအတွက် ချစ်သည်းပုံရဲ့မျက်နှာကို ကြည့်ကာ ဖြေရှင်းရမှုကို သူမစိတ်ထဲမှာ နေသာသွားမှာဖြစ်သည်။

နောက်တော့ သူမက ဦးအေးကိုလည်း ခေါ်မနေတော့ဘဲ ဂေ့ဘ်ကို ကိုယ်တိုင်ပဲမောင်းကာ ချစ်သည်းပုံနှင့် ချိန်းထားသည့် စိမ်းလန်းမိုးပြည်သို့ ထွက်လာခဲ့လိုက်လေတော့သည်။

တွေ့ကြပြီပေါ့ ချစ်သည်းပုံရယ်။

♥ ♥ ♥



"မင်း ... တော်တော်ရက်စက်တဲ့မိန်းမပဲ ချစ်သည်းပုံ။ မင်းမှာ လူစိတ်ရော ရှိရဲ့လား၊ ဒီကလေးလေးမှာ ဘာအပြစ်များရှိလို့ မင်းအခုလို လုပ်လိုက်ရတာလဲ၊ မင်း တော်တော်စာနာစိတ်ကင်းမဲ့တဲ့ မိန်းမပဲ"

မိမိကို လက်ညှိုးငေါက်ငေါက်ထိုးကာ အော်ဟစ်လာသည့် ခေါ်ဒေဝီနန်းမြတ်ကို သူမက ခပ်အေးအေးပင် လက်ပိုက်ကြည့်ပေးနေလိုက်ရင်းက ...

"စာနာစိတ် ... ဟုတ်လား၊ ဟင်း ဟင်း ... ရှင် အဲဒီလိုပြောရအောင် ရှင့်မှာရော အဲဒီလို စာနာစိတ် ရှိလို့လား၊ ပြောစမ်းပါဦး၊ စာနာစိတ်ဆိုတာ ဘယ်လိုဟာကိုခေါ်တာလဲဆိုတာ၊ ကျွန်မ နားထောင်ကြည့်ချင်လို့"

"အဲဒီလို ရိုင်းစိုင်းတဲ့ စကားတွေကြောင့်ပဲ မင်းကို ငါအမြင်ကတ်တာ၊ လူကြီးသူမကို မလေးစားတတ်တာတွေကြောင့်ပဲ မင်းကို ငါက ငါ့သားနဲ့ သဘောမတူခဲ့တာ၊ ငါမမှားဘူး၊ ငါလုပ်ရပ်မှန်ခဲ့တယ်ဆိုတာ မင်းနဲ့တွေ့တဲ့အခါတိုင်း ပိုပိုပြီးတော့သေချာသွားတယ်"

"ဟုတ်တယ် ... ကျွန်မက ရိုင်းတယ်၊ ဒါပေမဲ့ ကျွန်မက မှန်လို လူစားရှင့်၊ ကိုယ့်ကိုပြုံးပြလာရင် ပြုံးပြဖို့ ဝန်မလေးသလို ကိုယ့်ကိုမဲ့ပြလာရင်လည်း ပြန်မဲ့ပြမှာပဲ၊ ကိုယ့်အပေါ်ကို ပေးလာတဲ့ လူတစ်ယောက်ရဲ့ အပေးအပေါ်ကို မူတည်ပြီးတော့ပဲ ကျွန်မက ဆုံးဖြတ်တတ်တယ်လေ၊ ပြီးတော့ ရှင်ပဲ ပြောခဲ့တာမှုလား၊ ကျွန်မတို့မျိုးရိုးက တန်ကြေးမရှိဘူးလို့၊ ကျွန်မလုပ်ရပ်က ရှင့်သတ်မှတ်ချက်အတိုင်းပဲဟာ၊ ဟင်း ဟင်း ... ဘာဆန်းလို့လဲ၊ အဟင်း ... ရှင်တို့မျိုးရိုး ကျွန်မလက်ထဲမှာ မျိုးပြုတ်သွားရတာကိုတော့ စိတ်မကောင်းပါဘူးရှင်၊ ကျွန်မက ကလေးကို မမွေးဘူးလို့ ဆုံးဖြတ်ထားပေမယ့် အဲဒီနေ့ကတော့ တကယ့်ကို မတော်တဆပါ၊ ပြောရရင် ကံကြမ္မာက ကျွန်မဘက်မှာ ရှိနေခဲ့တာလေ"

"ဟား ... ဘာကံကြမ္မာလဲ၊ မင်း သတ္တိမရှိဘူးလား၊ တမင်လုပ်ခဲ့တယ်ဆိုတာကို ဖြောင့်ပဲပြောလိုက်စမ်းပါ၊ မင်းရဲ့အောက်တန်းကျတဲ့ လုပ်ရပ်ကြောင့် ငါ ဘယ်လောက် အသည်းနာခဲ့ရတယ် ထင်သလဲ"

ဒေါ်ဒေဝီနန်းမြတ်ရဲ့အသံက သွားကြားထဲကထွက်သည့်လေသံလိုမျိုး အေးစက်မာကျောနေလေသည်။ ဒါပေမဲ့ သူမ မကြောက်ပါဘူး။ ဒီအချိန်မှာ သူမက စင်ပေါ်ကလို့ ပြောလို့ရနေတဲ့ အနေအထား မဟုတ်ပါလား။

"အဟင်း ... မတော်တဆပါ ဆိုတာကို ရှင်က မယုံဘူးပဲ၊ အင်းလေ ... ကျွန်မ ပြောတာကို ရှင်မယုံရင်လည်း ရှင်ယုံတဲ့အတိုင်းပဲ အမှန်ထားလိုက်ပါတော့၊ ဟုတ်တယ်ရှင်၊ ကျွန်မက





ကိုယ်ဝန်ကို တမင်တကာကို ပျက်ကျအောင် လုပ်ပစ်လိုက်တာ၊ ရှင် အသည်းနာတယ်ဆိုတော့ ပျော်လိုက်တာ၊ ကဲ ... ကျေနပ်သွားပြီမှုလား၊ game over ဒီပွဲမှာ ကျွန်မနိုင်သွားပြီ၊ ရှင်ဘာများ လုပ်ချင်သေးလို့လဲ ... ဟင်"

"ဘာလုပ်ချင်ရမှာလဲ၊ ဒါလုပ်ချင် ... အ"

ဒေါ်ဒေဝီရဲ့လက်တစ်ဖက်က အပေါ်ကို မြောက်တက်လာသည်။ ရုတ်တရက်ဆိုတော့ သူမက ရှောင်ချိန်မရလိုက်ဘဲ အရိုက်ခံလိုက်ရပြီလို့ပဲမှတ်ကာ မျက်လုံးတွေကို မှိတ်ပစ်လိုက်မိပေမယ့် ဒေါ်ဒေဝီရဲ့လက်က သူမဆီကို ရောက်မလာဘဲ ဝဲဘက်ရင်ဘတ်ကို ဖိကာသာ ဒေါ်ဒေဝီက လဲကျသွားလေသည်။

"ဒေါ်ဒေဝီ ... ဒေါ်ဒေဝီ ... ရှင် ဘာဖြစ်တာလဲ၊ ရှင်ဘာဖြစ်သွားတာလဲ"

သူမက အစတော့ ကြောင်နေသေးသည်။ နောက်တော့မှ ဒေါ်ဒေဝီ့ကို ခပ်မြန်မြန် လှမ်းထိန်းထားလိုက်ရင်းက ...

"ဒေါ်ဒေဝီ ... ဒေါ်ဒေဝီ"

သူမက ခေါ်ပေမယ့် ဒေါ်ဒေဝီက မထူးနိုင်ရှာ။ ဝဲဘက်ရင်ဘတ်ကို လက်နှစ်ဖက်နှင့်ဖိကာ ချွေးသီးချွေးပေါက်တွေ ပြန်လာ၏။

"ဒေါ်ဒေဝီ ... ဒေါ်ဒေဝီ"

ဒေါ်ဒေဝီ ပုံစံက အသက်ရှူရကျပ်နေတဲ့ ပုံစံမျိုးရယ်ပါ။ ဒီအချိန်မှာပဲ ကို ပြောဖူးတဲ့ စကားတစ်ခွန်းကို သွားသတိရမိသည်။ ဟုတ်သားပဲ ... ဟုတ်သားပဲ။ ဒေါ်ဒေဝီမှာ နှလုံးအားနည်းတဲ့ရောဂါရှိတာပဲ။ ဘုရား ... ဘုရား။

"အ ..."

"ရှင် ... ရှင် ... နှလုံးအောင့်နေတာလား၊ heart attack ဖြစ်ပြီ ထင်တယ်၊ ဆေးရုံ ... ဆေးရုံသွားရအောင်နော်"

ပြောနေရင်းမှာတင်ကိုပဲ ဒေါ်ဒေဝီက သတိလစ်သွားလေတော့သည်။ ဒီတော့မှ ချွေးသီးချွေးပေါက်ပြန်ရသူက သူမ ဖြစ်သွားကာ ဝတ်ဝန်းကျင်မှာရှိသည့် လူအချို့ကို အော်ဟစ်အကူအညီတောင်းပြီး ဒေါ်ဒေဝီကို ကားပေါ်မ,တင်ကြရသည်။ နောက်တော့ သူမကိုယ်တိုင်ပဲ ကားကို မောင်းလာခဲ့လိုက်ရသည်။

ကိုယ်ပိုင်ကား မရှိပေမယ့် မင်းသမီး လုပ်နေသူမို့ ကားမောင်းသင်ထားခြင်းက ဒီနေရာမှာ အသုံးဝင်သွားသည်။ ဘုရား ... ဘုရား ... နီးစပ်ရာ ဆေးရုံဆေးခန်း တစ်ခုခုကို အချိန်မီမှ ရောက်ပါ့မလား။

❤ ❤ ❤



ဒေါ်ဒေဝီနန်းမြတ်က ခုတင်ပေါ်မှာ လဲလျောင်းနေရင်းက ဖြစ်ပြီးခဲ့သမျှ ကိစ္စရပ်တွေကို ပြန်စဉ်းစားနေမိသည်။ မိမိမှားသွားခဲ့သလား။ သားပြောသလိုမျိုး ကံကြမ္မာဆိုက ရသင့်တာထက်များ မိမိက ပိုလိုချင်ခဲ့တာလား။

မိမိကြောင့် သားတို့ချစ်သူနှစ်ဦးလည်း ကွဲခဲ့ရသည်။ မြေးနင်းဆက်လေးလည်း ကားအက်ဆီးဒင့် ဖြစ်ခဲ့ရသည်။ ပြီးတော့ လောကထဲကို ရောက်လာပြီးမှ အချိန်မတန်ခင်မှာပဲ ပြန်ထွက်ခွာသွားခဲ့ရသည့် မိမိရဲ့မြေးလေး။ မိမိတို့မျိုးဆက်ကလေး။

အို ... သေချာ စဉ်းစားမိတော့ မိမိအတ္တတွေ တော်တော်ကြီးခဲ့တာပဲ။ မိမိသာ ထင်တိုင်းမကျဲခဲ့ရင် ဇာတ်လမ်းတွေက ဒီအချိန်မှာ တစ်မျိုးတစ်ဖုံ ဖြစ်ချင်ဖြစ်နေမှာ။ မိမိ ဝင်ရောက်မွှေနှောက်လို့သာ သားရဲ့ကံကြမ္မာအပါအဝင် လူတွေတော်တော်များများရဲ့ ကံကြမ္မာတွေက ဓောက်ထိုးမိုးမျှော်တွေ ဖြစ်ကုန်တာ။

အခုဆို မိမိတို့မှာ နောက်မျိုးဆက်ဆိုတာလည်း မရှိတော့ဘူး။ မိမိရဲ့အတ္တတွေ၊ မာနတွေ၊ ဂုဏ်ဒြပ်တွေ၊ ကြွယ်ဝချမ်းသာမှုတွေ၊

အို ... ဘာဆို ဘာတစ်ခုမှ တန်ကြေးမရှိတော့ဘူး။ ဒါတွေအားလုံးက တကယ်တော့ အတုအယောင်တွေချည်းပါလား။

ပြီးတော့ ချစ်သည်းပုံ။ ချစ်သည်းပုံ အပေါ်မှာလည်း မိန်းမချင်း ကိုယ်ချင်းမစာ မိမိလုပ်ခဲ့မိသည်။ အဲဒီ အချိန်တွေတုန်းက ဘာ့ကြောင့်များ ချစ်သည်းပုံရဲ့နေရာမှာ မိမိဝင်ခံစားမကြည့်ခဲ့မိပါလိမ့်။ သူမဟာ ကိုယ့်ကို ဘယ်လောက်တောင် မုန်းတီးရွံရှာနေပါမည်လဲ။

မိမိက လူကြီးမပီသခဲ့လို့ ချစ်သည်းပုံက လူငယ်စိတ်နဲ့ ဆတ်ဆတ်ထိမခံ ဖြစ်ခဲ့တာကို ကိုယ်ကတော့ ကိုယ့်တစ်ဖက်တည်းက သာတွေးကာ ရိုင်းလှချည်ရဲ့လို့ မှတ်ယူခဲ့မိသည်။ သူမကတော့ ကိုယ့်ရဲ့ အသက်ကိုတောင် ကယ်တင်ပေးခဲ့သတဲ့။

ချစ်သည်းပုံကြောင့်သာ ဆေးရုံကို အချိန်မီရောက်ပြီး သူမ အသက်မသေခဲ့ခြင်း ဖြစ်သည်။ သူမမှာ ချစ်သည်းပုံပေးသည့် အသက်သာ ရှိတော့လေသည်။

တကယ်တော့ လူတစ်ယောက်ရဲ့ ဝတ်ပုံစားပုံ၊ ပြောဆိုပုံ အပေါ်ယံတို့ကိုကြည့်ပြီး အဲဒီလူရဲ့စိတ်ဓာတ်ကို အကဲဖြတ်လို့မရချေ။

ရှက်ဖို့ကောင်းလိုက်တာ။ လူငယ်တစ်ယောက်လောက် တောင်မှ မိမိစိတ်ထားတွေက မပြည့်ဝနိုင်ခဲ့တာ ရှက်ဖို့ကောင်းလိုက်တာ။

ဘာမှမတည်မြဲတဲ့ လောကကြီးထဲမှာ မိမိ အမျှားကြီးကိုပဲ တံလျှပ်ကိုရေထင်ပြီး မှားခဲ့တာပါလား။ အဲဒီအတွက် တတ်နိုင်သလောက်တော့ ကိုယ် ပြန်လည်အမှားမပြင်သင့်ဘူးလား။ ကိုယ့်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရတဲ့ စိတ်တွေ၊ ဘဝတွေကို တတ်နိုင်သလောက် ပြန်လည်တည်ဆောက်မပေးသင့်ဘူးလား။ ဟုတ်တယ်။ မိမိ အဲဒီလို လုပ်ကိုလုပ်သင့်တယ်။





အားလုံးကို မှုမှုတတ တွေးမိသွားသည့်အခါကျတော့ ဒေါ်ဒေဝီနန်းမြတ်ရဲ့စိတ်တွေက အရမ်းကိုပဲ အေးချမ်းသွားရလေသည်။ မိမိဘာကြောင့်များ ဒီအေးချမ်းမှုကို အရင်ကတည်းက ရှာမတွေ့ခဲ့တာပါလိမ့်။

ချစ်သည်းပုံရယ် ... အန်တီ့အမှားတွေအတွက် ပြုပြင်ချိန်ဟာ နောက်များ နောက်ကျနေပြီလား။ အန်တီ့ကို အမှားပြင်ဆင်ခွင့်လေးတော့ ပေးပါနော်။

♥ ♥ ♥

ဇာတ်သိမ်း

သူက သူ့ပခုံးပေါ်မှာ ခေါင်းမှီထားသည့် သူမကို ညင်သာစွာ ပြန်လည်ထွေးဖက်ထားရင်းမှ ...

"ကိုယ်တော့ အိပ်မက်,မက်နေသလိုပဲ သိလား၊ အခုဆိုရင် သည်းနဲ့မေမေလည်း ပြေလည်မှုရသွားပြီ၊ မကြာခင်မှာ သည်းနဲ့ ကိုယ်လည်း မင်္ဂလာပွဲဆင်နွှဲရတော့မယ်၊ ပျော်လိုက်တာကွာ အရမ်းပဲ၊ ပြီးတော့ ကိုယ့်အချစ်ကို ပြန်လည်လက်ခံပေးတဲ့ အတွက်လည်း သည်းကို ကျေးဇူးတင်ပါတယ်"

"သည်း ကို့ကို မမုန်းခဲ့ပါဘူး ကိုရယ်၊ သည်းဘဝမှာ ကို့တစ်ယောက်တည်းကိုပဲ ချစ်ခဲ့ဖူးတာပါ၊ ကိုနဲ့ ပေါင်းရသည်ဖြစ်စေ၊ မပေါင်းရသည်ဖြစ်စေ သည်းက ကို့တစ်ယောက်တည်းကိုပဲ ဆက်ချစ်နေမိမှာပါ"

"ကိုယ့်မှာတော့ သည်းက ပြန်မချစ်တော့ဘူးဆိုလို့ ခံစားလိုက်ရတာ"

"အဟင်း ... ဒါကတော့ သည်းက အနိုင်လိုချင်ခဲ့တာကိုး၊ ချစ်တာက ချစ်တာ၊ မာနက မာနပဲလေ"

---

**အောင်မြင့်မြတ် ၈၁၉၀**

"ဘာပဲဖြစ်ဖြစ်ပါကွာ၊ ကိုယ်ကတော့ သည်းလက်ကို ပြန်လည်ဆုပ်ကိုင်ခွင့် ရတာနဲ့တင် သေပျော်ပါပြီ"

"တကယ်လား"

"တကယ်ပေါ့၊ မယုံဘူးလား"

"ယုံပါတယ်၊ ဒါပေမဲ့ အဲဒီထက်ပိုပြီး ပျော်စရာကောင်းမယ့် ကိစ္စတစ်ခုကို မကြားချင်ဘူးလား"

"ဘာသတင်းမို့လို့လဲ၊ ကိုယ်ကတော့ သည်းနဲ့ လက်ထပ်ရမှာထက် ပိုပျော်ဖို့ကောင်းမယ့်အရာ မရှိတော့ဘူး ထင်တာပါပဲ"

"သေချာတယ်နော်"

"သေချာတယ်"

"အိုခေ ... ဒါဆို ပြောပြမယ် နားထောင်၊ စိတ်ငြိမ်ငြိမ်ထားနော်၊ တော်ကြာ ကိုပါ heart attack ရသွားမှာစိုးလို့"

သူမ စကားအဆန်းကြောင့် သူက သူမကို ရင်ခွင်ထဲကနေ ဆွဲထုတ်ကာ သူမမျက်နှာကို သူနှင့်မျက်နှာချင်းဆိုင်လိုက်သည်။ ဒီတော့မှ သူမက အလှပဆုံး ပြောပြလာတာက ...

"သည်းမှာ ကိုယ့်ရဲ့ရင်သွေးလေး အခုထိ ကျန်းမာစွာ ရှိနေတုန်းပဲ၊ ပျက်ကျသွားပြီဆိုတာ ညာတာ"

သူမစကားအဆုံး သူ့တစ်ကိုယ်လုံးက လေထဲကိုမြောက်ခနဲ လွင့်သွားသလို ခံစားလိုက်ရသည်။

သူမကို ကိုင်ထားသည့် သူ့လက်တွေတောင် တုန်ယင်လာသည် အထိပါပဲ။

"တကယ် ... သည်း တကယ်ပြောတာလား"





"တကယ်ပေါ့၊ သည်းက ကိုယ့်မေမေရဲ့ ပူလောင်နေတဲ့အတ္တကို ချွတ်ချင်လို့ ပျက်ကျသွားပြီလို့ ပြောလိုက်တာ၊ သည်းလိုချင်တာက သည်းမှာ ရင်သွေးမရှိတော့ဘဲနဲ့ ကိုယ့်မေမေဘက်က ကြည်ဖြူပေးတာကို လိုချင်တာ၊ အခု သည်းဆန္ဒ ပြည့်ဝသွားပြီလေ"

"ဟား ... သည်း ... သည်းရယ်၊ ကိုယ် ဝမ်းသာလိုက်တာ မေမေ ... မေမေသိရင် ပိုပြီးတော့ ဝမ်းသာမှာ သိလား၊ ကိုယ်တို့ မေမေ့ကို သွားပြောရအောင်နော် ... နော် ... သည်း"

"ဟင့်အင်း ... မပြောသေးဘူး"

"ဟင် ... ဘာလို့လဲ"

"သည်းနဲ့ ကိုနဲ့ မင်္ဂလာဆောင်ပြီးတော့မှ ပြောမယ်၊ ပြီးတော့ ရှေ့လထဲမှာ ကို့မေမေရဲ့ မွေးနေ့ရှိတယ်မှလား၊ အဲဒီနေ့ကျမှ မွေးနေ့လက်ဆောင်အနေနဲ့ ကိုတို့ရဲ့ မျိုးဆက်လေးကိုပေးမှာ"

"ဟာ ... သည်း ... သည်းရယ်"

သူက သူမကို မြတ်နိုးလွန်းစွာနှင့် ရင်ခွင်ထဲကို ပြန်လည်ဆွဲသွင်းကာ ထွေးဖက်ထားလိုက်လေသည်။

လောကမှာ မေတ္တာပေးရင် မေတ္တာကို ပြန်ရတယ်ဆိုတာ အမှန်ပဲဖြစ်ပါသည်။ အလျားအနံ့မရှိပေမယ့် အသွားအပြန် ရှိတာဟာ မေတ္တာတရားပါပဲ။

လောကမှာ အတ္တကင်းတဲ့လူ ဆိုတာလည်း မရှိပါဘူး။ ဒါပေမဲ့ အတ္တကို တတ်နိုင်သမျှ လျှော့နည်းအောင် လုပ်ယူလို့တော့ရပါတယ်။

အဲဒီလို အတွက်ကို ရှေ့တန်းမတင်ဘဲ လျှော့ချထားသူတို့ရဲ့ဘဝတွေဟာလည်း အခြားဘဝတွေနဲ့စာလျှင် အပူတွေလျှော့ပါးကာ အေးချမ်းမှုတွေ ထုံမွှမ်းနေမှာ အသေအချာပဲ ဖြစ်ပါတော့သည်။

လူညိုချော



# လူညိုချော

၁။ အာဒံမစ္စူးဖြစ်လိုက်တဲ့ ဝန်းဘီ၊
(အောင်သိင်္ဂီ [illegible])

၂။ ငါ့အသည်းတိုမကားနဲ့
([illegible])

၃။ ကျူးပစ်(စ်)ရဲ့ မြားနှစ်စင်း
([illegible])

၄။ အထွေထွေတိပွဲ

[illegible]

၅။ ခုတ်ထပြောဝတ်နီးနှိုး၊